# အကျွန်ုပ်တို့ သိမ်မွေ့ရှင်ဘုရားသခင်၏ ဆောင်ရွက်ချက်များ

ဘုရားသခင့်စာရိတ္တနှင့် စပ်လျဉ်း၍

နေ့သစ်တစ်ရက်၏ တင့်တယ်သောအာရုဏ်ဦးအချိန်အခါ

Jay A. Schulberg



# အကျွန်ုပ်တို့ သိမ်မွေ့ရှင်ဘုရားသခင်၏ ဆောင်ရွက်ချက်များ

## ဘုရားသခင့်စာရိတ္တနှင့် စပ်လျင်း၍
## နေ့သစ်တစ်ရက်၏ တင့်တယ်သောအာရုဏ်ဦးအချိန်အခါ

**အကြမ်းဖက်မှုကင်းသော ဘုရားတစ်ဆူအကြောင်း၊**
**ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး**
**လွဲမှားနေသည့်အယူအဆများကို စိန်ခေါ်၍**
**အသစ်သောအမြင်ကို ပေးစွမ်းမည့် လေ့လာမှု၊**

Jay A. Schulberg

မူပိုင် © 2017 Jay A. Schulberg

ကန့်သတ်တားမြစ်ချက်များ၊ အရေးကြီးဆောင်းပါးများနှင့် အစီရင်ခံစာများအတွက် ဤစာအုပ်မှ အကျဉ်းချုပ်ကိုးကားချက်များ ထုတ်ယူအသုံးပြုခြင်းမှတပါး၊ စာရေးသူ ၏ခွင့်ပြုစာမပါပဲ စာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမျှ အသုံးပြုခြင်း (သို့) ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်းနှင့် အသံသွင်းခြင်း စသည့် အီလက်ထရွန်နစ်ပညာဖြင့် ကူးယူခြင်းများ မပြုလုပ်ရ။

ကျမ်းကိုးကားချက်များမှာ King James Vesion ကျမ်းမှ ကောက်နှုတ်ကိုးကားထားခြင်းဖြစ်သည်။

ပုံနှိပ်ထုတ်ဝေသူ

Fatheroflove.info

အသံပါစာအုပ်ကို မကြာမီအွန်လိုင်းတင်ပါမည်။

ဇွန်လ ၂၀၁၉ ခုနှစ်

# မာတိကာ

သင်စဉ်းစားမိဖူးပါသလား။
၁။  အမှန်ပင်အရေးကြီးပါသလား။
၂။ ကျွန်ုပ်တို့အဖို့ပြီးပြည့်စုံသောစံ
၃။ ကျွန်ုပ်တို့၏ အသက်အရင်းအမြစ်
၄။ မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းတော်မူခြင်း
၅။ လိမ်လည်လှည့်ဖျားသူကြီး
၆။ အပြစ်ဟူသည်ကား အဘယ်နည်း။
၇။ အဘယ်ကြောင့် မာရ်နတ်ရှိနေပါသနည်း။
၈။ ဖျက်စီးတတ်သောမြွေကြီး
၉။ ယောဘခံရသောဒုက္ခများ
၁၀။ ကျမ်းစာအား အဓိပ္ပါယ်ကောက်လွဲမှားခြင်း အကြောင်းအရင်း
၁၁။ ဘုရားသခင်အား နားလည်မှုလွဲမှားခြင်း အကြောင်းအရင်း
၁၂။ ဘုရားသခင်ဖျက်စီးခြင်းပြုပုံ
၁၃။ ဘုရားသခင်၏အမျက်တော်ကား အဘယ်နည်း။
၁၄။ ဘုရားသခင် တိုက်ပွဲဆင်နွဲပုံ
၁၅။ သောဒုံနှင့် ဂေါမောရမြို့
၁၆။ ရေလွှမ်းမိုးခြင်းအကြောင်းကား အဘယ်သို့နည်း။
၁၇။ လက်ဝါးကပ်တိုင်သက်သေ
၁၈။ ဘုရားသခင်သည် အာဏာရှင်မဟုတ်ပါ။
၁၉။ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် စောင့်ထိန်းရှင်
၂၀။ ထာဝရအသက်ကို အဘယ်သို့ရနိုင်ပါမည်နည်း။
၂၁။ တရားစီရင်တော်မူခြင်းကို ကျွန်ုပ်တို့ကြောက်ရွံ့နေသင့်ပါသလော။
၂၂။ ဘုရားသခင်၏တရားစီရင်မှုသည် အဘယ်သို့ရှိသနည်း။
၂၃။ ဘုရားသခင်သည် စိတ်နှိမ့်ချတော်မူသည်။
၂၄။ ဘုရားသခင်သည် အစေခံတစ်ဦးဖြစ်သည်၊ ကျွန်သခင်တစ်ဦးမဟုတ်ပါချေ။
၂၅။ သင့်အား ဘုရားသခင်အကြွင်းမဲ့ချစ်တော်မူသည်။
၂၆။ ဘုရားသခင်၏နိုင်ငံတော်
၂၇။ စစ်မှန်သောလွတ်လပ်မှုကို ကျွန်ုပ်တို့၌ဘုရားသခင်ပေးအပ်ထားခြင်း
အကျဉ်းချုပ်အညွှန်း

နိဒါန်း

# သင်စဉ်းစားမိဖူးပါသလား။

ဘာသာစကား အသုံးအနှုန်းတွင် သဘာဝအင်အားစုများကြောင့် ဖြစ်ပေါ်လာသည့် လက်တွေ့ကျကျတားဆီးမရနိုင်သော ဘေးအန္တရာယ်တစ်စုံတစ်ရာကို ဘုရားသခင်၏လုပ်ရပ် (act of God) ဟူ၍ သုံးနှုန်းခေါ်ဆိုထားသည်။ ဤစကားစုကို အာမခံပေါ်လစီများတွင် မကြာခဏ ထည့်သွင်းအသုံးပြုလေ့ရှိသည်။ ကျွန်ုပ်တို့ ကမ္ဘာကြီးပေါ်တွင် ဖြစ်ပျက်နေသည့် ဆိုးသောအမှုများအတွက် ဘုရားသခင် တာဝန်ရှိသည် ဟူသောအယူအဆကို ကျွန်ုပ်တို့ဘယ်ကရလာကြသနည်း။ လေဆင်နှာမောင်းများ၊ မြေငလျင်လှုပ်ခြင်းများ၊ ဟာရီကိန်းမုန်တိုင်းများ၊ ရေကြီးခြင်းများနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပျက်မည့်အချိန်နှင့် ဖြစ်ပျက်မည့်နေရာကို ဘုရားသခင်ထင်ရာဆိုင်းပြီး စီစဉ်ချမှတ်နေပါသလား။ ထိုအရာများ ဖြစ်ပျက်လာအောင် ဘုရားသခင်တစ်စုံတစ်ရာပြုလုပ်နေပါသလား။ မိမိဖြစ်စေလိုသည့် အကျိုးရလဒ်များ ဖြစ်ပေါ်စေခြင်းငှါ သဘာဝလောကကြီးကို ဘုရားသခင်ကြိုးကိုင်ထားပါသလား။ ကမ္ဘာပေါ်၌ဖြစ်ပွားနေသည့် ဒုက္ခဆင်းရဲခြင်းများကို တားဆီးဖို့ သူ အဘယ့်ကြောင့်မကြိုးပမ်းပဲနေသနည်း။ နောက်ဆုံးအနေဖြင့်၊ ကျမ်းစာ၌ ကျွန်ုပ်တို့ ဖတ်ဖူးသည့် အကြမ်းဖက်မှုများအတွက် ဘုရားသခင်တာဝန်ရှိခဲ့ပါသလား။ ဘုရားသခင် ကိုယ်တော်တိုင် ထိုအကြမ်းဖက်မှုများကို အားကိုးအားထားပြုနေပါသလား။

ဤမေးခွန်းများအတွက် ကျမ်းစာတွင် အဖြေပေးထားပါသည်။ သို့ရာတွင်၊ ထိုအဖြေများကိုတွေ့နိုင်ရန် အတွင်းကျကျလေ့လာမှုပြုရန်လိုပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယုံကြည်ချက်များအပေါ် စိန်ခေါ်မှုဖြစ်စေမည် ဆိုသည့်တိုင်၊ မိမိနှင့် မိမိ၏ လုပ်ဆောင်ချက်များအကြောင်းနှင့် ပတ်သက်ပြီး ဘုရားသခင်ကိုယ်တော်တိုင် အဘယ်သို့မိန့်ထားတော်မူသည်ကို ကျွန်ုပ်တို့နားထောင်လိုစိတ်ရှိဖို့လိုအပ်ပါသည်။ ကျမ်းစာ၌ဖေါ်ပြထားသည့် ဘုရားသခင်၏စာရိတ္တတော်များကို ဤစာအုပ်မှ စမ်းစစ်လေ့လာမှု ပြုလုပ်ပေးသွားပမည်။ သူ၏လုပ်ဆောင်မှုများနှင့် သူ မလုပ်ဆောင်သော အရာများတို့ကို စမ်းစစ်လေ့လာသွားဖို့ဖြစ်သည်။ သူ၏စည်းမျဉ်းများကို ကျွန်ုပ်တို့ လိုက်နာကြသည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူပြီး

သူ့အား ပြစ်မှားမိကြသည့်အခါ လူသားများကို သူအမျက်ထွက်လျက်၊ အာဏာ တော်ကို ဖီဆန်မှုပြုသူတို့အား သူအပြစ်ပေးတော်မူသည်ဟု လူအများ ယုံကြည် လက်ခံထားကြသည်။ ဤလေ့လာမှုတွင် ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်သည် ဖျက်စီးသူတစ်ဦးအနေဖြင့် ဘယ်အခါမျှ မပြုမူဖူးကြောင်းနှင့် ဖန်ဆင်းရှင်၊ စောင့်ထိန်းရှင်နှင့် ကယ်တင်ရှင်တစ်ဦးအနေဖြင့်သာ ပြုမူတော်မူ ကြောင်းကို ကျမ်းစာအထောက်အထားဖြင့် ပြသပေးဖို့ဖြစ်ပါသည်။

**အထက်မှ သက်ရောက်သောပညာမူကား၊ ရှေ့ဦးစွာစင်ကြယ်၏။ ထိုမှတပါး၊ အသင့်အတင့်နေတတ်ကြ၏။ ဖြည်းညှင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်၎င်း၊ ကောင်းကျိုးနှင့်၎င်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့် ကင်းစင်၏။ ___ ရှင်ယာကုပ်ဩဝါဒစာ ၃း၁၇**

# ၁။ အမှန်ပင် အရေးကြီးပါသလား။

ဘုရားရှင်သည် အဘယ်သို့သောသူဖြစ်သည်ကို သိရှိဖို့ အဘယ့်ကြောင့် အရေးကြီးသနည်း။ သူ့အပေါ် ကျွန်ုပ်တို့မြင်သည့် အမြင်များက အရေးကြီးပါသလား။ သူ့အကြောင်းကို တွေးတောဆင်ခြင်ခြင်းအမှုသည် အရေးကြီးသော ကိစ္စရပ်တစ်ခုပါလော။ ဤမေးခွန်းတို့၏အဖြေများကို သိရှိထားဖို့ကောင်းပါသည်။ ဘုရားသခင်နှင့် သူ့စာရိတ္တတော်အပေါ် ထားရှိသည့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းက ကျွန်ုပ်တို့၏ စာရိတ္တကို အဆုံးအဖြတ်ပေးနေလျက်ရှိပါသည်။ စာရိတ္တဟူသည် အဖိုးအထိုက်တန်ဆုံးသော အရာတစ်ခုဖြစ်သည်။

"ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်။"ဟု ယေရှုပြောခဲ့သည်။ (ယောဟန် ၁၀း၃၀)။ ခမည်းတော်ဘုရားနှင့် သားတော်ဘုရားတို့သည် ရည်ရွယ်ချက်တစ်ခု၊ စာရိတ္တတစ်ခုတည်းရှိကြသည်။ သူတို့၏ဆက်ဆံရေးမှာ သဟဇာတရှိသည်။ ယေရှုသည် ခမည်းတော်၏ "ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ပုံသဏ္ဌာန်ဖြစ်သည်။" ဟု ဟေဗြဲကျမ်းရေးဆရာက အတိအလင်းပြောထားပါသည်။ (ဟေဗြဲ ၁း၃)။ ဘုရား၏ဘုန်းတော်ဆိုသည်မှာ သူ၏ ကြီးကျယ်ခမ်းနားမှုထက်ပိုသည်။ ထိုဘုန်းကား သူ၏စာရိတ္တတော်ပင်ဖြစ်သည်။ မိမိ၌ ဘုန်းတော်ကိုပြပေးပါရန် ဘုရားသခင်အား မောရှေခွင့်ပန်သည့်အခါ၊ မောရှေ ရှေ့၌ကြွတော်မူလျက် သူ့အား မိမိ၏စာရိတ္တတော်ကို ဘုရားသခင်ကြားပြောပေးတော်မူခဲ့ပါသည်။

> ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာဂရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအကျင့်တို့ကိုဖြေလွှတ်၊ (ထွက်မြောက်ရာ ၃၄း၆-၇)

ဘုရားသခင်၏ အဖြစ်တော်အမှန်ကို သိမြင်ခြင်းအမှုသည် ကျွန်ုပ်တို့အား သူနှင့်ပြန်လည်သင့် မြတ်စေသည်။ ထိုအသိသည် အနာကို ငြိမ်းစေပြီး အသက်ကို ပေးစွမ်းသည်။ ခမည်းတော်ထံ ဆုတောင်းရင်း၊ ယေရှုမည်သို့ပြောဆိုခဲ့သည်ကို နားထောင်ကြည့်လိုက်ပါလေ။ "ထာဝရအသက်ဟူမူကား၊ မှန်သော ဘုရားသခင်

တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှု ခရစ်ကိုငင်း၊ သိကျွမ်းခြင်းတည်း။" (ယော ၁၇း၃)။ ခမည်းတော်ဘုရား၏ ရုပ်လုံး တော်ကို မိမိပြောစကားနှင့် မိမိ၏အသက်တာအားဖြင့် ယေရှုထင်ရှားစေခဲ့ပါသည်။ "သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော် ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာ ပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်၊ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။" (ယောဟန် ၅း၁၉)

ဘုရားရှင်သည် တစ်သမတ်တည်း ချစ်တော်မူတတ်၍ ဂရုဏာတော်နှင့် ပြည့်ဝကြောင်းကို ကျွန်ုပ်တို့ သိရှိလာကြသည့်အခါ၊ ချစ်ခင်ကိုးစားသော စိတ်နှလုံး များဖြင့် သူ့ထံသို့ ကျွန်ုပ်တို့ဆွဲယူခြင်းခံရကြလိမ့်မည်ဖြစ်ပါသည်။ သူသည် ပြောင်း လဲခြင်းမရှိသောကြောင့်၊ သူ၏မေတ္တာတော်နှင့် သူ၏ ကောင်းမြတ်သော အကြံ အစည်တော်ကို အာမခံအဖြစ် ကျွန်ုပ်တို့ရရှိထားကြသည်။ မာလခိ ၃း၆ တွင်၊ "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။"ဟု သူအတိအလင်းပြောထား သည်။ သူသည် ကျွန်ုပ်တို့နည်းတူ ပြောင်းလဲတတ်သူတစ်ဦး မဟုတ်ပါချေ။ မျှမျှ တတနှင့် လေးလေးစားစား ကျွန်ုပ်တို့ အဆက်ဆံခံနေရသမျှ ကျွန်ုပ်တို့၌ သနား ခြင်း၊ ချစ်ခြင်းနှင့် မှန်ကန်သည့် အတွေးများရှိနေတတ်ကြသည်။ သို့သော်၊ ရန်လို သူများနှင့် ရင်ဆိုင်လာရသည့်အခါ၊ ကျွန်ုပ်တို့ ဒေါသထွက်ပြီး လက်တုံ့ပြန်ချင် တတ်ကြသည်။ ဒေါသစိတ် (သို့) လက်တုံ့ပြန်လိုစိတ်များဖြင့် ဘုရားသခင် ဘယ်အခါမျှ တုံ့ပြန်တော်မမူပါချေ။

ယေရှုရော၊ ခမည်းတော်ပါ ပြောင်းလဲခြင်းမရှိကြောင်းကို နှုတ်ကပတ် တော်တွင် အခိုင်အမာပြောဆိုထားပါသည်။ "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင် ကာလ အစဉ်အမြဲမပြောင်းလဲနေတော်မူ၏။"(ဟေဗြဲ ၁၃း၈)။ "ထိုအဘသည် ရွေ့ လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။" (ယာကုပ် ၁း၁၇)။ ကျွန်ုပ်တို့၏သိမ့်မွေ့ရှင်ဘုရားသခင်၌ ကြမ်းကြုတ်ခြင်းမရှိကြောင်းကို လည်း အထက်ပါကျမ်းချက်များက သက်သေခံနေပါသည်။

> နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့် ၄င်း၊ သစ္စာတော်နှင့်၄င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူ သည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ။ ___ ယောဟန် ၁း၁၄

# ၂။ ကျွန်ုပ်တို့အဖို့ပြီးပြည့်စုံသောစံ

ရန်လိုတတ်သည့် ဤကမ္ဘာမြေပေါ်တွင် နေထိုင်နေရသည့်ကျွန်ုပ်တို့အဖို့ ပြီးပြည့်စုံသည့် အသက်ရှင်နည်းစံတစ်ခုကို တောင်ပေါ်ဒေသနာတရားတော်တွင် ယေရှုပေးထားတော်မူသည်။

ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကိုမုန်းလော့ ဟူသော ပညတ် စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှါ၊ သင် တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောက်ယှက်ညှဉ်း ဆဲသောသူတို့အဖို့ ဘုရားသခင်ကို ဆု တောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ မကောင်းသောသူ၏ အပေါ်၌ ကိုယ် တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ မဖြောင့်မတ် သောသူ အပေါ်၌ မိုဃ်းကိုရွာစေတော်မူ၏။ သင်တို့ကို ချစ်သောသူတို့အား သာ ချစ်တုံ့ပြန်လျှင် အဘယ်ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင် ဤမျှလောက်ပြုကြသည်မဟုတ်လော။ အဆွေအမျိုးတို့အားသာ လော ကဝတ်ပြုလျှင် အဘယ်သို့ထူးမြတ်သနည်း။ သာသနာပလူတို့ပင် ထို့အ တူပြုကြသည်မဟုတ်လော။ ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင် ခြင်း ရှိကြလော့။ (မသဲ ၅း၄၃-၄၈)

ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး ဤစာပိုဒ်တွင် ကျွန်ုပ်တို့အား အ ဘယ် အရာကိုသွန်သင်ပြထားသနည်း။ “ သင်တို့၏ ရန်သူတို့ကို ချစ်လော့။”ဟု ယေရှု မှာကြားထားခဲ့သည်။ တဆက်တည်းမှာပင်၊ “သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှါ၊” ဟု သူမိန့်တော်မူခဲ့ပြီး၊ “ကောင်း ကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့

သည်လည်း စုံလင်ခြင်းရှိကြလော့။"ဟူ၍ သူအဆုံးသတ်ထားခဲ့ပါသည်။ ကောင်းကင်ဘုံ၌ ရှိသောအဘနည်းတူ မိမိရန်သူတို့အား ပြုမူဆက်ဆံကြဖို့ ကျွန်ုပ်တို့အား ယေရှုပြောဆိုနေခြင်းဖြစ်သည်။ တောင်ပေါ်မင်္ဂလာတရားတော်၌ ချပြထားသော နည်းဥပဒေသများကို ခံယူရရှိနိုင်မည့်တစ်ခုတည်းသော နည်းလမ်းမှာ ၎င်းတို့အား ဘုရားရှင်ကိုယ်တော်တိုင်ထံမှ တိုက်ရိုက်ဆင်းသက်လာသည့် နည်းဥပဒေသများဖြစ်ကြောင်းကို သိမှတ်နားလည်ခြင်းပင်ဖြစ်သည်။ ထိုအချက်ကို ကျွန်ုပ်တို့အား ယေရှုနားလည်စေလိုသည်။

ရန်သူများအား အဘယ်သို့ပြုမူဆက်ဆံရမည်ဆိုသည့် ကျွန်ုပ်တို့အဖို့ ပြီးပြည့်စုံသောစံတစ်ခုကို ယေရှု၏အသက်တာတွင် တွေ့ရှိရပါသည်။ မိမိအား ပြစ်မှားသောသူတို့ကို သူတစ်ကြိမ်တစ်ခါမျှ လက်တုန့်မပြန်ခဲ့ပါချေ။ သစ္စာအဖေါက်ခံရပြီး အဖမ်းခံခဲ့ရသည့်အချိန်မှစ၍ ကားတိုင်ပေါ်ရိုက်ထားခြင်း ခံခဲ့ရသည့် အချိန်အထိပင်၊ မိမိအား ညှဉ်းဆဲသူများတို့အဖို့ ဆုတောင်းပေးခဲ့ခြင်းဖြင့် မေတ္တာတရား တစ်မျိုးတည်းကိုသာ ယေရှုပြသသွားခဲ့ပါသည်။ "အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ။" (လုကာ ၂၃း၃၄)

ယေရှုအား ရှမာရိရွာတစ်ရွာမှ ငြင်းပယ်ခဲ့သည်ဖြစ်ရာ၊ ထိုရွာအား မီးဖြင့် ဖျက်စီးပစ်သင့်သည်ဟု တပည့်တော်များဖြစ်သော ယာကုပ်နှင့် ယောဟန်တို့ တွေးမိခဲ့ကြသည်။ "သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှ မီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှါ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည် လူတို့၏အသက်ကိုသတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါ ကြွလာတော်မူသည်ဟု ဆုံးမပြီးမှ၊" (လုကာ ၉း၅၄၊ ၅၅)

ဘုရားသခင်သည် အဘယ်သို့သောသူဖြစ်ကြောင်း သိရှိနိုင်မည့် အကောင်းဆုံးနည်းလမ်းမှာ ယေရှု၏အသက်တာကိုလေ့လာခြင်းပင်ဖြစ်သည်။ မည်သူကိုမျှ ယေရှုမသတ်ခဲ့ပါ။ သတ်ဖို့ရန်လည်း ခြိမ်းခြောက်တော်မမူခဲ့ပါ။ အဘယ်သူကိုမျှ ယေရှု နာကျင်မှုမပေးခဲ့ပါ။ အဘယ်သူကိုမျှလည်း စီရင်တော်မမူခဲ့ပါ။ မိမိတို့အား ခမည်းတော်ကို ပြပေးပါမည်အကြောင်း တပည့်တော်များကိုယ်စား ဖိလိပ္ပု တောင်းဆိုလိုက်သည့်အခါ အောက်ပါအတိုင်းယေရှုပြန်ပြောခဲ့ပါသည်။

ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည်ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုသနည်း။ ငါသည် ခမည်းတော်၌ ရှိသည်ကိုင်၎င်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုင်၎င်း မယုံသလော။ ငါဟောပြောသော စကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကား ငါ၌တည်နေတော်မူသောခမည်းတော်သည် ပြုတော်မူ၏။ (ယောဟန် ၁၄း၉-၁၀)

ဘုရားတရားပိုင်းဆိုင်ရာ ရှိရင်းစွဲအခြေအနေအပေါ် စိန်ခေါ်မှုပြုသွားမည့် လေ့လာမှုတစ်ရပ်ကို ကျွန်ုပ်တို့အစပြုကြတော့မည်ဖြစ်ရာ၊ ယေရှု၏နှုတ်ထွက်စကားများနှင့် သူ၏စုံလင်သောပုံသက်သေကို ကျွန်ုပ်တို့ ရှေ့ဦးစွာ နှလုံးသွင်းထားကြပါစို့။

# ၃။ ကျွန်ုပ်တို့၏အသက်အရင်းအမြစ်

ဘုရားသခင်သည် တစ်သမတ်တည်းချစ်တော်မူသော ဘုရားဖြစ်သည် ဆိုသည့် အမှန်တရားကို သက်သေပြထားပေးသည့် ပဏ္ဍာမအုတ်မြစ်တချို့တို့နှင့်အတူ ယေရှုသွန်သင်ထားသည့် နည်းဥပဒေသများနှင့် ဆန့်ကျင်သယောင်ဖြစ်နေသည့် ကျမ်းစာတွင်ဖော်ပြထားသော ဘုရားသခင်၏အပြုအမူများကို ကျွန်ုပ်တို့ စမ်းစစ်လေ့လာကြတော့မည်ဖြစ်သည်။ ဘုရားသခင်၏အကျင့်နှင့် အကြံအစည်များဆိုင်ရာ နက်ရှိုင်းသည့်အတွေးအမြင်များကို ဟေရှာယကျမ်းတွင် ကျွန်ုပ်တို့တွေ့ရှိရသည်။

> ထာဝရဘုရားမိန့်တော်မူကား၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင့်တို့၏အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍မြင့်၏။ (ဟေရှာယ ၅၅း၈-၉)

ဘုရားသခင်၏ အကျင့်နှင့် အကြံအစည်များတို့သည် ကျွန်ုပ်တို့၏အကျင့်နှင့် အကြံအစည်များတို့ထက် တိုင်းတာ၍မရနိုင်အောင် မြင့်မားသာလွန်နေပါသည်။ ခိုင်မာသည့် ဤအမှန်တရားကို ဖမ်းဆုပ်မိဖို့ ကျွန်ုပ်တို့အတွက် ခက်ခဲနေတတ်ပါသည်။ မိမိကိုယ်ကို ဖြောင့်မတ်အောင်ပြုလုပ်ဖို့ ကျွန်ုပ်တို့ သန္နိဋ္ဌာန်ချကြရာတွင်၊ ဘုရားရှင်အား ကျွန်ုပ်တို့ကဲ့သို့သောသူအဖြစ် ကျွန်ုပ်တို့မြင်ယောင်မိတတ်ကြသည်။ ကျွန်ုပ်တို့ အမျက်ထွက်သလို ဘုရားသခင် အမျက်ထွက်တော်မူမည်ဟု ကျွန်ုပ်တို့ တွေးထင်မိကြသည်။ အစော်ကားခံရကြသည့်အခါ ကျွန်ုပ်တို့လက်တုံ့ပြန်တတ်ကြသလို ဘုရားသခင်လည်း လက်တုံ့ပြန်တော်မူမည်ဟု ကျွန်ုပ်တို့ထင်တတ်ကြသည်။ သို့ရာတွင်၊ ကျွန်ုပ်တို့အား အောက်ပါအတုိင်း ဘုရားသခင်မိန့်တော်မူပါသည်။

> ထိုသို့ကျင့်၍ ငါသည်တိတ်ဆိတ်စွာနေသောကြောင့်၊ ငါ့ကိုသင်နှင့်တူသည်ဟု ထင်လေပြီးတကား။ သင်၏အပြစ်ကိုဖော်ပြ၍ သင့်မျက်မှောက်၌ ခင်းထားမည်။ (ဆာလံ ၅၀း၂၁)

ကမ္ဘာကြီးအား ဖန်ဆင်းတော်မူခဲ့ရာတွင် ၎င်းအား မိမိဘာသာလည်ပတ်နေစေခြင်းငှါ ဘုရားသခင်ရည်ရွယ်တော်မမူခဲ့ချေ။ ကျွန်ုပ်တို့ကမ္ဘာကြီးအား လျစ်လျူရှုထားရန်မှာ ဘုရားသခင်၏အကြံအစည်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်ပြီး၊ ထိုသို့လစ်လျူခဲ့ပါလျှင် ကမ္ဘာပေါ်ရှိသက်ရှိများ အသက်ဆက်နိုင်ကြလိမ့်မည်မဟုတ်ပါချေ။ "ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။" (တမန်တော် ၁၇း၂၈)။ ကျွန်ုပ်တို့၏ ဝင်သက်ထွက်သက်တိုင်းကို ဘုရားသခင် စောင့်ထိန်းပေးနေလျက်ရှိပါသည်။

ဘုရားသခင်သည် သက်ရှိအပေါင်းတို့၏ အရင်းအမြစ်နှင့် စောင့်ထိန်းရှင်ဖြစ်တော်မူသည်။ သို့ရာတွင် ကျွန်ုပ်တို့ကို သူနှင့်ကွဲကွာစေခဲ့သည့် - အပြစ် - ဟုခေါ်သည့် အရာတစ်ခုရှိပါသည်။ သို့ဖြစ်လျှင် အပြစ်ကား အဘယ်နည်း။ အပြစ်ဆိုသည့်အရာကို ကျွန်ုပ်တို့ပြုမိသည့် ဆိုးသွမ်းမှုများအဖြစ် (သို့) ဘုရားရှင်၏ပညတ်တော်အား ချိုးဖေါက်ခြင်းအဖြစ် ယေဘုယျအားဖြင့် ကျွန်ုပ်တို့နားလည်ထားကြသည်။ အပြစ်ကို တိုင်းတာနိုင်သည် ဆိုသည့်သဘောမျိုးဖြစ်နေပါသည်။ ကျွန်ုပ်တို့တွင် အချို့သောသူတို့သည် အပြစ်များစွာရှိပြီး၊ အချို့တို့မှာ အပြစ်အနည်းငယ်သာရှိသည် ဆိုသည့်သဘောမျိုးဖြစ်နေပါသည်။ အမှန်မှာ၊ ကျွန်ုပ်တို့ပြုမိသည့် ဆိုးသွမ်းမှားယွင်းမှုများကား ကျွန်ုပ်တို့၏မိဦးဖဦးတို့ထံမှ ကျွန်ုပ်တို့ အမွေရထားကြသည့် ငုတ်နေသောရောဂါတစ်ခု၏ ရောဂါလက္ခဏာများသာဖြစ်ကြောင်း ကျမ်းစာတွင် လေ့လာတွေ့ရှိရပါသည်။ ထိုရောဂါသည်ကား ဘုရားသခင်သည် အတ္တဆန်သော ဘုရားဖြစ်သည် ဆိုသည့်မုသာစကားကို ယုံစားခြင်းပင်ဖြစ်ပေသည်။ မာရ်နတ်ပြောသော ဤမုသာစကားသည် ဧဒင်ဥယာဉ်တွင် လူသားမျိုးနွယ်တို့၌ကျန်ရစ်နေခဲ့ပြီး၊ ဘုရားသခင်အပေါ်ထားရှိသည့် လူသားတို့၏အမြင်ကို လွဲမှားမှုဖြစ်ပေါ်စေလျက်ရှိပါသည်။

အာဒံနှင့် ဧဝတို့ကိုဖန်ဆင်းတော်မူ၍ ဧဒင်ဥယျာဉ်၌ သူတို့အား နေရာချပေးတော်မူခဲ့စဉ်ခါက၊ သူတို့၌ ကန့်သတ်ချက်တစ်ခုကို ဘုရားသခင်ထားရှိတော်မူခဲ့ပါသည်။ တစ်ခုတည်းသော ထိုကန့်သတ်ချက်ကား၊

"ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကိုသိကျွမ်းရာ အပင်မှတပါး၊ ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်သည်

စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင်ကေန် အမှန်သေရမည်ဟု သူ့ကိုပညတ်ထားတော်မူ၏။” (ကမ္ဘာ ၂း၁၆-၁၇)

“အသက်ပင်” အား ဥယျာဉ်အလယ်၌ ဘုရားသခင် အဘယ့်ကြောင့်ထားရှိသည်ကို နားလည်ရလွယ်ကူပါသည် (ကမ္ဘာ ၂း၉)။ သို့ရာတွင်၊ ပြီးပြည့်စုံသည့် ထိုပတ်ဝန်းကျင်၌ “ကောင်းမကောင်းသိကျွမ်းရာအပင်”ကို သူအဘယ့်ကြောင့်ထားရှိခဲ့ရသည် ဆိုသည့်အချက်ပေါ် ကျွန်ုပ်တို့နားလည်ရခက်နေပါသည်။ အပင်၏အသီးကိုမစားရဟူသောပညတ်ချက်နှင့်အတူ ထိုအပင်အားထားရှိခဲ့ခြင်းအမှုသည် ပျက်စီးခြင်းကို ဖိတ်ခေါ်သောအမှုပင်ဖြစ်သည်ဟု ရုတ်တရက် ကျွန်ုပ်တို့တွေးမိနိုင်သည်။

# ၄။ မိမိ၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းတော်မူခဲ့ခြင်း

ကမ္ဘာဦးကျမ်းတွင်၊ ကျွန်ုပ်တို့၏အမွေအနှစ်ကို တွေ့ရှိရပါသည် - "တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။...ထို သို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊" (ကမ္ဘာ ၁း၂၆-၂၇)။ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခြင်း အနက်ကား အဘယ်သို့နည်း။ ဘုရားသခင်၏ပုံသဏ္ဍာန်ကား အဘယ်နည်း။ ဘုရားသခင်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကျွန်ုပ်တို့သိလျှင် ထိုသခင်၏ပုံသဏ္ဍာန်ကို ကျွန်ုပ်တို့သိမြင်လာရပါလိမ့်မည်။ ရှင်း လင်းသည့် ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၁ ယော ၄း၈ တွင် တွေ့ရပါသည်။ "ဘုရား သခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။" ဘုရားရှင်အကြောင်းကို ဖော်ပြထား သည့် အခြားသောဖော်ပြချက်များတို့သည် ဤအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ညီညွတ်မှု ရှိရမည်။ ထို့ကြောင့်၊ ဘုရားသခင်သည် စုံလင်တော်မူသည်နည်းတူ ထိုသခင်၏ မေတ္တာသည်လည်း အတ္တကင်းရှင်းသဖြင့် စုံလင်ခြင်းရှိတော်မူသည်ဟု လက်တွေ့ ကျကျ ကျွန်ုပ်တို့ကောက်ချက်ချနိုင်ပါသည်။ ထို့အပြင်၊ သူ၌ ပြောင်းလဲခြင်းကင်း သည်နည်းတူ သူ၏မေတ္တာသည်လည်း ပြောင်းလဲခြင်းကင်းရမည်ဖြစ်သည်။

ကျွန်ုပ်တို့အား ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသည်မှန် လျှင်၊ မေတ္တာတရားကို တွေ့ကြုံခံစားနိုင်ရန် ကျွန်ုပ်တို့အား ဘုရားရှင်ဖန်ဆင်းခဲ့ရ လိမ့်မည်ဖြစ်သည်။ မေတ္တာဟူသည် အမိန့်ပေး၍မရသောအရာ (သို့) ချုပ်ချယ်၍မရ သောအရာဖြစ်သည်။ ဘ(စ်)ကားတစ်စီးပေါ် တက်လာပြီး၊ မိမိအပေါ် မေတ္တာထား ကြရန် ခရီးသည်များအား သေနတ်နှင့်ရွယ်ပြီးအမိန့်ပေးနေသည့် မေတ္တာငတ်နေသူ တစ်ဦးကို သင်မြင်ယောင်ကြည့်လိုက်ပါလေ။ ဤနည်းလမ်းမျိုးဖြင့် မေတ္တာကို ရယူ နိုင်ပါလိမ့်မည်လော။

မိမိအရွေ့ရောက်သည်နှင့် "မင်းကိုငါချစ်တယ်။" ဟု အလိုလိုစကားပြော တတ်မည့် ကွန်ပျူတာပရိုဂရမ်ဖြင့် ထိန်းချုပ်ရသော စက်ရုပ်တစ်ရုပ်ကို တီထွင်ပြီး မေတ္တာတရားကို ကျွန်ုပ်တို့ရယူကြရမည်ဆိုပါစို့။ ဤအခြေနေတွင်၊ စိတ်ကျေနပ်မှု ကို ပေးစွမ်းနိုင်သည့် မေတ္တာတရားစစ်၌ အခြေခံသော ဆက်ဆံရေးမျိုး ပေါ်ထွက်လာနိုင်ပါလိမ့်မည်လော။ မေတ္တာကို ရယူရာတွင် ကျွန်ုပ်တို့အဖို့ အသုံးမ

တည့်နိုင်သည့် ဤသို့သောနည်းလမ်းများက ဘုရားသခင်ဖို့ အဘယ်သို့အသုံးတည့်နိုင်ပါလိမ့်မည်နည်း။

ဒေင်ဥယျာဉ်နှင့် ရှုပ်ထွေးသောတားမြစ်သစ်ပင်အကြောင်းကို ပြန်လေ့လာကြည့်ကြပါစို့။ ထိုသစ်ပင်ကို ဘုရားသခင် ထားရှိတော်မမူခဲ့ပါလျှင်၊ ဘုရား သခင်ချစ်တော်မူသည်နည်းတူ လူသားများချစ်တတ်လာဖို့အတွက် ဖြစ်နိုင်ခြေရှိပါလိမ့်မည်လော။ မေတ္တာကို ရယူလိုလျှင်၊ ထိုမေတ္တာအား လွတ်လပ်စွာပေးကမ်းဖို့လိုပါသည်။ ထိုသို့ လွတ်လပ်စွာပေးကမ်းနိုင်ဖို့ရန်အတွက်ဆိုလျှင် ကျွန်ုပ်တို့၌ မချစ်ပဲလည်းနေနိုင်သည့် လွတ်လပ်ခွင့်မျိုးရှိရမည်ဖြစ်သည်။ မေတ္တာစစ်ဟူသည် ရွေးချယ်မှု တစ်ခုပင်ဖြစ်သည်။ ထိုမေတ္တာကို အမိန့်ပေးအကျပ်ကိုင်၍ မရနိုင်ပါချေ။

ဘုရားသခင်အား မချစ်ခင်မကိုးစားပဲနှင့်လည်း နေနိုင်သည်ဆိုသည့် လွတ်လပ်ခွင့်ကို ကျင့်သုံးနိုင်မည့် လက်ဆုပ်လက်ကိုင်ပြစရာ အခွင့်အလမ်းတစ်စုံတစ်ရာမျှမပါမရှိပဲနှင့် ကျွန်ုပ်တို့မိဦးဖဦးတို့အား ဘုရားရှင်ဖန်ဆင်းပေးခဲ့လျှင်၊ ဘုရားသခင်ချစ်တော်မူသည်နည်းတူ သူတို့ ချစ်ခွင့်ရှိကြလိမ့်မည်မဟုတ်ပါချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်အရင်းအမြစ်ဖြစ်သည်နည်းတူ ကျွန်ုပ်တို့၏ မေတ္တာအရင်းအမြစ်လည်းဖြစ်တော်မူသည်။ အသက်နှင့် မေတ္တာတို့ကို ခွဲထုတ်၍ မရနိုင်ပါချေ။ ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံထားရသည့်အဖြစ်က ကျွန်ုပ်တို့အား မိမိတို့၏ဖန်ဆင်းရှင်နှင့် အကြွမ်းဝင်သောမိတ်ဆွေတစ်ဦး ဖြစ်လာနိုင်သည့်အလားအလာကို ပေးစွမ်းထားပါသည်။

အပင်၏အသီးကိုမစားရဟူသော ကန့်သတ်ချက်နှင့်အတူ ထိုကောင်းမကောင်းသိကျွမ်းရာအပင်အား ဥယျာဉ်အလယ်၌ ဘုရားသခင်ထားရှိတော်မူခဲ့ရာတွင် တဖက်သတ်ဆန်သည့် စမ်းသပ်မှုတစ်ခုအနေဖြင့် ထားရှိတော်မူခဲ့ခြင်းမဟုတ်ပဲ၊ မိမိအား လူသားများကျောခိုင်းသွားနိုင်သည်ကို သိလျှက်ပင် အရဲစွန့်လျက်လူသားတို့၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို မိမိအလွန်တရာတန်ဖိုးထားကြောင်းကိုယ်တော်သက်သေထူတော်မူခဲ့ပါသည်။ ဥယျာဉ်အလယ်၌ တားမြစ်သစ်ပင်အားဘုရားရှင်ထားရှိတော်မူခဲ့ခြင်း၏ ရည်ရွယ်ချက်ကို ကျွန်ုပ်တို့နားလည်သွားလျှင်၊ သူ့အား အတ္တဆန်သောအာဏာရှင် တစ်ပါးအဖြစ် ကျွန်ုပ်တို့ စွပ်စွဲပြောဆိုကြလိမ့်မည်မဟုတ်ပါချေ။ မည်သို့ပင်ဖြစ်စေကာမူ၊ ဘုရားရှင်အား ထိုသို့စွပ်စွဲပြောဆိုရန် အသင့်ဖြစ်နေသူတစ်ဦးရှိနေခဲ့ပါသည်။

# ၅။ လိမ်လည်လှည့်ဖြားသူကြီး

မြွေသည် ထာဝရအရှင်ဘုရားသခင်ဖန်ဆင်းတော်မူသော မြေတိရိစ္ဆာဆန် တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကို မစားရဟု ကေန်စင်စစ် ဘုရားရှင်မိန့်တော်မူသလောဟု မေး၏။ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကို စားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကိုကား၊ သင်တို့သည် မကိုင်မစားပဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်၊ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင် သိတော်မူသည်ဟု မိန်းမအားဆို၏။ ကမ္ဘာဦးကျမ်း ၃း၁-၅ (အဓိကကိုးကားချက်)

ရှေ့ဦးစွာ၊ စကားပြောသော၍မြွေကြီး၏ ထင်ရှားသောလက္ခဏာရပ်ကို စီစစ်ကြည့်ကြပါစို့။ ထိုမြွေကား မည်သူနည်း။ “ထိုအခါ ဤလောကတစ်နိုင်ငံလုံးကိုလှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကိုင်၄၊ သူနှင့်အတူ သူ၏တမန်တို့ကိုင်၄၊ မြေကြီးသို့ချလိုက်ကြ၏။” (ဗျာဒိတ် ၁၂း၈၊ ၉)။ ဧဝအား စကားပြောနေခဲ့သည့်မြွေမှာ လိမ္မာပါးနပ်သည့် သာမန်မြွေတစ်ကောင်မဟုတ်ပဲ၊ လိမ်လည်လှည့်ဖြားသူကြီးတည်းဟူသော စာတန်ကိုယ်တိုင်ပင် ဖြစ်နေလေသည်။

သိမ်မွေ့သည့်ယုံတမ်းစကားတို့ဖြင့် ထိုမြွေကြီးသည်၊ အာဒံနှင့်ဧဝတို့အား ဘုရားသခင်လိမ်လည်နေကြောင်းနှင့် သူတို့ရှေ့မှ ကောင်းသောအရာများကို ဘုရားသခင်ထိန်ပုက်ထားကြောင်း စွပ်စွဲပြောဆိုခဲ့ပါသည်။ ထို့အပြင်မကသေး၊ ထိုအသီးကိုယူစားလျှင် သူတို့၏မျက်စိများ ပွင့်လင်းလာလိမ့်မည်ဖြစ်ပြီး “ကောင်းမကောင်း

ကိုသိလျက်၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြ”လိမ့်မည်ဟု သူဆက်လက်ပြောဆိုခဲ့သည်။ အဘယ်သူအား ဝေနာခံခဲ့သနည်း။ ဘုရားလော၊ စာတန်လော။

> ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်းစား၏။ ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်ဖို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။ နေဝသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသောအသံကို လူလင်မယားတို့သည်ကြားလျှင်၊ အထံတော်မှလွတ်ခြင်းငှါ၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည်အဘယ်မှာရှိသနည်းဟု လူ ကိုခေါ်တော်မူ၏။” (ကမ္ဘာဦးကျမ်း ၃း၆-၉)

တားမြစ်သစ်ပင်၏အသီးကို အာဒံနှင့် ဧဝတို့စားသုံးခဲ့မိရာ၊ သူတို့၏ မျက်စိများပွင့်လင်း၍ (သူတို့မဝံ့မရဲဖြစ်လာခဲ့ကြ၍)၊ ဘုရားသခင်ရှေ့တော်မှ ပုန်းကွယ်ခြင်းငှါ သူတို့ နေရာရှာခဲ့ကြသည်။ ဘုရားသခင်၏တုံ့ပြန်မှုကား အဘယ်သို့ရှိခဲ့ပါသနည်း။ သူတို့အား သူလာရှာခဲ့ပါသည်။ သူ၏ပထဦးဆုံးသောစကားမှာ၊ “သင်သည်အဘယ် မှာရှိသနည်း။”ဟူ၍ပင်ဖြစ်ပါသည်။ မိမိနှင့်ကင်းကွာသွားသည့် မိမိ၏ သားသမီးများနှင့် ပြန်လည်သင့်မြတ်ရေးကို ဘုရားသခင်ရှာဖွေနေခဲ့ခြင်းဖြစ်သည်။

> လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း။
>
> \- ယေရှု (ရှင်လုကာ ၁၉း၁၀)

# ၆။ အပြစ်သည်ကား အဘယ်နည်း။

'အပြစ်သည်ကား အဘယ်နည်း။' ဆိုသည့်မေးခွန်းဘက်သို့ တဖန်လှည့်ပြန်လာခြင်းဖြစ်သည်။ အပြစ်၏ မှန်ကန်သည့်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှာတွေ့နိုင်ရန်၊ ရှေ့ဦးစွာ "ကောင်းမကောင်းသိကျွမ်းရာအပင်" ၌ ဖြစ်ပျက်သွားခဲ့သည့် အမှားအယွင်းများကို တိတိကျကျဖေါ်ထုတ်နိုင်ဖို့ အရေးကြီးသည်။ ကမ္ဘာ ၃း၆ တွင်၊ ထိုအပင်၌ နှစ်သက်ဖွယ်ရာအချက်သုံးချက်ကို ဧဝ တွေ့ရှိခဲ့ပါသည်။

၁။ "ထိုအပင်သည် စားဖွယ်ကောင်းခြင်း။" - ထိုအပင်၏အသီးအား စားသုံးဖို့ တားမြစ်ခြင်းမရှိခဲ့ပါလျှင် ထိုစကားမှန်နေပေလိမ့်မည်ဖြစ်သည်။ ထိုအသီးတွင် မည်သည့်ပြဿနာမျှ မရှိခဲ့ပါချေ။ ပြဿနာမှာ ထိုအသီးအား ကောင်းသောအသီးအဖြစ် လူမိန်းမ မြင်နေခြင်းပင်ဖြစ်ပေသည်။

၂။ ထိုအပင်သည် "အဆင်းလှခြင်း။" - ဥယျာဉ်ထဲ၌ ဘုရားရှင်ဖန်ဆင်းသမျှတို့သည် ပြည့်စုံလှပနေခဲ့ပါသည်။ ထို့ကြောင့် ထိုအပင် "အဆင်းလှ"နေခြင်းဖြစ်သည်။ ထိုသစ်ပင်၌ နှစ်သက်ဖွယ်အချက်နောက်တစ်ခုကို မိန်းမမြင်တွေ့ခဲ့သည်။

၃။ "ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်း။" - အမှန်ပင်လော။ ဤအပင်၌ ပညာတိုးပွားစေသောအရည်အသွေးများ ရှိနေပါသလား။ မြွေပြောသောစကား မှန်ကန်ပါသလား။ ကောင်းမကောင်းသိကျွမ်းနိုင်သည့်ဉာဏ်သည် အမှန်ပင် နှစ်သက်ဖွယ်ကောင်းပါသလား။ ထိုဉာဏ်ကိုရခြင်း၏ အဓိပ္ပါယ်ကား အဘယ်သို့နည်း။ သတင်းအချက်အလက်များကို ရရှိရုံသက်သက်မျှသာလော။

ထိုအခန်းငယ်၏အဆုံးပိုင်းတွင်၊ "မိန်းမသည်မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍၊ သူသည်လည်းစား၏။" ဟူ၍အဆုံးသတ်ထားပါသည်။ ဤသည်ကို လူသားတို့ ပထမဦးဆုံးပြုမိခဲ့ဖူးသော ဒုစရိုက်အပြစ်ဟူ၍ ယေဘုယျအား ဖြင့် နားလည်ထားရပါသည်။ သို့ရာတွင် အပြစ်ကား အဘယ်နည်း။

အသီးကို ယူစားခြင်းက အရင်နေရာကျသလော (သို့) ဘုရားရှင်၏ အကြောင်း လိမ်လည်ထားသည့် မြွေ၏မုသာကို ယုံခြင်းက အရင်နေရာကျသလော။

ကောင်းသောအမှု တစ်စုံတစ်ရာကိုမျှ မမြင်နိုင်အောင် တကိုယ်ကောင်း ဆန်စွာဖြင့် ဘုရားရှင်ထိန်ပှက်ထားသည်ဟု ပြောဆိုခဲ့သည့် မြွေ၏မုသာစကားကို ဧဝယုံစားခဲ့မိသည့်အချိန်တွင် ပြဿနာအစပြုခဲ့ခြင်းဖြစ်သည်။ အပြစ်ဟူသည် အပြုအမူထက်ပိုပါသည်။ အပြုအမူမတိုင်မီ ရောဂါစွဲနေသည့်စိတ်အခြေအနေ တစ်ခုက အရင်နေရာကျပါသည်။ စိတ်ဖြင့် ဘုရားသခင်အား အတ္တသမားအဖြစ် တွေးထင်မိပြီး သူ့အပေါ် မယုံသင်္ကာဖြစ်ခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

အပြစ်ကို ရောဂါတစ်ခုနှင့် ခိုင်းနှိုင်းနိုင်သည်။ ရောဂါတစ်ခုတွင် ၎င်းအား ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားတစ်စုံတစ်ရာ ရှိစမြဲဖြစ်သည်။ ဥပမာ ဘက်တီးရီးယားပိုးကူးစက်ခံရခြင်း၊ (သို့) ဇီဝဖြစ်စဉ်ကမောက်ကမဖြစ်ခြင်း၊ (သို့) ခန္ဓာကိုယ်ခုခံစွမ်းအားစနစ် ကျဆင်းခြင်း၊ စသည်တို့ဖြစ်နိုင်သည်။ ဤအခြေခံအ ကြောင်းတရားတစ်စုံတစ်ရာကြောင့်၊ တစ်ခု (သို့) တစ်ခုထက်ပိုသော ရောဂါလက္ခ ဏာများ - ကိုယ်အပူတက်ခြင်း၊ ပျို့အန်လိုခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မူးဝေခြင်း၊ နုံးချိနေခြင်း၊ စသည်တို့ - ဆက်လက်ဖြစ်ပေါ်လာသည်။ အပြစ်ကိုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားကား ဘုရားသခင်အကြောင်း လိမ်လည်ပြောဆိုထားသော မုသာစကားကို ယုံစားခြင်းပင်ဖြစ်ပေသည်။ ရလဒ်မှာ၊ အတ္တကင်းသည့် မေတ္တာ ရှင်ထံပါးမှ ကျွန်ုပ်တို့အဆက်ပြတ်သွားရကြလေတော့သည်။ အပြင်ပိုင်းအပြစ်များ (ရောဂါလက္ခဏာများ) တို့မှာ၊ ဘုရားသခင်သည် အတ္တဆန် သောဘုရားဖြစ်သည် ဆိုသည့်မုသာစကားကို ယုံစားမိခြင်း (ရောဂါဖြစ်စေသည့်အကြောင်းတရား) ကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်များသာဖြစ်ပါသည်။ ကျမ်းပြုဆရာဖါရိရှဲများတို့နှင့် ပြောဆိုဆွေးနွေးခဲ့ရာတွင် အပြစ်ဆိုသည့်အရာကို ကုစားမှုလိုအပ်နေသည့် ရောဂါ တစ်ခုအဖြစ် ယေရှုတင်စားအသုံးပြုခဲ့ပါသည်။

> ထိုသို့ အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူစားတော်မူသည်ကို ကျမ်း ပြုဆရာဖါရိရှဲတို့သည်မြင်လျှင်၊ ဤသူသည် အခွန်ခံသောသူ၊ ဆိုးသောသူ တို့နှင့်အတူ အဘယ်ကြောင့်စားသောက်သနည်းဟု တပည့်တော်တို့အား ဆိုကြ၏။ ယေရှုသည် ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည် ဆေး

သမားကိုအလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါ ငါလာသည်မဟုတ်၊ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ ငါလာသတည်းဟု မိန့်တော်မူ၏။ (မာကု ၂း၁၆-၁၇ - အဓိကကိုးကားချက်)

အပြစ်သည် လူကိုအသက်သေစေသည်။ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်တို့အား သက်ရှိအပေါင်းတို့၏ အရင်းအမြစ်ဖြစ်သော ဘုရားသခင်နှင့် ကွဲကွာစေသောကြောင့်ဖြစ်သည်။ ဤကွဲကွာမှုတွင် ဘုရားဘက်မှ ကွဲကွာအောင်ပြုလုပ်ခြင်းမဟုတ်ပဲ ကျွန်ုပ်တို့လူသားများဘက်မှ ကွဲကွာအောင် လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အာဒံနှင့်ဧဝတို့အနေဖြင့် စာတန်ထက် ဘုရားသခင်ကို ပိုမိုကြောက်ရွံ့နေခဲ့ကြသည်။ အပင်၏အသီးကို ယူစားခဲ့ကြပြီးနောက်၊ "အထံတော်မှလွတ်ခြင်းငှါ၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။"ဟု ကျမ်းစာတွင်ဖော်ပြထားသည်။ (ကမ္ဘာဦးကျမ်း ၃း၈)။ ထိုနေ့မှစ၍ သိမ်မွေ့ရှင်ဘုရား သခင်အထံတော်မှလွတ်ခြင်းငှါ ကျွန်ုပ်တို့ပုန်းရှောင်နေခဲ့ကြပါသည်။

တားမြစ်သစ်ပင်၏အသီးကို မယူစားဖို့ အာဒံနှင့် ဧဝတို့အား သတိပေးတော်မူခဲ့သည့်နေ့တွင် "စားသောနေ့တွင် သင်တို့ကို ငါအသေသတ်မည်"ဟု သူတို့အား ဘုရားသခင်မပြောခဲ့ကြောင်း ကျွန်ုပ်တို့ ကောင်းစွာ မှတ်မိနေမည်ဖြစ်သည်။ "စားသောနေ့၌ ဧကန်အမှန်သေရမည်"ဟု မိန့်တော်မူခဲ့ခြင်းဖြစ်သည်။ အပင်၏အသီးကို လူယောကျာ်းနှင့် သူ၏ဇနီးသည်တို့ ယူစားခဲ့ကြပြီး မိမိတို့ကိုယ်ကို မိမိတို့၏အသက်အရင်းအမြစ်ထံမှ သူတို့အဆက်ဖြတ်လိုက်ကြသည့်နေ့မှစ၍ သူတို့အထဲတွင် သေခြင်းတရား အစပြုဖြစ်ပေါ်လာခဲ့လေတော့သည်။ လူကိုအသက်သေစေသည့်အရာမှာ ဘုရားသခင်မဟုတ်ပဲ၊ အပြစ် (ဘုရားသခင်သည် အတ္တကြီးပြီး အားကိုးယုံကြည်စရာမကောင်းပါဆိုသည့် မုသာစကားကို ယုံစားခြင်း) ပင်ဖြစ်ပေသည်။ "အပြစ်တရား၏အခကား သေခြင်းပေတည်း။" (ရောမ ၆း၂၃)။ အပြစ်လုပ်ငန်းထဲတွင် ဘုရားရှင်ပါဝင်ပတ်သက်ခြင်းမရှိပါချေ။ ထိုအပြစ်တရား၏ အခကိုလည်း သူသတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ခြင်း မဟုတ်ပါချေ။

တားမြစ်သစ်ပင်၏ အသီးကို စားပြီးသည်နောက်၊ ကောင်းမကောင်း သိကျွမ်းနိုင်သည့်ဉာဏ်ကို အာဒံနှင့် ဧဝတို့ သိသိသာသာရရှိသွားခဲ့ကြသည်။ မိမိတို့

ကိုယ်ကိုသော်၎င်း၊ မိမိတို့သားစဉ်မြေးဆက်များကိုသော်၎င်း ကောင်းမကောင်း သိကျွမ်းလာရအောင် သူတို့ အမှတ်တမဲ့ပြုလုပ်ခဲ့မိကြသည်။ မကောင်းသောအရာတို့ကို သိကျွမ်းရသည်သာမက ထိုမကောင်းမှုများအား တွေးခေါ်ခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း၊ ၎င်း၏ကျေးကျွန်ဖြစ်လာခြင်းနှင့် ရလဒ်အနေဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းများတို့ကိုပင် သူတို့သိကျွမ်းလာခဲ့ရကြပါသည်။

လောကထဲသို့ ဝင်ရောက်လာခဲ့သည့် ရှောင်လွှဲမရနိုင်သည့်အပြစ်တရား၏ အကျိုးဆက်များကို လူသားတစ်မျိုးတည်း ခံစားခဲ့ရသည် မဟုတ်ပါချေ။ အာဒံနှင့် ဧဝ တို့၏အပြစ်ကြောင့် စတင်ဖြစ်ပေါ်လာခဲ့သည့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံများ စပ်ကြား အဆင်မပြေမှုများကို သဘာဝတရားတစ်ခုလုံးလည်း တွေ့ကြုံခံစားလာခဲ့ရသည်။ “ဤလောကတနိုင်ငံလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟု ငါတို့သိကြ၏။” (ရောမ ၈း၂၂)။ ကမ္ဘာမြေကြီးသည် လူသားများနှင့် တိရိစ္ဆာန်များအဖို့ အန္တရာယ်ရှိသော နေရာတစ်ခု ဖြစ်လာခဲ့ပါသည်။ ရေလွှမ်းမိုးခဲ့သည် နောခေတ်အချိန်မှစ၍၊ ကမ္ဘာကြီးတစ်ခုလုံးတွင် ဆိုးရွားသည့်ဥတုရာသီဘေး၊ ငလျင်ဘေး၊ မီးတောင်ဘေးနှင့် ရုတ်တရက်ဖြစ်ပွားသည့် ကပ်ဘေးများဖြစ်ပေါ်နေလျက်ရှိပါသည်။ ဖြစ်ပေါ်လာသည့် ပြင်းထန်သောသဘာဝဘေးများမှာ ဘုရားသခင်ထံမှ ဆင်းသက်လာခြင်း မဟုတ်ပါချေ။ ထိုအရာများ ရှိနေခြင်းအကြောင်းကား၊ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ကိုယ်ကို ဘုရားသခင်နှင့် အလှမ်းဝေးစေကြသောကြောင့်ဖြစ်သည်။

# ၇။ အဘယ်ကြောင့် မာရ်နတ်တည်ရှိနေသနည်း။

ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သည့် သက်ရှိဝိညာဉ်တစ်ပါး အကြောင်းကို ကျွန်ုပ်တို့ ကိုးကားဖော်ပြထားခဲ့ပြီးဖြစ်ပါသည်။ ကျမ်းစာတွင် စာတန်၊ မာရ်နတ်၊ မြွေ၊ လဝိသန်၊ နံနက်သားမိုးသောက်ကြယ် နှင့် အခြားသောအမည်အမျိုးမျိုးတို့ဖြင့် သူ့အား ခေါ်ဆိုထားသည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ရာအချိန်ကာလတစ်ခုနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်သော်၊ ယကနေ့ အနောက်တိုင်းယဉ်ကျေးမှုတွင် မာရ်နတ်၏တည်ရှိမှုကို လက်ခံယုံကြည်သူဦးရေ အလွန်ရာခိုင်နှုန်းနည်းသွားပါသည်။ ခေတ်သစ်ယဉ်ကျေးမှုတွင် စာတန်ကို လူအများစုတို့ မသိကျေးကျွန်ပြုထားကြပါသည်။ ဤအချက်နှင့် အထက်ပါခေါင်းစဉ်မေးခွန်းကို စိတ်တွင်စွဲမှတ်လျက် သမ္မာကျမ်းစာ၌ဖော်ပြထားသည့် စာတန်(ရန်သူ)အကြောင်းကို ကျွန်ုပ်တို့ လေ့လာစမ်းစစ်သွားမည်ဖြစ်သည်။

သမ္မာကျမ်းစာတွင် စာတန်အား ကျရှုံးသွားသောကောင်းကင်တမန်တစ်ပါးအဖြစ် ဖော်ပြထားသည်။ ကျရှုံးသွားသည် ဆိုသည့်အသုံးအနှုန်းက၊ စာတန်သည် မိမိ၏ဖန်ဆင်းရှင်ကို ဆန့်ကျင်ပုန်ကန်ရန်ရွေးချယ်မှုပြုခဲ့သည့် မူလအားဖြင့် အပြစ်မဲ့သတ္တဝါတစ်ပါး ဖြစ်ခဲ့ဖူးသည်ကို ရည်ညွှန်းဖော်ပြနေပါသည်။ ပြီးပြည့်စုံနေသည့် ကောင်းကင်အသိုင်းအဝန်းတစ်ခုတွင်ရှိနေစဉ်၊ ဘုရားသခင်အား စာတန်ဆန့်ကျင်ပုန်ကန်ခဲ့ခြင်းအမှုသည် နက်နဲသောအမှုတစ်ခုပင်ဖြစ်သည်။ သိသာစွာပင်၊ သူသည် ကောင်းကင်တမန်အပေါင်းတို့၏ လေးစားမှုကိုခံရပြီး သူတို့အပေါ် ဩဇာသက်ရောက်မှုရှိသည့် ရာထူးတစ်ခုကို သူပိုင်ဆိုင်ထားခဲ့ရသည်။ တနေ့တွင်၊ သူ့အထဲ၌ ထောင်လွှားခြင်းမျိုးစေ့ ပေါက်ပွားကြီးပြင်းလာခဲ့သည်။ အကျိုးဆက်အနေဖြင့် ကောင်းကင်၌ မိမိရရှိထားသည့်ရာထူးနှင့် သူမကျေနပ်နိုင်တော့ပါ။ နောက်ဆုံးတွင် ဘုရားသခင်အား လူသိရှင်ကြားဆန့်ကျင်ပုန်ကန်သည်အထိ ဖြစ်လာခဲ့သည်။

ထိုပုန်ကန်မှုတွင် စာတန်တစ်ဦးတည်း ပါဝင်ခဲ့ခြင်းမဟုတ်ပါချေ။ အများစုသော ကောင်းကင်တမန်တို့မှာ ဘုရားသခင်အပေါ်ဆက်လက်သစ္စာစောင့်သိနေခဲ့ကြသည်။ သို့ရာတွင်၊ အခြားသောကောင်းကင်တမန် အမြောက်အများတို့၏ ထောက်ခံအားပေးမှုကို စာတန်ရယူသွားနိုင်ခဲ့သည်။ စာတန်နှင့် သူ၏နောက်လိုက်များ အစပြုခဲ့သည့် ပုန်ကန်မှုစစ်ပွဲကြီးတွင်၊ လောကစစ်ပွဲများတွင်အသုံးပြုသည့်

စစ်လက်နက်များကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာလက်နက်များ ပါဝင်ခြင်းမရှိခဲ့ပါချေ။ ဤကောင်းကင်စစ်ပွဲကြီးတွင် အတ္တစိတ်ကို မေတ္တာစိတ်ဖြင့်သော်၎င်း၊ လိမ်လည်လှည့်ဖြားခြင်းကို သမ္မာတရားဖြင့်သော်၎င်း၊ လျို့ဝှက်ခြင်းကို ပွင့်လင်းမြင်သာခြင်းဖြင့်သော်၎င်း၊ ထင်ရာစိုင်းသည့်စိတ်ကို သည်းခံခြင်းစိတ်ဖြင့်သော်၎င်း၊ သံသယစိတ်ကို ယုံကြည်ခြင်းစိတ်အားဖြင့်သော်၎င်း ဘုရားသခင်တိုက်ခိုက်အနိုင်ယူသွားခဲ့ပါသည်။

ဘုရားသခင်နှင့် အဆက်ပြတ်စေခြင်းငှါ ဧဝအားစုံစမ်းရာတွင် မိမိအသုံးပြုခဲ့ဖူးသည့် နည်းစနစ်များကိုသာ၊ ကောင်းကင်ဘုံရှိ မိမိ၏ နောက်လိုက်စုဆောင်းရေးလုပ်ငန်းတွင် စာတန်အသုံးပြုသွားခဲ့သည်ဟု ကျိုးကြောင်းဆက်စပ်လျက် ကျွန်ုပ်တို့ ကောက်ချက်ချနိုင်ပါသည်။ ယခင်က ဘုရားသခင်၏ တရားရေးအပေါ် မည်သည့် ကောင်းကင်တမန်ကမျှ မေးခွန်းမထုတ်ခဲ့ဖူးကြပါချေ။ ဘုရားသခင်အပေါ် စာတန်ပြုသည့် စွပ်စွဲပြောဆိုချက်များ မှန်သည်မမှန်သည်ကို ကောင်းကင်တမန်များ ဂဃဏန မသိရသေးပါချေ။ ထိုအကြောင်းကြောင့်၊ မိမိ၏စီမံအုပ်ချုပ်မှုပုံစံကို လက်တွေ့ထုတ်ဖေါ်ပြသပေးနိုင်ရန် စာတန်အား ဘုရားသခင်အခွင့်အရေးပေးထားခဲ့ခြင်းဖြစ်ပါသည်။

ပုန်ကန်မှုအစမှာပင် မိမိ၏ရန်ဘက်အား ဘုရားသခင်အဘယ့်ကြောင့် မဖျက်စီးပစ်ခဲ့သနည်းဟူ၍ ကျွန်ုပ်တို့မေးကောင်း မေးမိကြပေလိမ့်မည်။ ထိုသို့ပြုခြင်းဖြင့် ပုန်ကန်မှု၏အရှိန်အဟုန်ကို တားဆီးနိုင်ပါလိမ့်မည်လော။ မတားစီးနိုင်သည့်အပြင်၊ ဘုရားသခင်အပေါ် စာတန်၏စွပ်စွဲပြောဆိုချက် မှန်ကန်ကြောင်း ကောင်းကင်တမန်များတို့အား အတည်ပြုပေးသလိုဖြစ်သွားခဲ့လိမ့်မည်ဖြစ်သည်။ စာတန်အား ဘုရားသခင်ဖျက်စီးခဲ့လျှင် လွတ်လပ်မှုကို ဘုရားသခင်ဆန့်ကျင်ရာရောက်မည်ဖြစ်ပြီး၊ လွတ်လပ်မှု၏အဓိပ္ပါယ် ရှင်းရှင်းကွယ်ပျောက်သွားလိမ့်မည်ဖြစ်သည်။ ဤအချက်အပြင် နောက်ထပ်အချက်တစ်ချက်ရှိနေပါသေးသည်။ ကျမ်းစာလေ့လာမှုတွင် ရှေ့အနောက်ညီညွတ်မှုရှိနိုင်မည်အကြောင်း၊ ဘုရားသခင်သည် ဖျက်စီးခြင်းအမှုကို ဘယ်အခါမျှပြုတော်မမူပဲ - အပြစ်ကသာ ဖျက်စီးမှုပြုသည်ကို - ခိုင်လုံသည့် အထောက်အထားဖြင့် ပြည့်ွန်ထားလျက်ရှိပါသည်။ နောက်ဆုံးတွင် စာတန်ဖျက်စီး ခြင်းခံရလိမ့်မည်ဖြစ်သည်။ ဤဖျက်စီးခြင်းမှာ

ဘုရားသခင်ထံမှလာသည့် ဖျက်စီးခြင်း မဟုတ်ပဲ စာတန်၏အပြစ်မှလာသည့် ဖျက်စီးခြင်းပင်ဖြစ်သည်။

တဖန် ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ အချင်းလူသား၊ တုရုရှင်ဘုရင်အတွက် မြည်တမ်းသောစကားကို မြွက်၍၊ အရှင်ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ သင်သည် ထူးဆန်းသောတံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေလည်း စုံလင်လျက်ရှိ၏။ ဒေင်အရပ်၊ ဘုရားသခင်၏ဥယျာဉ်တော်၌နေပြီ။ သင်၏ ခေါင်းပေါ်မျာ ကျောက်နီ၊ ဥဿဖရား၊ စိန်၊ မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့၊ နီလာ၊ မြ၊ ပတ္တမြား အစရှိသောကျောက်မြတ်အမျိုးမျိုးတို့ကို ဆောင် လေ၏။ ရွှေဖြင့်လုပ်သောပတ်သာ၊ ပုလွေတို့သည်လည်း၊ သင်ဘွားသော နေ့၌ပင် သင့်အဘို့ပြင်ဆင်လျက်ရှိကြ၏။ သင်သည် ဖြန့်၍ လွှမ်းမိုးသော ခေရုဗိမ်ဖြစ်လျက်၊ ငါ့အခွင့်နှင့် ဘုရားသခင်၏သန့်ရှင်းသောတောင်ပေါ်မှာ နေရာကျ၍ မီးတောက်သောကျောက်တို့တွင် သွားလာရ၏။ ဘွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ ပြုလေရာရာ၌ စုံလင်လျက်ရှိ၏။ သို့ရာတွင်၊ ကုန်သွယ်ခြင်းများပြားသောအားဖြင့်၊ အဓမ္မအမှုတို့ နှင့်ပြည့်စုံ၍ ပြစ်မှားသောအပြစ်ရောက်လေပြီ။ ထိုကြောင့်၊ ဆိုးယုတ်သော သူကဲ့သို့၊ သင့်ကိုဘုရားသခင်၏ တောင်တော်ပေါ်က ငါနှင်ထုတ်မည်။ အိုလွှမ်းမိုးသောခေရုဗိမ်၊ မီးတောက်သောကျောက်တို့အထဲက သင့်ကို ငါပယ်ရှင်းမည်။ သင်သည် ကိုယ်၌ တင့်တယ်ခြင်းအသရေကြောင့်၊ ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့်၊ သင်၏ပညာသည် ဖေါက်ပြန်လျက်ရှိလေပြီ။ ငါသည် သင့်ကို မြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု၍ ဝမ်းမြောက်စေခြင်းငှါ၊ သူတို့ရှေ့မှာ သင့်ကို ငါချထားမည်။ သင့်အပြစ်သည်များပြား၍ ကုန်သွယ်ခြင်းအဓမ္မအားဖြင့်၊ သန့်ရှင်းရာဌာနတို့ကို ညစ်ညူးစေသောကြောင့်၊ သင့်ကို မီးရှို့ဘို့ သင့်အလယ်၌ မီးကိုငါညှိမည်။ သင့်ကို မြင်သောသူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။ သင့်ကို သိသောလူအမျိုးမျိုးတို့သည် သင်၏အမှုကြောင့် မိန်းမော

တွေ့ဝေကြလိမ့်မည်။ သင်သည် ကြောက်မက်ဘွယ်ဖြစ်လိမ့်မည်။ နောက်တဖန် မပေါ်မလာရဟုမိန့်တော်မူ၏။ (ယေဇကျေလ ၂၈း၁၁-၁၉ - အဓိကကိုးကားချက်)

တုရုရှင်ဘုရင်သည် ဤဖြစ်စဉ်တွင် စာတန်ကို ကိုယ်စားပြုပါသည်။ စာတန်သည် မာန (သို့) အတ္တစိတ် တစိုးတစိမျှမပါပဲ စုံလင်စွာ ဖန်ဆင်းခြင်းခံခဲ့ရပါသည်။ မိမိကိုယ်တိုင်ပြုသောအမှုအားဖြင့် သူသည် စုံလင်ခြင်း ကင်းမဲ့သွားခဲ့ရပါသည်။ မိမိပြုမိခဲ့သောအမှုတွက် သူ၌ ဆင်ခြေပေးစရာဘာမျှမရှိခဲ့ပါချေ။ မိမိ၏လုပမှုအပေါ် သူကြွားဝါနေမိခဲ့သည်။ စာတန်ကိုဖျက်စီးမည့် "မီး"မှာ အပြင်ပိုင်းတစ်နေရာရာမှ ရောက်လာမည့်မီးမျိုးမဟုတ်ပဲ၊ စာတန်ကိုယ်တိုင်အထဲမှ ထွက်လာမည့်မီးပင်ဖြစ် ပေလိမ့်မည်ဖြစ်သည်။ ဤမီးကား သူ၏ကိုယ်ပိုင်အတ္တမီးပင်ဖြစ်ပေသည်။ သူမွေးခဲ့သော မီးကသာ သူ့အား ဝါးမျိုကျွမ်းလောင်သွားလိမ့်မည်ဖြစ်သည်။ စာတန် ကွယ်ပျောက် သွားရလိမ့်မည်ဖြစ်သည်။ - နောက်တဖန် မပေါ်မလာရဟုမိန့်တော်မူ၏။"

အိုနံနက်သားမိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်ကကျလေပြီ တကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ (ဟေရှာယ ၁၄း၁၂-၁၄ - အဓိကကိုးကား ချက်)

လူစီဖါ (စာတန်၏ မူလအမည်) ကျဆုံးခဲ့ရခြင်းအကြောင်းကား၊ မိမိကိုယ်ကို ချီးမြှောက်ရန်စိတ်အကြံ ရှိသောကြောင့်ဖြစ်သည်။ မိမိတပည့်တော်များအား ယေရှုသွန်သင်ခဲ့လေသည်မှာ၊ "အကြင်သူသည် မိမိကိုယ်ကိုချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းသို့ရောက်လတံ့။ အကြင်သူသည် မိမိကိုယ်ကိုနှိမ့်ချအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ရောက်လတံ့။" (မသဲ ၂၃း၁၂)။ လူစီဖါသည်ပင်

မိမိကိုယ်တိုင်၏နိမ့်ကျခြင်းအကြောင်းကို ဖြစ်စေခဲ့သောသူဖြစ်သည်။ "အမြင့်ဆုံး သောဘုရားကဲ့သို့ ငါ နေမည်" ဟူသော သူကိုယ်တိုင်၏ စကားများက၊ ဘုရားသခင် ၏ရာထူးအပေါ် ထားရှိသည့် သူ၏တပ်မက်စိတ်ကို ထင်ရှားပေါ်လွင်စေသည်။ (ဖန်ဆင်းခံသတ္တဝါအနေဖြင့် ဘုရားသခင်နှင့်တူနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့်) ဘုရားသခင်၏ အကျင့်စာရိတ္တတော်အား ရောင်ပြန်ဟတ်စေ ခြင်းအမှုတွင် သူလုံးဝစိတ်ဝင်စားခြင်းမရှိခဲ့ပါချေ။

ဤကျမ်းစာပိုဒ်ကို လေ့လာသုံးသပ်ကြည့်ရာတွင်၊ ကျမ်းပိုဒ်၌ဖေါ်ပြထား သည့် အတွေးအခေါ်များမှာ လူစီဖါ၏ အတွေးအခေါ်များ သက်သက်သာဖြစ်ပြီး ဘုရားသခင်၏ အတွေးအခေါ်များ လုံးဝမဟုတ်ကြောင်းကို ကျွန်ုပ်တို့မှတ်သား ထားသင့်ပါသည်။ မိမိကိုယ်ကို ချီးမြှောက်လိုသည့်အစွဲအလန်းတစ်ခုကြောင့်? ဘုရားသခင်အပေါ် အတ္တဆန်သူတစ်ဦးအဖြစ် စာတန်တွေးမိလာခဲ့ခြင်းဖြစ်သည်။

> ကောင်းကင်၌ စစ်ဖြစ်၏။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့် သူ၏တမန်တို့သည် စစ်တိုက်၍မနိုင် ကြ။ ကောင်းကင်၌လည်း သူတို့နေစရာမရှိ။ ထိုအခါ ဤလောကတနိုင်ငံ လုံးကို လှည့်ဖျား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်း တည်းဟူသော နဂါးကြီးကိုငင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုငင်း၊ မြေကြီး သို့ချလိုက်ကြ၏။ (ဗျာဒိတ် ၁၂း၇-၉)

မိမိ၏ လိမ်လည်လှည့်ဖြားခြင်းလုပ်ငန်းစဉ်အား စာတန်အစပြုလုပ်ဆောင် ခဲ့သည့် ကောင်းကင်၌ ဖြစ်ပျက်ခဲ့သည့် စစ်ပွဲကြီးအကြောင်းကို ဤကျမ်းပိုဒ်တွင် မှတ်တမ်းတင်ထားပါသည်။ သူ၏လုပ်ငန်းစဉ်မှာ ကျွန်ုပ်တို့ကမ္ဘာကြီး၏ တစ်စွန်း တစ်နေရာကိုသာ ခြယ်လှယ်ဖို့အတွက်မဟုတ်ပဲ၊ "လောကတနိုင်ငံလုံးကို" လှည့် ဖြားဖို့အတွက်ဖြစ်ပါသည်။

> ယေရှုကလည်း၊ စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကို ငါမြင်ပြီ။ (လုကာ ၁၀း၁၈)

ဤနေရာတွင် သစ္စာရှိခြင်းမှသည် ပုန်ကန်မှုထဲသို့ စာတန်အဘယ်မျှ လျင်မြန်စွာကျသွားခဲ့သည်ကို ယေရှုပြောနေခဲ့ခြင်းဖြစ်သည်။

> ကောင်းကင်ဘုံမှ စေလွှတ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်ပါလျက်၊ သင်တို့အား ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည် ထိုအရာများကို သင်တို့အား ယခုကြားပြောကြပြီ။ ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ ကြည့်ရှုစဉ်းစားချင်သော စေတနာစိတ်ရှိကြ၏။ (၁ပေ ၁း၁၂)

မိမိဘက်သို့ ကောင်းကင်တမန်အမြောက်အများတို့ကို သိမ်းသွင်းပြီး ကောင်းကင်တွင် စာတန်ပုန်ကန်မှုပြုခဲ့စဉ်အခါက၊ အဘယ်အရာများဖြစ်ပျက်နေသည် အဘယ့်ကြောင့် ဖြစ်ပျက်နေသည်ကို သစ္စာရှိကောင်းကင်တမန်များ အပြည့်အဝနားမလည်ခဲ့ကြပါချေ။ ဧဝံဂေလိသတင်းစကားသည် ထိုသူတို့ အဖို့ဖြစ်သလို၊ ကျွန်ုပ်တို့အဖို့လည်းဖြစ်ပါသည်။ လူသားများတို့အား မိမိတို့ကိုယ်ကို ဖျက်စီးခြင်းအမှုများထဲမှ ကယ်တင်အံ့သောငှါ ဤကမ္ဘာပေါ်၌ ဘုရားသခင်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကျိုးစွန့်ကြိုးပမ်းဆောင်ရွက်မှုများတို့ကို ထိုကောင်းကင်တမန်များ အလွန်အမင်း စိတ်ဝင်စားနေခဲ့ကြပါသည်။ "ထာဝရဧဝံဂေလိတရား" (ဗျာဒိတ် ၁၄း၆) သည်၊ စကြဝဠာတစ်ခုလုံးအား ဘုရားသခင်အပေါ် ထားရှိသည့် သံသယစိတ်အပေါင်းတို့မှ ထာဝရကင်းရှင်းသွားစေမည်ဟူသော အာမခံချက် တစ်ခုပင်ဖြစ်သည်။ "ထာဝရဘုရားတဘက်၌ အဘယ်သို့ကြံစည်ကြသနည်း။ အပြီးဆုံးရှုံးစေတော်မူမည်။ တဖန်နှိမ်နင်းစရာအကြောင်းမရှိ။" (နာဟုံ ၁း၉)။

> ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍၊ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ ထိုအခါ မာရ်နတ်သည် ယေရှုကို သန့်ရှင်းသောမြို့တော် သို့ဆောင်သွား၍ ဗိမာန်တော်၏အထွဋ်၌ တင်ထားပြီး

လျှင်၊ ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား သင့်အဘို့ မှာထားတော်မူသည်ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကို လက်နှင့်မစချီပင့်ကြလိမ့်မည်ဟုလာ၏။ ထိုကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကို အောက်သို့ချလိုက်တော်မူပါ ဟု လျှောက်လေ၏။ ယေရှုကလည်း သင်၏ဘုရားသခင်ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့်တော်မူ၏။ တဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငှင်း၊ ထို တိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငှင်း ပြည့်ွန်၍၊ ကိုယ်တော်သည် ငါ့ကို ညွှတ်ပြပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏။ ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ ဆုတ်လော့။ သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။ ထိုအခါ မာရ်နတ်သည် အထံတော်မှထွက်သွား၍ ကောင်းကင်တမန်တို့သည် ချဉ်းကပ်လုပ်ကျွေးကြ၏။ (မဿဲ ၄း၁-၁၁ - အဓိကကိုးကားချက်)

သွေးဆောင်သူတစ်ဦးအဖြစ် ယေရှုထံသို့ စာတန်ရောက်ရှိလာခဲ့ပြီး၊ သူ၏ ထင်ရှားသောရည်ရွယ်ချက်မှာ ဖခမည်းတော်အပေါ်ထားရှိသည့် ယေရှု၏ကိုးစားယုံကြည်မှုနှင့် အားကိုးခိုလှုံမှုများကို အဆက်ပြတ်စေဖို့ဖြစ်သည်။ ဤချဉ်းကပ်နည်းကို အသုံးပြုပြီး ဒေဝ်ဥယျာဉ်၌ ဧဝအား စုံစမ်းခဲ့ရာတွင် စာတန်အောင်မြင်မှု ရထားခဲ့ပါသည်။ မိမိ၏ဘုရားတန်ခိုးတော်ကို မိမိကိုယ်ကျိုးအဖို့ အသုံးပြုမိစေခြင်းငှါ ယေရှုအား စာတန်သွေးဆောင်ခဲ့ပါသည်။ ထိုသို့သွေးဆောင်ခဲ့ခြင်းဖြင့် လူသားတို့အား လာရောက်ကယ်တင်မည်ဟူသော ယေရှု၏ရည်ရွယ်ချက်ကို ဖျက်စီးပစ်ဖို့ စာတန်ဆုံး ဖြတ်ထားခဲ့သည်။ ယေရှုဆောင်ရွက်သွားရမည့် ဘုရားသခင်၏ အတ္တကင်းသောစိတ်သဘောအား ဖော်ပြခြင်းသာသနာလုပ်ငန်းကို တားဆီးနိုင်ရန် လှည့်ဖြားသူကြီး အသည်းအသန်ကြိုးပမ်းနေခဲ့သည်။ ထိုလုပ်ငန်းသည် စာတန်အား လိမ်လည်သူ ဖြစ်မှန်း ရုပ်လုံးပေါ်သွားစေမည့်လုပ်ငန်းတစ်ရပ်ဖြစ်သည်။

တစ်ခုသောစုံစမ်းခြင်းတွင်၊ မိမိအား ယေရှုပြပ်ဝပ်ကိုးကွယ်လျှင် ယေရှုအား “လောကီနိုင်ငံတို့”ကို ပေးအပ်သွားမည်ဟု စာတန်ကမ်းလှမ်းခဲ့ပါသည်။ “လောကီနိုင်ငံတို့”ကို အုပ်စိုးပိုင်သည့်သဘောဖြင့် ပြောဆိုလာခဲ့သည့် မာရ်နတ်၏ ပြောဆိုချက်အပေါ် ယေရှုခုခံပြောဆိုခြင်းမပြုခဲ့သည်ကို ကျွန်ုပ်တို့ မှတ်သားထားဖို့ ကောင်းပါသည်။ လူသားကို ဖန်ဆင်းတော်မူခဲ့စဉ်က၊ လူသားမျိုးနွယ်အား “မြေတပြင်လုံး”ကို ဘုရားသခင် အုပ်စိုးခွင့်ပေးထားခဲ့သည်။ (ကမ္ဘာဦးကျမ်း ၁း၂၆)။ သို့ရာတွင်၊ မိမိတို့၏ ဖန်ဆင်းရှင်အကြောင်းနှင့်ပတ်ပြီး လိမ်လည်ပြောဆိုခဲ့သည့် စာတန်၏မုသာစကားကို အာဒံနှင့် ဧဝတို့ယုံစားမိသောအခါ၊ ထိုအုပ်စိုးခွင့်ကို မာရ်နတ်၏ လက်ထဲသို့ သူတို့မဖြစ်မနေလွှဲအပ်ခဲ့ရပါသည်။ “လောကီနိုင်ငံများတို့”တွင် လှည့်ဖျားခြင်း၊ ဖိနှိပ်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် တရားမျှတမှုကင်းမဲ့နေခြင်းများကို ကျွန်ုပ်တို့တွေ့မြင်နေရသည်။ ဘုရားသခင်၏နိုင်ငံတော်တွင် မည်သည့်အချိန် (သို့) မည်သည့်အခြေအနေ၌မျှ အကြမ်းဖက်ဝါဒကို အသုံးမပြုပါချေ။ မေတ္တာ၌ အရင်းခံထားသည့် ဥပဒေထက်၊ တရားဥပဒေစိုးမိုးရေး၌သာ အဓိက မှီခိုနေသည့် ဤလောကီနိုင်ငံများတို့နှင့် ဘုရားသခင်၏နိုင်ငံတော်စပ်ကြားတွင် မည်သည့်တူညီချက်တစ်စုံ တစ်ရာမျှမရှိပါချေ။

> ယခုမှစ၍ ငါသည်သင်တို့နှင့်များစွာမပြောရ။ အကြောင်းမူကား၊ ဤလောကကို အစိုးရသောမင်းသည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌ အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။ (ယောဟန် ၁၄း၃၀)

“ဤလောကကို အစိုးရသောမင်း”မှာ စာတန်ပင်ဖြစ်ကြောင်း ယေရှု အတိအလင်း ပြောဆိုထားပါသည်။ စာတန်၏တည်ရှိမှုနှင့် ကျွန်ုပ်တို့ကမ္ဘာတစ်ခုလုံး၌ ပြန့်ကျဲနေလျက်ရှိသည့် သူ၏ဩဇာသက်ရောက်မှုကို ငြင်းဆိုမှုပြုခြင်းသည်၊ ကျွန်ုပ်တို့၏ဆင်းရဲ ဒုက္ခများအတွက် ဘုရားသခင်အား အမှတ်တမဲ့ အပြစ်ပုံချမိရာ ရောက်စေပါသည်။

> သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ (၁ ပေ ၅း၈)

ကျွန်ုပ်တို့၏ရန်သူမှာ မာရ်နတ်ပင်ဖြစ်သည်။ - ဘုရားသခင်မဟုတ်ပါချေ။

> မာရ်နတ်၏ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ (ဧဖက် ၆း၁၁-၁၂)

ကျွန်ုပ်တို့ရှိသမျှတို့သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး အလှည့်ဖြားခံထားရသည့် သားကောင်များဖြစ်ကြသည်ကို ကျွန်ုပ်တို့သိရှိလာကြသည့်အခါ၊ အခြားသောသူများတို့ကို မိမိတို့ရန်သူများအဖြစ် မြင်မိကြတော့မည်မဟုတ်ပဲ၊ ဤလှည့်ဖျားမှုကြီးအောက်တွင် ရောက်ရှိနေကြသည့် ဘဝတူ သားကောင်များအဖြစ် ကျွန်ုပ်တို့အချင်းချင်း မြင်တတ်လာကြလိမ့်မည်ဖြစ်သည်။

> သူတို့၏ ရှင်ဘုရင်မူကား၊ ဟေဗြဲဘာသာအားဖြင့် အဗဒ္ဒုန်ဟူ၍၎င်း၊ ဟေလသဘာသာအားဖြင့် အပေါလျုန်ဟူ၍၎င်း ခေါ်ဝေါ်သော အနက်ဆုံးသော တွင်းတမန်ဖြစ်၏။ (ဗျာဒိတ်ကျမ်း ၉း၁၁)

"အနက်ဆုံးသော တွင်းတမန်"ကား စာတန်ကို ရည်ညွှန်းခြင်းဖြစ်သည်။ သူ့အား အပေါလျုန်ဟူသောအမည်ဖြင့် မှည့်ခေါ်ထားရာတွင် ဟေလသ(ဂရိ)ဘာသာအားဖြင့် ဖျက်စီးသူ ဟူ၍အဓိပ္ပါယ်ရပါသည်။ စာတန်သည် ဖျက်စီးသူဖြစ်သည်။ ကျွန်ုပ်တို့၏သိမ်မွေ့ရှင်ဘုရားသခင်အား ဤနာမများနှင့် အမည်တပ်ခေါ်ဆိုခြင်းအတွက် ကျွန်ုပ်တို့အပြစ်ကင်းနိုင်ကြပါလိမ့်မည်လော။

> သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့် ပြည့်စုံစေခြင်း ငှါလာသတည်း။
>
> ___ယေရှု (ယောဟန် ၁၀း၁၀)

# ၈။ ဖျက်စီးတတ်သော မြွေကြီး

အဲဂုတ္တုပြည်သားတို့၌ ဘုရားသခင် စေလွှတ်တော်မူခဲ့သောကပ်ဆိုးများ ကို ဘုရားသခင်၏ တမင်ဖျက်စီးခြင်းလုပ်ရပ်များအဖြစ် ထင်မှတ်မိနိုင်ပါသည်။ အပေါ်ယံအားဖြင့်ကြည့်သော် ကျမ်းစာထဲတွင်ရှိသည့် ဤဖြစ်ရပ်များအား အခြားအဘယ်နည်းနှင့်မျှ အဓိပ္ပါယ်ကောက်၍မရနိုင်တော့ သလိုဖြစ်နေပါသည်။ သို့စေကာမူ၊ ရှေ့က ကျွန်ုပ်တို့ဖတ်ရှုခဲ့ရသည့် အောက်ဖော်ပြပါကျမ်းချက်ကို သင်ပြန်လည်အောက်မေ့သတိရလိုက်ပါလေ၊ "ငါ၏ အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။"(ဟေရှာယ ၅၅း၈)

ဣသရေလသားသမီးများတို့အား အဲဂုတ္တုပြည်ကျွန်ဘဝထဲမှ သွားရောက်နှုတ်ဆောင်ပေးဖို့ မောရှေအား ဘုရားသခင်တာဝန်ပေးအပ်ခဲ့ပါသည်။ သူ့အနေဖြင့် ဖါရောမင်းရှေ့မှောက်သို့ ဝင်ရောက်ရမည်ဖြစ်ပြီး တိုင်းပြည်အပေါ် မကြာမီကျရောက်လာတော့မည့် ကပ်ဘေးများအကြောင်းကို သူ့အား သတိပေးပြောပြရမည်ဖြစ်သည်။ တောတွင် မောရှေနှင့် တွေ့ဆုံတော်မူခဲ့စဉ်၊ ဖာရောမင်းရှေ့၌ မောရှေနှင့် အာရုန်တို့ ခင်းကျင်းပြသပေးရမည့် သရုပ်ပြသင်ခန်းစာတစ်ခုကို မောရှေအား ဘုရားရှင်အပ်ပေးတော်မူခဲ့ပါသည်။ ရုတ်တရက်ကျရောက်လာမည့် ကပ်ဘေးများတွင် ဘုရားသခင်၏ အခန်းကဏ္ဍကား အဘယ်သို့ရှိလိမ့်မည်ကို ထိုသရုပ်ပြသင်ခန်းစာက ရှင်ဘုရင်အား ပြသပေးသွားမည်ဖြစ်ပါသည်။

> ထာဝရဘုရားကလည်း၊ သင်၏လက်၌ အဘယ်အရာရှိသနည်းဟု မေးတော်မူလျှင်၊ လှံတံရှိပါ၏ဟု လျှောက်၏။ မြေပေါ်မှာ ပစ်ချလော့ဟု မိန့်တော်မူသည်အတိုင်း ပစ်ချသဖြင့်၊ လှံတံသည် မြွေဖြစ်၍၊ မောရှေသည် သူ့ရှေ့မှ ပြေးလေ၏။ ထာဝရဘုရားကလည်း၊ သင့်လက်ကိုဆန့်၍ သူ့အမြီးကို ကိုင်ဘမ်းလော့ဟု မိန့်တော်မူသည်အတိုင်း၊ မောရှေသည် လက်ကိုဆန့်၍ ဘမ်းမိသဖြင့်၊ သူ၏လက်၌ လှံတံဖြစ်ပြန်လေ၏။ (ထွက်မြောက်ရာ ၄း၂-၄)

လေဝိလူ အာရုန်သည် သင်၏အစ်ကိုဖြစ်သည်မဟုတ်လော။ သူသည် ကောင်းမွန်စွာပြောတတ်သည်ကို ငါသိ၏။.....သူသည်လည်း လူတို့ရှေ့မှာ သင်၏စကားပြန်လုပ်၍၊ သင်၏နှုတ်ကိုယ်စား ဖြစ်လိမ့်မည်။ သင်သည်လည်း သူ၏ဘုရားသခင်ကိုယ်စားဖြစ်လိမ့်မည်။ သင်သည် နိမိတ်သက်သေတို့ကိုပြလတံ့သော ဤလှံတံကိုလည်း၊ သင်၏ လက်၌ကိုင်ရမည်ဟု မိန့်တော်မူ၏။ (ထွက်မြောက်ရာ ၄း၁၄၊ ၁၆-၁၇)

ဘုရားသခင်၏ ကိုယ်စားလှယ်တော်အဖြစ် ဖါရောမင်းရှေ့မှောက်သို့ မောရှေ ခစားဝင်ရောက်ခဲ့သည်။ ဤသရုပ်ပြမှုတွင် ဘုရားသခင်၏ရည်ရွယ်ချက်မှာ တန်ခိုးပြဖို့အတွက် တစ်ခုတည်းမဟုတ်ပဲ၊ ဖျက်စီးသူ၏ ရုပ်လုံးအမှန်ကိုပါ ဖော်ထုတ်သွားဖို့ဖြစ်သည်။ ဘုရားသခင်၏ ကိုယ်စားလှယ်တော်အဖြစ် တောင်ဝှေးကို မိမိလက်ထဲ၌ မောရှေကိုင်မြောက်ခဲ့ရာတွင်၊ ထိုတောင်ဝှေးသည် ဘုရားသခင်၏ ထိန်းချုပ်မှု အောက်၌ရှိသော သဘာဝအင်အားများကို ပုံဆောင်ပါသည်။ ဖျက်စီးတတ်သည့် သဘာဝအင်အားစုများကို ဘုရားသခင်၏ ကွယ်ကာတော်မူသော လက်တော်ဖြင့် ထိန်းထားနေသမျှကာလ အဲဂုတ္တုပြည်အပေါ်သို့ မည်သည့်ဘေးအန္တရာယ်မျှ ကျရောက်မလာနိုင်ပါချေ။ တောင်ဝှေးအား မောရှေ ချပစ်လိုက်သည့် အခါ ထိုတောင်ဝှေးသည် မာရ်နတ်နှင့် ဖျက်စီးခြင်း၏သင်္ကေတဖြစ်သည့် မြွေတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ ဤအရာသည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက် တွင်မရှိတော့သည့်၊ ဖျက်စီးသူစာတန်၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားသော သဘာဝအင်အားစုများကို ပုံဆောင်ပါသည်။

မောရှေခေတ်မတိုင်မီ နှစ်ပေါင်းရာချီကာလ၊ (ဖအေတူမအေကွဲညီအစ်ကိုများတို့၏ ရောင်းစားခြင်းကိုခံခဲ့ရသော) ယောသပ်မှ ဖာရောမင်း၏အိပ်မက်အနက်ကို ဖွင့်ပြပေးခဲ့ပြီး နောက်ပိုင်းကာလတစ်ခုတွင် အချိန်အခါကောင်းတစ်ခုကို ဣသရေလလူမျိုးများ ပိုင်ဆိုင်ခဲ့ရကြပါသည်။ အနာဂတ်ဆိုင်ရာအိပ်မက်များအား အနက်ပြန်ဆိုပေးခဲ့ခြင်းအမှုနှင့် အစာခေါင်းပါးမည့် ခုနစ်နှစ်တာကာလအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်သင့်သည်ဟူသော အကြံပြုချက်များအတွက် ယောသပ်အား မြင့်မြတ်သောရာထူးတစ်နေရာတွင် ဖာရောမင်း ချီးမြှောက်ထားခဲ့သည်။ နွေးထွေးသည့်လက်ကမ်းကြိုဆိုမှုများကို ယောသပ်၏မိသားစုများ လက်ခံရရှိခဲ့ကြ

သည်။ ယောသပ်နှင့် ယောသပ်ကိုးကွယ်သောဘုရားကို အဲဂုတ္တုပြည်သားများ နှစ်သက်သဘောကျခဲ့ကြသည်။ ထိုစဉ်၊ ထိုပြည်အား ဘုရားသခင်ကြွယ်ဝစွာကောင်းချီးချပေးနိုင်ခဲ့သည်။ ယောသပ် သေဆုံးပြီးနောက် နှစ်ပေါင်းများစွာ ကြာညောင်းသွားသည့်အခါ၊ ယောသပ်နှင့် သူ၏ဘုရားသခင်ကို အဲဂုတ္တုပြည်သားများ မေ့လျော့သွားခဲ့ကြပြီး၊ မိမိတို့ပြည်ပေါ်၌ ကြီးပွားတိုးတက်၍ လူဦးရေပွားများလာကြသော ဣသရေလလူများတို့အား သူတို့ကျွန်ပြုခဲ့ကြပါသည်။ ဘုရားသခင်အား မိမိတို့ မလိုလားကြောင်းကို မိမိတို့၏အပြုအမူများအားဖြင့် အဲဂုတ္တုပြည်သားများ အချက်ပြခဲ့ကြသည်။ သူတို့၌ ကိုယ်ပိုင်ဘုရားများရှိနေခဲ့ကြပြီး မိမိကျွန်များတို့၏ဘုရားသခင်ကို သူတို့အသိအမှတ်မပြုလိုကြတော့ပါချေ။ ကိုယ့်သဘောအတိုင်း မိမိနှင့်အဆက်ဖြတ်လိုကြသည့် အဲဂုတ္တုလူတို့ကို ခွင့်ပြုပေးတော်မူခဲ့သည့်တချိန်တည်းမှာပင် ဘုရားသခင်အနေဖြင့် သူတို့အပေါ် ကောင်းချီးနှင့် ကွယ်ကာခြင်းများကို ပြည့်ဝစွာ ဆက်လက်မပေးစွမ်းနိုင်တော့ပါချေ။

ကပ်ဘေးများ အစပြုဖြစ်ပေါ်လာခဲ့ချိန်တွင် ဖါရောမင်းအနေဖြင့် မိမိ၏ပုန်ကန်မှုလုပ်ရပ်များကို စွန့်ပယ်လျက် ဣသရေလလူတို့အား ထွက်သွားဖို့ခွင့်ပေးခဲ့မည်ဆိုလျှင်၊ ကျရောက်လာသည့်သဘာဝအင်အားများကို ဘုရားသခင်တဖန် ထိန်းချုပ်ထားပေးနိုင်ခဲ့လိမ့်မည်ဖြစ်ပြီး၊ ကပ်ဘေးများ ရပ်တန့်သွားခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော် ခေါင်းမာသော ထိုမင်းအနေဖြင့် ထိုသို့မပြုလုပ်ပဲနေခဲ့ရာ၊ အဲဂုတ္တုပြည်မှာ ပျက်စီးခြင်းထဲ၌သာ ကျန်ရစ်နေခဲ့ရတော့သည်။ တောင်ဝှေးနှင့်မြွေအားဖြင့် ဘုရားရှင် ဖေါ်ပြပေးခဲ့သည့် ပုံဆောင်မှုသတင်းစကားကို ကျွန်ုပ်တို့ပြန်လည်စဉ်းစားသုံးသပ်ကြည့်လျှင်၊ အဲဂုတ္တုပြည်ကပ်ဘေး၌ ဘုရားသခင်၏အခန်းကဏ္ဍ အဘယ်သို့ရှိသည်ကို ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်းတွေ့မြင်ရပါမည်။

သဘာဝဘေးကြောင့်ဖြစ်ပျက်နေသည့် ပျက်စီးမှုများအတွက် ဘုရားသခင်တာဝန်မရှိကြောင်း ထောက်ပြနိုင်သည့် နောက်ထပ် အထောက်အထားတစ်ခုကို ဓမ္မရာဇဝင်တတိယစောင်တွင် တွေ့ရှိရပါသည်။ မိမိအသက်ကို ချိန်းခြောက်မှုပြုခဲ့သည့် ယေဇဗေလမိဖုရား၏ရန်မှ ရှောင်ပြေးသည့်အနေဖြင့် လိုဏ်ဂူတစ်ခုထဲတွင်ပရောဖက်ဧလိယ ပုန်းရှောင်နေခဲ့ပါသည်။ ထွက်ပြေးနေခဲ့သည့် မိမိ၏ပုရောဖက်ထံသို့ ဘုရားသခင်ရောက်ရှိလာခဲ့ပြီး၊

လေဝိယ၊ သင်သည် ဤအရပ်၌ အဘယ်သို့ပြုလျက်နေသနည်းဟု မေးတော်မူ၏။ လေဝိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန်စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်တော်၏ ပဋိညာဉ်တရားကိုစွန့်ပြီးလျှင်၊ ကိုယ်တော်၏ ယဇ်ပလ္လင်များကို ဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တယောက်တည်း ကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှါ ရှာကြပါသည်ဟု လျှောက်လေ၏။ နှုတ်ကပတ်တော်ကလည်း ထွက်လော့။ ထာဝရဘုရားရှေ့တောင်ပေါ်မှာရပ်နေလော့။ ထာဝရဘုရား လျှောက်သွား မည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင် ထာဝရဘုရားသည်လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ရှားခြင်း၌လည်းရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာမီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်း ရှိတော်မမူ၊ မီးနောက်မှာ ဖြည်းညှင်းသောအသံရှိ၏။ (၃ ဓမ္မ ၁၉း၉-၁၂ အဓိကကိုးကားချက်)

ကျွန်ုပ်တို့၏ သိမ်မွေ့ရှင်ဘုရားသခင်သည် ဖြည်းညှင်းသောအသံတော်ဖြင့် စကားပြောနေဆဲဖြစ်သည်။

# ၉။ ယောဘခံရသောဒုက္ခအကြောင်း

ဖျက်စီးခြင်းအမှုများ၌ ပါဝင်နေသည့် စာတန်၏အခန်းကဏ္ဍကို ယောဘ ဝတ္တုကျမ်းမှ ရှင်းလင်းသည့်အထောက်အထားတို့ဖြင့် ဖော်ပြထားပါသည်။ မြင်ကွင်း များ၏ နောက်ကွယ်တွင်ရှိသည့် ဘုရားသခင်နှင့် မာရ်နတ်အင်အားစုများစပ်ကြား ဖြစ်ပွားနေသော ဝိညာဉ်ရေးစစ်ပွဲမြင်ကွင်းကိုလည်း ဤကျမ်းတွင် ပြသထားပေး သည်။ မိမိအနေဖြင့် ဤဝိညာဉ်စစ်ပွဲ၏အရေးပေါ်အဆင့်တစ်ခုတွင် ကြီးစွာပိတ်မိ ခံနေရလျက်ရှိသည်ကို “စုံလင်ဖြောင့်မတ်” (ယောဘ ၁း၈) သော ယောဘဆိုသူ သိမြင်လာခဲ့ရပါသည်။

> ဘုရားသခင်၏ သားတို့သည် ထာဝရဘုရားထံတော်၌ ခစားခြင်းငှါလာရ သောနေ့ရက်အချိန်ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့်ရောနှော၍ လာ၏။ ထာဝရဘုရားကလည်း၊ သင်သည်အဘယ်အရပ်က လာသနည်း ဟုစာတန်ကိုမေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်းအမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏။ ထာဝရဘုရားကလည်း၊ ငါ့ကျွန်ယောဘကို ဆင်ခြင်ပြီလော။ မြေကြီးပေါ် မှာ သူနှင့်တူသောသူ တယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။ ဘုရား သခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သော သူဖြစ်သည်ဟု စာတန်အားမိန့်တော်မူ၏။ စာတန်ကလည်း၊ ယောဘ သည် အကျိုးမရဘဲဘုရားဝတ်ကိုပြုသလော။ ကိုယ်တော်သည် သူ့ကိုယ်မှ စ၍ သူ့အိမ်နှင့် သူ့ဥစ္စာရှိသမျှပတ်လည်၌ စောင်ရန်းကာတော်မူသည် မဟုတ်လော။ သူပြုလေသမျှတို့ကို ကောင်းကြီးပေးတော်မူပြီ။ သူ့သိုးနွား အစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာအလွန်ပွားများကြပြီ။ ယခုမူ ကား၊ လက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင်၊ သူ သည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရ ဘုရားကို ပြန်လျှောက်လေ၏။ ထာဝရဘုရားကလည်း၊ သူ၏ဥစ္စာရှိ သမျှသည် သင့်လက်၌ရှိ၏။ သူ့ကိုယ်တခုကိုသာ မထိမခိုက်နှင့်ဟု

မိန့်တော်မူလျှင်၊ စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွားလေ၏။ (ယောဘဝတ္ထု ၁း၆-၁၂ )

ယောဘ၏ သားသမီးများအပါအဝင်၊ သူပိုင်ဆိုင်သောအရာရှိသမျှတို့ကို ဖျက်စီးဖို့ စာတန် ချက်ချင်းပြန်ထွက်လာခဲ့သည်။ ဖျက်စီးမှုပြုရာတွင်၊ စီးနှင်းဝင် ရောက်လာသော ရန်သူများဖြစ်ကြသည့် “ရှေဘအမျိုးသား”(အငယ် ၁၅) နှင့် “ခါလဒဲအမျိုးသား”(အငယ် ၁၇)တို့ကိုသော်၎င်း၊ “ကောင်းကင်မှ ကျလာသော ဘုရားသခင်၏မီး”(အငယ် ၁၆) နှင့် “တောမှလေကြီး” (အငယ် ၁၉)တို့ကိုသော်၎င်း စာတန် အားကိုးအားထားပြုခဲ့ရပါသည်။

ဖျက်စီးသူသည် အဘယ်သူဖြစ်သည်ကို ယောဘကျမ်းတွင် အထောက်အထားများဖြင့်ဖေါ်ပြထားစဉ်၊ ယောဘအား နှိပ်စက်ကလူပြုရန် စာတန်အား ဘုရားသခင်ခွင့်ပြုခဲ့သည်ဟု စာဖတ်သူအများအပြားတို့ မှားယွင်းစွာယူဆထားကြသည်။ ထိုယူဆချက်ကြောင့် သူတို့စိတ်ဒုက္ခရောက်ကြရသည်။ ထိုသူတို့၏အတွေးမှာ၊ ဘုရားသခင်သည် အလုံးစုံတတ်စွမ်းနိုင်သောတန်ခိုးရှင်ဖြစ်သောကြောင့် ယောဘအပေါ်ကျရောက်လာသည့် စာတန်၏တိုက်ခိုက်မှုများကို တားဆီးခဲ့သင့်သည် ဆိုသည့်အတွေးပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အခြေအနေတိုင်း၌ အဓိက ထည့်သွင်းစဉ်းစားရမည့်အရာမှာ ဘုရားသခင်၏တန်ခိုးတော်အကြောင်းမဟုတ်ပဲ၊ ဘုရားသခင်၏ အုပ်ချုပ်မှုစည်းမျဉ်းများအကြောင်းပင်ဖြစ်ပေသည်။ စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသည့် မိမိ၏ဖန်ဆင်းခံသတ္တဝါများဖြစ်ကြသော လူသားများအား ဘုရားသခင် ဆက်လက်လွတ်လပ်မှုပေးဦးမည်လော။ (သို့) မပေးပဲနေမည်လော။ စစ်မှန်သောလွတ်လပ်မှု ဟူသည် အမြဲတမ်း တစ်သမတ်တည်းဖြစ်နေရပါမည်။ အဓိပ္ပါယ်မှာ အခြေအနေအပေါ် မမူတည် သည့်လွတ်လပ်မှုမျိုး ဖြစ်နေရပါမည်။

ယောဘအဖြစ်အပျက်တွင် ဘုရားသခင်၏ဂုဏ်သိက္ခာကိုသာမက၊ ကျွန်ုပ်တို့၏ကမ္ဘာကြီးကိုပါ ဘေးအန္တရာယ် ကျရောက်သွားစေနိုင်ပါသည်။ စာတန်သည် ကျွန်ုပ်တို့၏ကမ္ဘာကြီးအား မိမိ၏လက်အောက်ခံနိုင်ငံအဖြစ် သိမ်းသွင်းရန် မဟာဗျူဟာရေးဆွဲနေခဲ့ပါသည်။ “ထာဝရဘုရားကလည်း၊ သင်သည်အဘယ်အရပ် က လာသနည်းဟုစာတန်ကိုမေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာလှည့်လည်၍

အရပ်ရပ်သွားလာခြင်း အမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏။”(ယောဘ ၁း၇)

ဤနေရာတွင် သဘောအားဖြင့် စာတန်က ဘုရားသခင်အား “ မြေကြီးတပြင်လုံးကို ကျွန်တော်လှည့်ပတ်ကြည့်လာခဲ့တယ်။ မြေကြီးတပြင်လုံးကလည်း ကျွန်တော့်ကို တညီတညွတ်တည်းထောက်ခံနေကြပြီး။ ဒီတော့၊ ကျွန်တော့်ရဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ မြေကြီးကို အုပ်ချုပ်ခွင့်ပေးဖို့လျှောက်ထားလိုတယ်။”ဟု ပြောဆိုနေဟန်ရှိသည်။ ကျေးဇူးတင်ဖို့ကောင်းသည်မှာ၊ ဤဖြစ်စဉ်တစ်လျှောက်လုံးတွင် စာတန်ထက် ဘုရားသခင် ခြေတစ်လှမ်း အမြဲသာနေခြင်းပင်ဖြစ်ပေသည်။ ကိုးစားတတ်သော မိမိ၏ကျွန်ယောဘကို ဘုရားရှင်သိရှိခဲ့သည်။ ကျမ်းစာတွင်မှတ်တမ်းတင်ထားသည့် စာတန်၏ အရက်စက်ဆုံးသောတိုက်ခိုက်မှုကို ဒုတိယအကြိမ်ခံခဲ့ရသော်လည်း ဘုရားသခင်အပေါ် ယောဘဆက်လက်သစ္စာစောင့်သိခဲ့ပါသည်။ အဆုံးတွင်၊ ယောဘ၏အသက်ကို ဘုရားသခင်စောင့်ထိန်းကွယ်ကာတော်မူခဲ့သည်။ ထို့နောက်၊ အမှန်အားဖြင့် ယောဘထက်အခြေအနေပိုဆိုးသွားနိုင်သည့် ဘုရားမသိသော မိမိ၏ “အဆွေခင်ပွန်းတို့အတွက် ယောဘဆုတောင်းပြီးမှ၊ သူခံရသောဒုက္ခအကြောင်းကို ထာဝရဘုရားသည် ပယ်ရှင်း”ပေးတော်မူခဲ့ပါသည်။

ယနေ့အထိတိုင် ဆက်လက်ဖြစ်ပွားဆဲရှိနေသည့် ဘုရားနှင့် အမှောင်ထုအင်အားစုများစပ်ကြားရှိ ဝိညာဉ်ရေးစစ်ပွဲအကြောင်းကို ယောဘဝတ္ထုကျမ်းက ကျွန်ုပ်တို့အား ထိုးထွင်းသိမြင်စေပါသည်။ ဘုရားသခင် ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသည့် လူ့မျက်စိဖြင့်မမြင်နိုင်သောရှုပ်ထွေးမှုတစ်စုံတစ်ရာကို ကျွန်ုပ်တို့မြင်လာရသည့်အခါ၊ ဘုရားရှင်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအတိုင်းအတာတစ်ခုကို ကျွန်ုပ်တို့ အသိအမှတ်ပြုမိလာကြလိမ့်မည်ဖြစ်ပါသည်။

စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသော ကျွန်ုပ်တို့လူသားများအနေဖြင့် ဤလောကတွင် အထီးကျန်အဖော်မဲ့မနေရကြပါချေ။ စာတန်နှင့် ကျရှုံးသွားသောတမန်များဖြစ်ကြသည့် အတိုင်းမသိများစွာသောဝိညာဉ်ဆိုးများတို့သည် ကျွန်ုပ်တို့နှင့်အတူရှိနေကြပါသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီတို့၏ အတ္တစိတ်အလိုနှင့် နတ်ဆိုးနှင့်ဆိုင်သောအရာများနောက်သို့ ကျွန်ုပ်တို့လိုက်သွားနေကြသည်ဖြစ်ရာ၊ နေ့စဉ်ရပ်တည်မှုတွင် ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် ပဋိပက္ခအမျိုးမျိုးတို့နှင့် ပြည့်နှက်နေလေတော့သည်။ ကျွန်ုပ်တို့အဖို့ နားလည်ရအလွန်ခက်သည့် အချက်တစ်ချက်မှာ၊

ဘုရားသခင်အား စာတန်နှင့် သူ၏နတ်ဆိုးတပ်ကြီးတို့ အဘယ်ကြောင့် ဆန့်ကျင်နှောက်ယှက်နိုင်ကြပါသနည်း ဆိုသည့်အချက်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကမ္ဘာကြီး၌ ရှိသမျှသောအရာတို့ကို မိမိအာဏာတော်အားဖြင့် ဘုရားရှင်ထိန်းချုပ်တော်မမူကြောင်း ကျွန်ုပ်တို့နားလည်သွားကြသည့်အခါ ကျွန်ုပ်တို့အဖို့ နေမထိထိုင်မသာဖြစ်ကောင်း ဖြစ်လာနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့ တစ်ဦးချင်းစီတို့၏အသက်တာကို ထိန်းချုပ်မှုပြုရန် ဘုရားရှင်စိတ်ဆန္ဒမရှိသလို၊ ထိုသို့လည်း ထိန်းချုပ်ထားတော်မမူပါချေ။ ရုပ်သေးများအဖြစ် မဟုတ်ပဲ၊ လွတ်လပ်သည့် စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသော သတ္တဝါများအဖြစ်သာ ကျွန်ုပ်တို့အား သူဖန်ဆင်းတော်မူခဲ့ပါသည်။

ယောဘကျမ်း အစပိုင်းတွင်၊ ဇာတ်ကောင်သုံးဦးကို ဖေါ်ပြထားပါသည်။ ထိုသူတို့မှာ ဘုရားသခင်၊ စာတန်နှင့်၊ ယောဘတို့ပင်ဖြစ်သည်။ ထိုကျမ်း၏အဆုံးပိုင်းတွင်၊ စာတန်ကို အမည်နှင့်တကွ ဖေါ်ပြမထားတော့ပါချေ။ ဘုရားသခင်နှင့် အကြီးအကျယ်တွေ့ဆုံရသည့် ဤတွေ့ဆုံမှု၏ အဓိကနောက်ဆုံးပိုင်းနေရာတွင် စာတန်အဘယ်ကြောင့်ပျောက်နေရပါသနည်း။

ယောဘအခန်းကြီး ၄၁ တစ်ခန်းလုံးသည်၊ "လဝိသန်"ဟူ၍ ဘုရားသခင် ခေါ်ဝေါ်သော နက်နဲသောသတ္တဝါတစ်ကောင်၏အကြောင်းကို မီးမောင်းထိုးပြထားပါသည်။ လဝိသန်ကား မည်သည့်အရာ (သို့) မည်သူနည်း။ ဤသတ္တဝါကို ဖေါ်ထုတ်နိုင်ရန် ကျမ်းစာထဲမှ သဲလွန်စတစ်စုံတစ်ရာကို ဖေါ်ပြပေးထားပါသလား။ "ထိုကာလ၌ ထာဝရဘုရားသည် ပြေးတတ်သောမြွေလဝိသန်ကိုငှင်း၊ လိမ်သောမြွေလဝိသန်ကိုငှင်း ခိုင်ခံ့ကြီးမားသောထားတော်နှင့် ဒဏ်ပေး၍၊ ပင်လယ်၌ ရှိသော နဂါးကိုလည်း သတ်တော်မူလိမ့်မည်။" (ဟေရှာယ ၂၇း၁)။ "ပြေးတတ်သောမြွေ" "လိမ်သောမြွေ"နှင့် "ပင်လယ်၌ရှိသော နဂါး" ကား အဘယ်သူကို ဆိုလိုပါသနည်း။ "ထိုအခါ ဤလောကတနိုင်ငံလုံးကိုလှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကိုငှင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုငှင်း၊ မြေကြီးသို့ချလိုက်ကြ၏။"(ဗျာဒိတ် ၁၂း၉)။ ဤသတ္တဝါအကြောင်းကို ဖေါ်ပြထားသောဖေါ်ပြချက်တွင် စာတန်မာရ်နတ်၏ ဂုဏ်အသရေများအကြောင်းကို တွေ့မြင်နိုင်ရန် ယောဘဝတ္ထုအခန်းကြီး ၄၁ အား ကျွန်ုပ်တို့စမ်းစစ်ကြည့်ကြပါစို့။

လဝိသန်ကိုငါးမျှားနှင့်ဆွဲယူ၍၊ သူ၏လျှာကို ကြိုးနှင့်နှိပ်နင်းမည်လော။ သူ့ကို နှာရှုတ်တပ်၍၊ ပါးရိုး၌သံကွင်းလျှိုမည်လော။ သူသည်သင့်ကိုများစွာတောင်းပန်လိမ့်မည်လော။ ချော့မော့သောစကားကို ပြောလိမ့်မည်လော။ သင်နှင့်ဝန်ခံခြင်း ပဋိညာဉ်ကို ပြုလိမ့်မည်လော။ သင်၏အမှုကို အစဉ်ဆောင်ရွက်စေခြင်းငှါ သူ့ကို ခန့်ထားမည်လော။ ငှက်နှင့်ကစားသကဲ့သို့ သူနှင့်ကစားမည်လော။ သင်၏မိန်းမကလေးတို့အဘို့ သူ့ကိုချည်နှောင်မည်လော။ သင်၏အပေါင်းအဘော်တို့သည် သူ့ကိုဝိုင်း၍ စားသောက်ပွဲခံကြလိမ့်မည်လော။ ကုန်သည်တို့တွင် ဝေကြလိမ့်မည်လော။ သူ၏အရေကို မိုန်းနှင့်၎င်း၊ သူ၏ခေါင်းကို ငါးထိုးသောလှံနှင့်၎င်း၊ အနှံ့အပြားထိုးဖောက်နိုင်သလော။ သူ့အပေါ်မှာ လက်တင်ရုံမျှသာပြုပါ။ သူ့ကို တိုက်မည်အကြံကို နောက်တဖန်မအောက်မေ့ရ။ တိုက်သောသူသည်နိုင်မည်ဟု အချည်းနှီးထင်၏။ မြင်ကာမျှနှင့် စိတ်မပျက်သလော။ သူ့ကိုနှိုးဆော်ခြင်းငှါ အဘယ်သူမျှမရဲရင့်။ သို့ဖြစ်၍ ငါ့ရှေ့မှာအဘယ်သူရပ်နိုင်သနည်း။ ငါသည် ကျေးဇူးတုံ့ပြုရမည်အကြောင်း အဘယ်သူသည် ငါ၌ ကျေးဇူးပြုဘူးသနည်း။ မိုဃ်းကောင်းကင် အောက်၌ ရှိသမျှတို့သည် ငါ၏ ဥစ္စာဖြစ်ကြ၏။ လဝိသန်၏အင်္ဂါများ၊ ခွန်အား၊ တင့်တယ်သော တန်ဆာတို့ကို ငါသည် ဝှက်၍မထား။ သူ၏အဝတ်ကို အဘယ်သူလှန်နိုင်သနည်း။ နှစ်ထပ်ရှိသော ပါးရိုးကို အဘယ်သူချဉ်းကပ်လိမ့်မည်နည်း။ သူ၏မျက်နှာတံခါးကို အဘယ်သူဖွင့်လိမ့်မည်နည်း။ သူ၏ သွားတန်းတို့သည် ကြောက်မက်ဘွယ်ဖြစ်ကြ၏။ လုံခြုံစွာ တံဆိပ်ခတ်သကဲ့သို့ တချပ်နှင့် တချပ် ပူးကပ်သော အကြေးများနှင့် ဝါကြွားတတ်၏။ လေမျှမဝင်နိုင်အောင် တချပ်နှင့်တချပ် ပူးကပ်လျက်ရှိကြ၏။ တချပ်နှင့်တချပ် မခွါနိုင်အောင် တခဲနက်ရှက်တင် လျက်ရှိကြ၏။ သူချေဆတ်သောအခါ အလင်းတောက်တတ်၏။ သူ့မျက်စိသည် နံနက်မျက်တောင်ခတ်သကဲ့သို့ ဖြစ်၏။ ပစပ်ထဲကမီးရှူးထွက်၍ မီးပွါးတို့လည်း လွင့်ကြ၏။ ကြွက်ကြွက်ဆူသော အိုးကင်းထဲက အခိုးအငွေ့တက်သကဲ့သို့ သူ့နှာခေါင်းထဲက အခိုးအငွေ့တက်တတ်၏။ အသက်ရှူသောအခါ မီးခဲတောက်၍ ပါးစပ်ထဲကမီးလျှံထွက်တတ်၏။ လည်ပင်း၌ တန်ခိုးနေတတ်၏။ သူ့ရှေ့မှာ ကြောက်လန့်ခြင်းသည် ကခုန်တတ်၏။

အသားအကြောတို့သည် တခဲနက်ဖြစ်၍ မရွေ့နိုင်အောင် ခိုင်မာလျက် ရှိကြ၏။ နှလုံးသည် ကျောက်ကဲ့သို့မာ၏။ အောက်ကြိတ်ဆုံကျောက်ကဲ့သို့ မာ၏။ သူထသောအခါ ခွန်အားကြီးသောသူတို့သည် ကြောက်လန့်ကြ၏။ ကြောက်လန့်အားကြီးသောကြောင့် အရူးကဲ့သို့ ဖြစ်ကြ၏။ သူ့ကိုတိုက် လျှင်ထားမခိုင်တတ်။ လှံ၊ မြား၊ သံချပ်မခိုင်တတ်။ သံကို ကောက်ရိုး ကဲ့သို့၎င်း၊ ကြေးဝါကို သစ်ဆွေး ကဲ့သို့၎င်း မှတ်တတ်၏။ လေးနှင့်ပစ်၍ သူ့ကိုမပြေးစေနိုင်။ လောက်လွှဲ နှင့်ပစ်သောကျောက်ခဲတို့သည် သူ၌ အမှိုက်ကဲ့သို့ ဖြစ်ကြ၏။ ဒုတ်ကြီးကို ဖွဲကဲ့သို့မှတ်၍၊ လှံနှင့်ရွယ်သောအခါ ရယ်တတ်၏။ သူ့အောက်မှာ ထက်သောအိုးစောင်းခြမ်းများရှိ၏။ ရွှံ့ပေါ်မှာ ထွန်သွားများကို ဖြန့်တတ်၏။ အိုးကင်းဆူသကဲ့သို့ ပင်လယ်ကိုဆူစေ တတ်၏။ သမုဒ္ဒရာကို ဘယောင်းချက်ကဲ့သို့ ဖြစ်စေတတ်၏။ သူလွန်သွား သောလမ်းသည် ထွန်းတောက်သဖြင့်၊ ပင်လယ်သည် ဆံပင်ဖြူယောင် ဆောင်တတ်၏။ မြေပေါ်မှာသူနှင့်ခိုင်းနိုင်သော တိရိစ္ဆာန်မရှိ။ ပကတိအား ဖြင့် ကြောက်တတ်သောသဘောနှင့် ကင်းလွတ်၏။ ကြီးမြင့်သောအရာ ရှိသမျှတို့ကို မထီမဲ့မြင်ပြုတတ်၏။ မာနထောင်လွှား သောသူအပေါင်းတို့ အပေါ်၌ မင်းဖြစ်သည်ဟုမိန့်တော်မူ၏။(ယောဘ ၄၁၊ အဓိကကိုးကားချက်)

ကျွန်ုပ်တို့၏ခွန်အားနှင့် စစ်ပြိုင်ရန်မဖြစ်နိုင်သည့် အလွန်အင်အားကြီးပြီး ကြင်နာစိတ်ကင်းမဲ့သော ရန်သူတစ်ဦး၏အကြောင်းကို ဖော်ပြပေးရန် ဤအခန်း ကြီးတွင် သရုပ်ပြဖော်ပြချက်ကို ဘုရားရှင်အသုံးပြုထားခြင်းဖြစ်သည်။ ကြောက် မက်ဖွယ်ရာအကောင်းဆုံးသောရန်သူကြီးနှင့် ရင်ဆိုင်ရမည့် ပြင်းထန်သည့်ပဋိပက္ခ တစ်ခုတွင် ဘုရားသခင်ပါဝင်နေပါသည်။ ဤစစ်ပွဲကြီးတွင် ကျွန်ုပ်တို့ကိုယ်စား ပါဝင် တိုက်ခိုက်ပေးရန် ဘုရားသခင်လုံးလုံးဆုံးဖြတ်ထားပါသည်။ ထိုသို့တိုက်ခိုက် တော်မူရာတွင် မည်သည့်အခြေအနေအချိန်အခါမျိုးတွင်မျှ သူ့အနေဖြင့် အင်အား သုံးတိုက်ခိုက်ခြင်းမျိုး ပြုလုပ်လိမ့်မည်မဟုတ်ပါချေ။

ဘုရားသခင်အား မိမိကဲ့သို့သောပုံစံမျိုးဖြင့် ရုပ်လုံးပေါ်စေရန် စာတန်ကြိုး ပမ်း ထားပါသည်။ အမျက်ကြီးသောသူ၊ အငြိုးကြီးသောသူ၊ ခွင့်မလွှတ်တတ် သောသူ၊ အာဏာသုံးသောသူ၊ ဥပဒေတင်းကြပ်သောသူ၊ ဝေဖန်မှုပြုသောသူနှင့်

စိတ်ဆတ်သောသူ တစ်ဦးအဖြစ် သူရုပ်လုံးဖော်နေပါသည်။ တစ်ချိန်တည်းမှာပင်၊ သူသည် ကျွန်ုပ်တို့ရှေ့တွင် မိမိကိုယ်ကို “လင်းသောကောင်းကင်တမန်”(၂ကော ၁၁း၁၄) တစ်ပါးအသွင် ရုပ်လုံးဖော်နေလျက်ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်တို့မမြင်နိုင်သည့်အရာကို ဘုရားသခင်ကွက်ကွက်ကွင်းကွင်း မြင်နေရပါသည်။ လိမ်လည်လှည့်ဖြားသူကြီး၏ နည်းပရိယာယ်များ အဘယ်မျှ လိမ္မာပါးနပ်မှုရှိသည်ကို သူမြင်နေရပါသည်။ ဘုရားသခင်ကို ဆန့်ကျင်နေသောသူအား ရုပ်လုံးဖော်ပြထားပုံကို ကြည့်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် နေ့စဉ် မည်မျှလောက် တိုက်ပွဲဝင်နေရသည်ကို ကျွန်ုပ်တို့နားလည်နိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အသံတော်ကို နားစွင့်နေသူများတို့အား နှောက်ယှက်ဖျက်စီးဖို့ စာတန်စည်းကျော်လာသည့်အခါများတွင်၊ မိမိသားသမီးများတို့အား အန္တရာယ်ရှိ သောလမ်းထဲမှ နှုတ်ဆောင်နိုင်ရန်အတွက် ဘုရားသခင်ကြားဝင်လာပါတော့သည်။ အချို့သော ကြားဝင်ရောက်မှုများမှာ ကျွန်ုပ်တို့အဖို့သိသာထင်ရှားပြီး အများစုတို့ကိုမူ ကျွန်ုပ်တို့ မသိလိုက်ရပါချေ။ အကျိုးဆက်အနေဖြင့်၊ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့တွေ့မြင်နေရသည့် ဒုက္ခဝေဒနာများအတွက် စာတန်၏ခေါင်းပေါ်၌ ဘုရားသခင်ဆက်လက်ပြီး အပြစ်ပုံ ထားလိမ့်မည်ဖြစ်ပါသည်။ မိမိဖန်ဆင်းခဲ့သည့် စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသောလူသတ္တဝါများတို့၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အလေးထားတော်မူသည့်တချိန်တည်းမှာပင် ဘုရားသခင်အနေဖြင့် အလုံးစုံသော မတော်တဆဖြစ်မှုများ၊ ကပ်ဘေးများ၊ အိုနာသေခြင်းများတို့အား တားဆီးမှုမပြုနိုင်ကြောင်း ယောဘ အတွေ့အကြုံက ကျွန်ုပ်တို့ကို နားလည်သဘောပေါက်စေပါသည်။

ဘုရားသခင် ကွက်ကွက်ကွင်းကွင်းမြင်နေရသည့် အရာတစ်ခုရှိပါသေးသည်။ ဘုရားသခင်တပါးတည်းသာ အလိုအလျောက် တည်ရှိနေတော်မူသည်။ စာတန်သည် အလိုလျောက်တည်ရှိသူတစ်ဦးမဟုတ်ပါချေ။ သူသည် မကောင်းမှုကိုရွေးချယ်ခဲ့သည့် ဖန်ဆင်းခံသတ္တဝါတစ်ပါးဖြစ်ပြီး၊ မကောင်းမှု တည်ရှိနိုင်ခြင်းသည် ကောင်းမှု၌ လုံးလုံးမှီတည်နေရသည်။ ဤအမှန်တရားနှင့် ဘုရားသခင်၏ ဖြောင့်မှန်ခြင်းအကြောင်းကို စကြဝဠာတစ်ခုလုံးရှိ စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသည့် သတ္တဝါအားလုံး နားလည်လာကြ သည့်တစ်နေ့တစ်ချိန်တွင် ဘုရားသခင်အနေဖြင့်၊ မကောင်းမှုအစပျိုးသူ စာတန်အား ကိုယ်အလိုအလျောက်ပျက်စီးရန် ခွင့်ပေးတော်မူလိမ့်မည်ဖြစ်ပါသည်။ ထိုအမှုထက် သာ၍မြတ်သောအမှုရှိနိုင်ပါအုံးမည်လော။

မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။

____ ဟေရှာယ ၄၁း၁ဝ

# ၁၀။ ကျမ်းစာအား အဓိပ္ပါယ်ကောက် လွဲမှားခြင်း အကြောင်းအရင်း

ကျမ်းစာသည် ဘုရားသခင်နှုတ်တိုက်ချပေး၍ ရေးသားထားသည့် စာအုပ်မဟုတ်ပါချေ။ "ဘုရားသခင်၏သန့်ရှင်းသောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍။" (၂ ပေ ၁း၂၁)။ ကျမ်းစာကို မိမိအာဘော်၊ မိမိနည်းဟန်၊ မိမိတို့၏ယဉ်ကျေးမှုတို့နှင့်အညီ ရေးသားထားခဲ့ခြင်းဖြစ်သည်။

ကျမ်းစာတွင် ဘုရားသခင်အား ဖျက်စီးသူတစ်ဦးအဖြစ် အဘယ့်ကြောင့် မကြာခဏ တွေ့မြင်ရပါသနည်း။ ဤမေးခွန်းအတွက် အဖြေပေးရန်၊ ပထမဦးဆုံးအနေဖြင့် ကျမ်းစာပေါ်ထွက်ရာ ရှေးနယ်မြေဒေသများတို့၏ ဘာသာရေးယဉ်ကျေးမှုအကြောင်းကို စဉ်းစားကြည့်ဖို့လိုပေမည်။ ထင်ရှားသည့်အချက်တစ်ချက်မှာ၊ ကျမ်းစာတွင် အဓိကဇာတ်ကောင်များအဖြစ် ပါဝင်နေကြသည့် ဣသရေလလူမျိုးတို့၏ပတ်လည်တွင် ရုပ်တုကိုးကွယ်မှုများ ဝန်းရံနေခဲ့ပါသည်။ ရုပ်တုကိုးကွယ်မှုဆိုင်ရာ သတိပေးတားမြစ်ချက်များကို ကျော်ခိုင်းလျက်၊ ပတ်ဝန်းကျင်၏ ရုပ်တုကိုးကွယ်ခြင်းအလေ့အထများကို ဣသရေလလူမျိုးများ လက်ခံကျင့်သုံးခဲ့ကြပါသည်။ ရေပန်းစားနေခဲ့သည့် ထိုယဉ်ကျေးမှုကြောင့် ဘုရားသခင်အပေါ်ထားရှိသည့် ဣသရေလလူတို့၏ အမြင်များ တလွဲတချော်ဖြစ်ကြကုန်သည်။

ဘုရားသခင်သည် မိမိလူများတို့၌ မိမိကိုယ်ကို ဖော်ပြလိုခဲ့သည်။ သို့ရာတွင် သူတို့၌ မိမိစာရိတ္တတော်၏ဘုန်းအသရေကို အပြည့်အဝဖော်ထုတ်ပြလိုက်လျှင်၊ သူတို့အား မိမိထံမှမောင်းထုတ်သလိုဖြစ်သွားလိမ့်မည်ဖြစ်သည်။ မိမိအရောက်လှမ်းလိုသောသူများ ရှိရာအဆင့်တစ်ခုအထိ ဘုရားသခင်သည် ကိုယ်ကိုယ်ကို နှိမ့်ချတော်မူလျက် ထိုသူတို့ပြောသော ဘာသာစကားကို သူပြောဆိုတော်မူခဲ့သည်။ ကိုယ်ကိုယ်ကို ဖျက်စီးခြင်းအမှုထဲမှ ဣသရေလလူတို့အား ကယ်တင်နိုင်အံ့သောငှါ၊ မိမိအပေါ်ထားရှိသည့် ထိုသူတို့၏ လွဲမှားသောအမြင်များကိုပင် ခံယူဖို့ သူစိတ်ဆန္ဒရှိခဲ့သည်။

ထို့အပြင် ကျမ်းစာပေါ်ထွက်ရာ ရှေးအရပ်ဒေသများတွင်၊ နတ်ဆိုး၏ဩဇာလွှမ်းမိုးမှုအောက်တွင် ရောက်ရှိနေခဲ့ကြသောသူများ မှီတင်းရှိနေထိုင်ခဲ့ကြပြီး သူတို့

အနေဖြင့် အလွယ်တကူအမျက်ထွက်တတ်သည့် ရက်စက်ကြမ်းကြုတ်သော ဘုရားများကို ဖန်တီးပြုလုပ်ခဲ့ကြပါသည်။ မိမိတို့ရင်ဆိုင်နေရသည့် ကပ်ဘေးများတို့သည် မိမိတို့အား အမျက်ထွက်နေသည့် ဘုရားများကြောင့်ဖြစ်သည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။ ဤသို့ဖြင့် ထိုဘုရားတို့အား အမျက်ပြေစေခြင်းငှါ ပူဇော်သက္ကာများကို လူများယူဆောင်လာခဲ့ကြပြီး၊ မိမိတို့၏ဘာသာရေးပွဲများတွင် ထိုဘုရားတို့ကို သူတို့ဦးညွှတ်ရှိခိုးလာခဲ့ကြပါသည်။

ကမ္ဘာပေါ်ရှိ ဒုက္ခဆင်းရဲခြင်းများနှင့် သေခြင်းတရားတို့၏ အဓိကတရားခံ စာတန်အကြောင်းကို ဓမ္မဟောင်းကျမ်းတွင် အနည်းငယ်သာဖော်ပြထားသည်။ လူသားများ နာကျင်ခံစားရသည့် ဒုက္ခဆင်းရဲခြင်းများ၏တရားခံအဖြစ် စာတန်အား ဖော်ပြထားပေးခဲ့ပါလျှင်၊ ဘုရားသခင်ထက် စာတန်ကို လူများပိုမိုအာရုံစိုက်ခဲ့ကြလိမ့်မည်ဖြစ်သည်။ စာတန်အား သဘာဝအင်အားစုများကို ထိန်းချုပ်ထားသည့် အခြားသောဘုရားတစ်ပါးအဖြစ် ဣသရေလလူမျိုးများ လက်ခံထားခဲ့ကြလိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့်၊ စာတန်အဖို့ သူတို့ယဇ်ပူဇော်ပသမှုများ ပြုလုပ်ခဲ့ကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်အစား စာတန်ကို သူတို့ကိုးကွယ်နေခဲ့ကြလိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍၊ ထိုအမှုမျိုး ဖြစ်ပေါ်မလာရလေအောင် ကြိုတင်တားဆီးလိုက်သည့်အနေဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို ကောင်းသောအရာတို့၏ အရင်းအမြစ်ဖြစ်သည်သာမက၊ ဆိုးသောအရာတို့၏ အရင်းအမြစ်အဖြစ်နှင့်ပါ ရှုမြင်ခြင်းခံတော်မူခဲ့လေသည်။ မိမိ၏ ဂုဏ်သိက္ခာ အထိပါးခံရခြင်းအမှုထက်၊ ဖျက်စီးသူ၏ ရုပ်လုံးအမှန်ကို အချိန်မတိုင်မီဖော်ထုတ်ပေးခြင်းဖြင့် လူသားတို့အပေါ်ကျရောက်လာနိုင်သည့် ဆိုးကြိုးသက်ရောက်မှုများကို ဘုရားသခင် ပိုမိုအာရုံစိုက်တော်မူခဲ့ပါသည်။ ဘုရားသခင်ဘက်မှ ထိုမျှနှိမ့်ချပေးတော်မူခဲ့သော်လည်း သူ၏လူများမှာမူ ရုပ်တုကိုးကွယ်ခြင်းအားဖြင့် နတ်ဆိုးနှင့်ဆိုင်သော အရာများတို့ကို ဆက်လက်ဂါရဝပြုနေခဲ့ကြပါသည်။ "ဘုရားမဟုတ်သော နတ်ဆိုး၊ မသိဖူးသောဘုရား၊ ဘိုးဘေးတို့မကြောက်ဖူးသော ဘုရားသစ်တို့အား ယဇ်ပူဇော်ကြ၏။" (တရားဟောရာကျမ်း ၃၂း၁၇)

ဘုရားသခင်၏ သိမ်မွေ့ပြီး အလွန်ချစ်ရာကောင်းသော စာရိတ္တတော်ကို အရှိအတိုင်းရှုမြင်ရန် ရှေးဣသရေလလူများ အဆင်သင့်မဖြစ်ခဲ့ကြပါချေ။ အတ္တကင်းစင်သောမေတ္တာတော်ဖြင့် မိမိ၏အရှိအတိုင်း သူတို့တွင် သူလာရောက်ပေါ်

ထွန်းတော်မူခဲ့ပါလျှင်၊ သူ့အား သူတို့ တညီတညွတ်တည်း ငြင်းပယ်ခဲ့ကြလိမ့်မည် ဖြစ်သည်။ မိမိတို့အဖို့ စစ်တိုက်ပေးပြီး၊ မိမိတို့၏ရန်သူများတို့နှင့် ရှုန်းရင်းဆန်ခတ် ဖြစ်မည့် မိမိတို့နှင့်တူသော ဘုရားကိုသာ ဣသရေလလူမျိုးတို့လိုလားခဲ့ကြပါသည်။ “ဘုရားသခင်သည် မိမိ၏ပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူသည်”(ကမ္ဘာ ၁း၂၇) ဆိုသည့်အမှန်တရားကို လက်ခံမည့်အစား၊ ဘုရားသခင်ကို မိမိတို့၏ပုံ သဏ္ဌာန်နှင့်အညီ ဖန်ဆင်းဖို့ သူတို့ဆုံးဖြတ်ခဲ့ကြသည်။ ခေတ်ကာလတလျှောက် မှသည် ယကနေ့အချိန်အထိတိုင်အောင် ဘုရားသခင်အား လူသားများအဘယ်သို့ သဘောထားကြသည်ကို ဤအကြောင်းအရာက ကျွန်ုပ်တို့ကို သိမြင်နားလည် စေပါသည်။

# ၁၁။ ဘုရားသခင်အား နားလည်မှုလွဲမှားခြင်း အကြောင်းအရင်း

လူသားများနှင့် ဘုရားသခင် အတူသွားလာနေထိုင်တော်မူခဲ့စဉ်အခါက၊ သူ့အား ဘာသာရေးအသင်းအဖွဲ့များ အသိအမှတ်မပြု မကြိုဆိုခဲ့ကြပါချေ။

> ထိုသူတို့သည် ထွက်သွားကြသည်နောက်၊ နတ်ဆိုးစွဲသော လူတစ်ယောက်ကို အထံတော်သို့ ဆောင်ခဲ့ကြ၏။ နတ်ဆိုးကို နှင်ထုတ်တော်မူပြီးမှ ထိုအသောသူသည် စကားပြော၏။ လူအစုအဝေးတို့သည်လည်း အံ့ဩ၍၊ ဣသရေလအမျိုး၌ ဤကဲ့သို့ မမြင်ရစဖူးဟု ပြောဆိုကြ၏။ ဖာရိရှဲတို့ကလည်း၊ နတ်ဆိုးအကြီးကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်ဟု ပြောဆိုကြ၏။ ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟောလျက်၊ လူများခံရသောအနာရောဂါ အမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ မြို့ရွာရှိသမျှတို့ကို ဒေသစာရီ လှည့်လည်တော်မူ၏။ လူအစုအဝေးတို့ကို မြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။ (မသဲ ၉း၃၂-၃၅၊ အဓိကကိုးကားချက်)

အောက်ဖော်ပြပါ ဟေရှာယ၏ မိန့်ဆိုချက်များတို့က ယေရှုအား စာတန်နှင့်ပေါင်းဖေါ်သောသူအဖြစ် စွပ်စွဲပြောဆိုနေသူတို့ကို တည့်တည့်ရည်ညွှန်းနေပါ သည်။ "မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်းဟု ခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊ အမိုက်အရာ၌ အလင်းကိုငှင်း၊ အချိုအရာ၌ အခါး၊ အခါးအရာ ၌အချိုကိုငှင်း၊ အလွဲယူတတ်သော သူတို့သည် အမင်္ဂလာရှိကြ၏။ ငါသည်ပညာရှိသည်ဟု ကိုယ်ကိုထင်သောသူ၊ သမ္မာသတိနှင့် ပြည့်စုံသည်ဟု ထင်မှတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။" (ဟေရှာယ ၅း၂၀-၂၁)

> ထိုသူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ သူသည် မိမိ

ဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲ နေကြ၏။ (ယောဟန် ၁း၁ဝ-၁၁)

ဤကျမ်းပိုဒ်သည် ရှေးအချိန်ကိုသာ ရည်ညွှန်းထားသည့် ကျမ်းပိုဒ်တစ်ပိုဒ် မဟုတ်ပါချေ။ လူသားတို့၏ အသိအမှတ်မပြုမှု၊ အထင်လွဲမှုနှင့် မသိကျေးကျွန်ပြုမှုများကို ယခုတိုင်အောင်ပင် ဘုရားသခင်ဆက်လက်ခံစားရသည်။ ဘုရားသခင်အား ကျွန်ုပ်တို့ကဲ့သို့သော အတ္တသမားတစ်ဦးအဖြစ် မှားယွင်းစွာခံယူနားလည်ရင်း သူ့အပေါ် ကျွန်ုပ်တို့ နားလည်မှုလွဲနေကြပါသည်။

ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။ (၁ ကော ၂း၁၄)

အပြင်ပန်းဘာသာရေးကို လူသားများ စိတ်ဝင်စားနေကြပါသည်။ အမှန်အားဖြင့်၊ ကျွန်ုပ်တို့၏အတ္တစိတ်ကို ဘုရားသခင်၏မေတ္တာနှင့် လဲ့လှယ်မှုပြုဖို့ရန်သာ လိုသည်။ အတ္တစိတ်ကို စွန့်ပယ်ရမည် ဟူသောအတွေးသည် “ဇာတိပကတိလူ” အဖို့ အလွန်ကြောက်လန့်စရာကောင်းသော အတွေးတစ်ခု ဖြစ်သည်။ အပြင်ပန်းဘာသာရေးသည် ပိုမိုလုံခြုံဟန်ရှိသည်။ သို့ရာတွင် ၎င်းသည် မသိမသာ ကူးစက်ပျံ့နှံ့တတ်သည့် စိတ်၏လှည့်စားခြင်း တစ်မျိုးသာဖြစ်သည်။ အပြင်ပန်းဘာသာရေးသည် မကြာခဏဆိုသလို ဘုရားသခင်ရှေ့မှ ပုန်းကွယ်နေတတ်သည်။

ဖာရိရှဲတို့သည် အထံတော်သို့လာ၍ လူသည် ခပ်သိမ်းသောအပြစ်ကြောင့် မိမိမယားနှင့် ကွာအပ်သလောဟု စုံစမ်းနှောင့်ယှက်ခြင်းငှာ မေးလျှောက်ကြသော်၊ ကိုယ်တော်က၊ အစအဦး၌ ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့် မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်

ဟု ကျမ်းဆိုသည်ကို သင်တို့မဖတ်ဘူးသလော။ ထို့ကြောင့် လင်မယား တို့သည် နှစ်ဦးမဟုတ် တဦးတည်းဖြစ်၏။ ဘုရားသခင်ဘက်စပ်၍ ထမ်း ဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏။ ဖာရိရှဲ တို့ကလည်း၊ ထိုသို့မှန်လျှင် ဖြတ်စာကိုပေး၍ မယားနှင့်ကွာစေခြင်းငှာ မောရှေသည် အဘယ်ကြောင့် စီရင်သနည်းဟု လျှောက်ကြသော်၊ ကိုယ် တော်က၊ သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအ ခွင့်ကို မောရှေသည် စီရင်၏။ အစအဦး၌ ထိုသို့မဟုတ်။ (မဿဲ ၁၉း၃-၈)

နှလုံးမာသော လူသားများနှင့်နီးစပ်ခြင်းငှါ ပြုတော်မူခဲ့သည့် ဘုရားသခင် ၏ အားထုတ်မှုများအကြောင်းကို ဓမ္မဟောင်းကျမ်း နေရာအနှံ့အပြားတွင် မီးမောင်း ထိုးပြထားသည်။ လူသားတို့အား မျှော်လင့်ချက်မဲ့သူများအဖြစ် စွန့်ပစ်ထားခြင်း အမှုထက် သူတို့ပြုသော ကိုယ်ပိုင်ရွေးချယ်မှုများကို ဘုရားသခင် ပိုမိုအလေးထား တော်မူကြောင်း ဖော်ပြပေးနေသည့် ကျမ်းပိုဒ်များကို အထူးသဖြင့် ကျွန်ုပ်နားလည် မှုလွဲနေကြပါသည်။ ဂရုဏာစိတ် ကင်းမဲ့နေသူမှာ ကျွန်ုပ်တို့သာဖြစ်သည်။ ဘုရား သခင်မဟုတ်ပါချေ။ သို့ဖြစ်လင့်ကစား၊ ဓမ္မဟောင်းတွင် ဂရုဏာကင်းသူတို့ အပေါ် ထားရှိသည့် ဘုရားသခင်၏တုံ့ပြန်မှုကို ကျွန်ုပ်တို့အမြဲလိုလို တလွဲအဓိပ္ပါယ် ကောက်နေကြသည်။ ဤသို့ဖြင့် ဘုရားသခင်အား၊ ကျွန်စနစ်နှင့် မယားအများယူ သည့်စနစ်ကို လွှတ်ထားပေးသောသူ၊ စစ်ပွဲများကို အားပေးချီးမြှောက်သူ၊ လူမျိုး တုန်းသတ်ဖြတ်မှုများကို အမိန့်ပေးကွပ်ကဲနေသောသူနှင့် ဥပဒေချိုးဖေါက်သူများ အဖို့ ကြီးလေးသောပြစ်ဒဏ်များကို ပြဋ္ဌာန်းပေးသောသူတစ်ဦးအဖြစ် ကျွန်ုပ်တို့ စွပ်စွဲလာမိကြလေတော့သည်။ အကြောင်းမှာ၊ ရှေးက္ကသရေလလူမျိုးများနှင့် ဆက် ဆံရေးတွင် ဘုရားသခင်အဆက်မပြတ်ရင်ဆိုင်ခဲ့ရသည့် လူသားတို့၏စိတ်နှလုံး ခိုင်မာမှု အတိမ်အနက်ကို ကျွန်ုပ်တို့ နားမလည်ကြသောကြောင့် ဖြစ်သည်။

တောင်ပေါ်ဒေသနာတွင်၊ ပညတ်များကို ယေရှုအကျယ်ချဲ့ဟောပြောခဲ့ သည်။ ယင်းပညတ်တို့ကို မေတ္တာအပေါ်အခြေခံပြီး လက်တွေ့ကျကျ သူချပြပေး သွားခဲ့သည်။

သူ့မျက်စိကို ဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကိုခံစေ။ သူ့သွားကိုချိုးလျှင် ကိုယ်သွားချိုးခြင်းကို ခံစေဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။

ငါပြည်တတ်သည်ကား၊ နှောင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ပါး တဘက်ကို သူတပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။ သင့် အင်္ကျီကိုယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေ ခြင်းငှါ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကိုအနိုင်ပြု၍ ခရီးတတိုင် သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။ တောင်းသောသူအား ပေးလော့။ ချေးငှါးလိုသောသူကိုလည်း မငြင်းမပယ်နှင့်။ (မဿဲ ၅း၃၈-၄၂)

စိတ်နှလုံးခိုင်မာသော လူသားတို့၏ စိတ်အလိုကို ဆန့်ကျင်ဘက်ပြုလျက်၊ ဤစကားလုံးများတို့ဖြင့် ဘုရားသခင်၏ စုံလင်သောအလိုတော်ကို ယေရှု အသေး စိတ်ရှင်းပြပေးခဲ့ပါသည်။

ယေရှုကလည်း၊ ဘုရားသခင်သည် သင်တို့အဘမှန်လျှင်၊ သင်တို့သည် ငါ့ကိုချစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ဘုရားသခင့် အထံ တော်မှ ထွက်ကြွရောက်လာ၏။ ကိုယ်အလိုအလျောက်လာသည်မဟုတ်။ ဘုရားသခင်သည်ငါ့ကိုစေလွှတ်တော်မူ၏။အဘယ်ကြောင့်ငါ့ စကားကို နားမလည်ကြသနည်း။ ငါ၏ဒေသနာကိုနာမခံမယူနိုင်သော ကြောင့်သာ သင်တို့သည် ငါ့စကားကိုနားမလည်ကြ။ သင်တို့သည် သင်တို့အဘတည်း ဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှ၍ လူအသက်ကို သတ်သော သူဖြစ်၏။ သူ၌သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။ ငါ သည် သစ္စာစကားကိုပြောသောကြောင့် သင်တို့မယုံကြ။ ငါ၌ အပြစ်ရှိ ကြောင်းကို သင်တို့တွင် အဘယ်သူဘော်ပြသနည်း။ သစ္စာစကားကို ငါ ပြောသည်မှန်လျှင် အဘယ်ကြောင့် သင်တို့ မယုံကြသနည်း။ ဘုရား သခင်နှင့် စပ်ဆိုင်သောသူသည် ဘုရားသခင်၏စကားတော်ကို နားထောင် တတ်၏။ သင်တို့သည် ဘုရားသခင်နှင့် မစပ်ဆိုင်သောကြောင့် နားမ ထောင်ကြဟု မိန့်တော်မူ၏။ ယုဒလူတို့ကလည်း၊ သင်သည် ရှမာရိလူဖြစ်

၏။ နတ်ဆိုးစွဲသောသူလည်းဖြစ်၏ဟု ငါတို့ပြောသော စကားသည် လျောက်ပတ်သည်မဟုတ်လောဟုဆိုကြ၏။ (ယောဟန် ၈း၄၂-၄၈၊ အဓိကကိုးကားချက်)

ဘာသာရေးခေါင်းဆောင်များတို့အား "သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။" ဟု ယေရှုမိန့်ခဲ့သည်။ မာရ်နတ်သည် သူတို့၏ အဘဖြစ်ရခြင်း အကြောင်းကား၊ မာရ်နတ်ပုံဖျက်ထားသော ဘုရား၏ရုပ်ပုံလွှာကို သူတို့ အမွေရခဲ့ကြပြီး ပျက်နေသည့်ထိုရုပ်ပုံလွှာကို အမှန်ပြန်ဖြစ်စေမည့် အရာဟူသမျှတို့ကို သူတို့ အတိုက်အခံလုပ်နေကြသောကြောင့်ဖြစ်သည်။

အပြစ်ဘော်ပြသော ကမ္ဗည်းလိပ်စာချက် ဟူမူကား၊ ဤသူသည် ယုဒရှင်ဘုရင် ယေရှုပေတည်းဟု ရေး၍ ခေါင်းတော်ပေါ်မှာ တပ်သတည်း။ ထိုအခါ ကိုယ်တော်နှင့်တကွ ထားပြန့်စ်ယောက်တို့ကို လကျာ်တော်ဘက်၌ တယောက်၊ လက်ဝဲတော်ဘက်၌ တယောက်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ လမ်းမှာသွားလာသောသူတို့ကလည်း၊ ဗိမာန်တော်ကို ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက်ပြန်သောသူ၊ ကိုယ်ကိုကိုယ် ကယ်တင်လော့။ ဘုရားသခင်၏ သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှ ဆင်းလော့ဟု မိမိတို့ခေါင်းကိုညွှိတ်၍ ကဲ့ရဲ့သောစကားနှင့် ပြောဆိုကြ၏။ ထိုနည်းတူ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲတို့က၊ ဤသူသည် သူတပါးတို့ကို ကယ်တင်တတ်၏။ ကိုယ်ကို မကယ်တင်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင် ငါတို့ယုံကြည်မည်။ သူသည် ဘုရားသခင်ကို ကိုးစားပြီ။ ငါသည် ဘုရားသခင်၏ သားဖြစ်၏ဟုဆိုပြီ။ သို့ဖြစ်၍ ဘုရားသခင်သည် သူ၌အလိုတော်ရှိလျှင် ယခုပင် ကယ်တင်တော်မူပါလေစေဟု ပြက်ယယ်ပြု၍ ပြောဆိုကြ၏။ (မဿဲ ၂၇း၃၇-၄၃ အဓိကကိုးကားချက်)

ကပ်တိုင်တော်၌ ယေရှုအား ပြက်ယယ်ပြုသောသူတို့သုံးနှုန်းခဲ့သည့် ခနဲ့တဲ့တဲ့စကားမှာ တော၌ ယေရှုအား စုံစမ်းခဲ့ရာတွင် စာတန်သုံးနှုန်းခဲ့သည့်စကားနှင့်

အတူတူပင်ဖြစ်သည်။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်" (မဿဲ ၄း၃)

> ငှင်းနည်းတူ၊ ဟောင်းသောသားရေဘူး၌ အသစ်သောစပျစ်ရည်ကို ထည့်လေ့မရှိ။ ထိုသို့ထည့်လျှင် အသစ်သောစပျစ်ရည်သည် သားရေဘူးကို ဆုတ်ခွဲသဖြင့်၊ စပျစ်ရည်သည်ယို၍ သားရေဘူးလည်း ပျက်စီးတတ်၏။ အသစ်သောစပျစ်ရည်ကို အသစ်သောသားရေဘူး၌ ထည့်ရသည်၊ ထိုသို့ ထည့်လျှင် နှစ်ပါးစလုံး မပျက်စီး။ (လုကာ ၅း၃၇-၃၈)

ဤနှိုင်းယှဉ်ချက်တွင် မိမိ၏ တိကျခိုင်လုံသော သွန်သင်မှုအသစ်ကို "ဟောင်းသောသားရေဘူး"အား ဆုတ်ကွဲစေသည့် "အသစ်သောစပျစ်ရည်" နှင့် ယေရှု ပုံခိုင်းနှိုင်းပြခဲ့ပါသည်။ မိမိထိပ်တိုက်ရင်ဆိုင်နေရသည့် ဘာသာရေးဆရာများ ("ဟောင်းသောသားရေဘူးများ") ကိုင်ဆွဲထားသည့် အဖျက်ခံထားရသော ဘုရားသခင်၏ရုပ်ပုံလွှာ ("ဟောင်းသောစပျစ်ရည်")နှင့် တခြားစီဖြစ်နေသည့် ရှင်းလင်းပြတ်သားသော ဘုရားသခင့်မေတ္တာတော်၏ ရုပ်ပုံလွှာအမှန်ကို မိမိ၏စကား၊ မိမိ၏ ပုံသက်သေအားဖြင့် ယေရှုခြယ်မှုန်းပြသွားခဲ့ပါသည်။ ဆန့်ကျင်ဘက်ဖြစ်နေသည့် ဤရုပ်ပုံလွှာနှစ်ခုကို ရောထား၍မရနိုင်ပါချေ။ ယကနေ့တွင်လည်း ရောထား၍ မရနိုင်ပါချေ။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင်ရှိသော ကြမ်းကြုတ်သည့် ဘုရား၏ရုပ်ပုံလွှာကိုဖယ်ရှားပြီး သိမ်မွေ့ရှင်ဘုရားသခင်ကို ကျွန်ုပ်တို့နေရာပေးရကြပါမည်။

# ၁၂။ ဘုရားသခင် ဖျက်စီးခြင်းပြုပုံ

ဘုရားသခင် ဖျက်စီးခြင်းပြုပုံကို အရှင်းလင်းဆုံး ဖော်ပြပေးလိုက်သည့် ဥပမာတစ်ခုကို ရာဇဝင်ချုပ်ပထမစာစောင်တွင် တွေ့ရသည်။ မှားသောလမ်းမှ လှည့်ပြန်ခြင်းငှါ ပုရောဖက်ရှမွေလမှတဆင့် ဘုရားသခင်ပေးတော်မူခဲ့သော အကြံပြုချက်ကို ရှင်ဘုရင်ရှောလု အရေးမစိုက်ခဲ့ပါချေ။ မိမိ၏ သစ္စာရှိကျွန်တော်ရင်းဖြစ်သော ဒါဝိတ်အား ရှောလု အကြိမ်ကြိမ်သေကြောင်းကြံစည်ခဲ့သည်။ နောဗမြို့သား ယဇ်ပုရောဟိတ်များတို့အား သတ်ပစ်ခဲ့ခြင်းအမှုနှင့် နတ်ဝင်ထံမှ အကြံဉာဏ်ရယူခဲ့ခြင်းအမှုအတွက်လည်း သူ၌ အပြစ်ရှိနေခဲ့သည်။ ဖိလိတ္တိလူများနှင့်ဖြစ်သော စစ်ပွဲတွင် ရှောလု ဒဏ်ရာရသွားခဲ့ပြီး၊ မိမိအဖမ်းခံရလျှင် အဘယ်သို့ဖြစ်မည်ကို သူစိုးရိမ်ကြောက်လန့်နေခဲ့မိပါသည်။ စိတ်ပျက်လက်ပျက်ဖြင့်၊ "ရှောလုသည် ထားကိုယူ၍ ထောင်ပြီးလျှင်၊ ထားဖျားပေါ်မှာလှဲ၍သေ၏။" (၁ ရာဇဝင်ချုပ် ၁၀း၄)

ဝမ်းနည်းဖွယ်ရာ ရှောလု၏ သေဆုံးခြင်းအကြောင်းအရာအား ကျမ်းစာတော်မြတ်က အဘယ်သို့ ကောက်ချက်ချထားသည်ကို မှတ်သားထားပါလေ။

> ထိုသို့ရှောလုသည် ထာဝရဘုရား၏ စကားတော်ကို နားမထောင်၊ လွန်ကျူး၍ ထာဝရဘုရားကို ပြစ်မှားသောကြောင့်၎င်း၊ ထာဝရဘုရားကို မမေးမြန်းဘဲ နတ်ဝင်မိန်းမကို ရှာဖွေမေးမြန်းသောကြောင့်၎င်း၊ ထာဝရဘုရားသည် သူ့ကိုကွပ်မျက်၍၊ နိုင်ငံတော်ကို ယေရှဲသားဒါဝိဒ်၌ လွှဲအပ်တော်မူ၏။ (ရာဇဝင်ချုပ် ပထမစောင် ၁၀း၁၃-၁၄)

ရှောလု၏သေဆုံးမှု၌ ကျွန်ုပ်တို့တွေ့မြင်ရသည့် ဘုရားသခင်၏ တစ်ခုတည်းသောလုပ်ဆောင်ချက်မှာ ရှောလုအား မိမိ၏ရွေးချယ်မှုအတိုင်း ရှေ့ဆက်လျှောက်ဖို့နှင့် သူပြုသောအမှုများတို့၏ အကြိုးဆက်များကို တွေ့ကြုံခံစားဖို့ သူ့အား ခွင့်ပေးခဲ့ခြင်းသာဖြစ်သည်။ ရှောလု၏ သေဆုံးခြင်းအမှုသည် ကိုယ်ကိုယ်ကို သတ်သေသောအမှုဖြစ်သည်။ လူသတ်မှု မဟုတ်ပါချေ။ သို့ရာတွင်၊ သူ့အား ဘုရားသခင်ကွပ်မျက်သည်ဟု ကျမ်းစာတွင် သုံးနှုန်းထားပါသည်။ ဘုရားသခင်၏ လုပ်

ဆောင်ချက်အကြောင်းကို ဖော်ပြရာတွင် ဤနေရာ၌အသုံးပြုထားသည့် စကားလုံးမှာ အဘိဓါန်၏အနက်ဖွင့်ဆိုပုံနှင့် လုံးဝကွာခြားနေပါသည်။ ဤဥပမာသည် ချွင်းချက်ဥပမာတစ်ခုမဟုတ်ပါချေ။ နောက်သင်ခန်းစာတွင် အမျက်တော်၊ ဒေါသနှင့် အပြစ်ရှိသည်ဟုယုံလွယ် (jealous) စသည့် ကျမ်းစာပါ စကားလုံးများကို ဆန်းစစ်လေ့လာသွားမည်ဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်နှင့် အကျင့်အကြောင်းကို ရည်ညွှန်းဖော်ပြရာတွင် ဤစကားလုံးများတို့ကို ၎င်းတို့၏ပုံမှန်အသုံးပြုပုံနှင့် လုံးဝကွာခြားနေသည့်အဓိပ္ပါယ်တစ်မျိုးဖြင့် ကျမ်းစာက သုံးနှုန်းထားပေးပါသည်။

> တွေ့နိုင်သည် ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည် ကာလတွင် ဆုတောင်းပဌနာပြုကြလော့။ ဆိုးသောသူသည် မိမိလမ်းကို ၎င်း၊ မတရားသောသူသည် မိမိအကြံတို့ကို၎င်း စွန့်ပစ်၍၊ ထာဝရဘုရား ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည် လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုဃ်းကောင်းကင်သည် မြေကြီးထက် သာ၍မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၎င်း၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်၎င်း သာ၍မြင့်၏။
>
> ___ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၆-၉

# ၁၃။ ဘုရားသခင်၏ အမျက်တော်ကား အဘယ်နည်း။

ဓမ္မဟောင်းကျမ်းကို ဖတ်ရှုရာတွင်၊ ဘုရားသခင်၏ အမျက်တော်နှင့်စပ်ဆိုင်သည့်မေးခွန်းက အများသောသူတို့အဖို့ ရှုပ်ထွေးနေတတ်ပါသည်။ ဘုရားသခင်၏ အမျက်တော်နှင့် ဒေါသအကြောင်းကို ပြောဆိုထားသော ကျမ်းချက်အများအပြားရှိသည်။ သို့ရာတွင်၊ သူ၏အမျက်တော်ကား အဘယ်နည်း။ ဤမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် ကျမ်းစာတွင်ပါရှိသည့် ဥပမာတချို့တို့ကို ကြည့်ရှုလျှင် အဖြေမှန်ရရှိလာနိုင်မည်ဖြစ်သည်။ ပထဦးဆုံးအနေဖြင့်၊ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှနှုတ်ဆောင်ပေးဖို့ မောရှေကို စေခိုင်းတော်မူခဲ့သည့် ဘုရားသခင်၏ စေခိုင်းတော်မူချက်တွင် ထိုသခင်၏ အမျက်တော်အကြောင်းကို ဖေါ်ပြထားပေးပါသည်။ ထိုစဉ်က ဘုရားသခင်၏ အမျက်တော်ထင်ရှားခြင်းအကြောင်းကို ဖြစ်စေခဲ့ သည့် အခြေအနေရပ်များကား အဘယ်နည်း။

> မောရှေကလည်း၊ အိုဘုရားရှင်၊ အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။ အထက်ကလည်းမရှိပါ။ ကိုယ်တော်ကျွန်အား မိန့်တော်မူသောအခါ၌ပင် မရှိပါ။ နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သောသူ ဖြစ်ပါ၏ဟု ထာဝရဘုရားအား လျှောက်ဆို၏။ ထာဝရဘုရားကလည်း၊ လူ၏နှုတ်ကို အဘယ်သူ ဖန်ဆင်းသနည်း။ စကားအသောသူ၊ နားပင်းသောသူ၊ မျက်စိမြင်သောသူ၊ မမြင်သောသူတို့ကို အဘယ်သူဖန်ဆင်းသနည်း။ ငါထာဝရဘုရား ဖန်ဆင်းသည်မဟုတ်လော။ သို့ဖြစ်၍ ယခုသွားလော့။ သင်၏ နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ပြောရမည်ကို သွန်သင်မည်ဟု မိန့်တော်မူ၏။ မောရှေကလည်း၊ အိုဘုရားရှင်၊ အလိုတော်ရှိသောသူ၏ လက်တွင် ပေးလိုက်တော်မူပါဟု လျှောက်သော်၊ (ထွက်မြောက်ရာကျမ်း ၄း၁ဝ-၁၃)

ဖါရောမင်းရှေ့တော်သို့ တစ်ဦးတည်းခစားဝင်ရောက်ရန် မောရှေကြောက်ရွံ့နေခဲ့ပြီး၊ စကားပြောမည့်သူတစ်ဦးကို ပေးဖို့ သူတောင်းဆိုခဲ့ပါသည်။ ဘုရားသခင်အဘယ်သို့ ပြန်လည်တုံ့ပြန်ခဲ့ပါသနည်း။

ထာဝရဘုရားသည် မောရှေအား အမျက်တော်ထွက်၍၊ လေဝိလူ အာရုန်သည် သင်၏အစ်ကိုဖြစ်သည်မဟုတ်လော။ သူသည် ကောင်းမွန်စွာ ပြောတတ်သည်ကို ငါသိ၏။ သူသည်လည်း သင့်ကို ခရီးဦးကြိုပြုခြင်းငှါ ယခုလာ၏။ တွေ့မြင်သောအခါ ဝမ်းမြောက်လိမ့်မည်။ (ထွက်မြောက်ရာကျမ်း ၄း၁၄)

မိမိ၏အမျက်တော်ကို ဘုရားသခင်အဘယ်သို့ ဖော်ပြတော်မူခဲ့သနည်း။ မောရှေ လိုချင်ခဲ့သောအရာကို ပေးသနားတော်မူခဲ့ခြင်းဖြင့် ဖော်ပြတော်မူခဲ့ပါသည်။ ဘုရားသခင်၏ အမျက်တော်အကြောင်းကို ဖော်ပြထားသည့် အခြားကျမ်းပိုဒ်အချို့တို့ ကို ဆက်လက်လေ့လာကြည့်ကြပါစို့။

ဣသရေလအမျိုးသားတို့နှင့် ရောနှောလျက်ပါသောတပါးအမျိုးသားတို့သည် တောင့်တသောစိတ်စွဲလမ်းကြ၏။ ဣသရေလအမျိုးသားတို့သည်လည်း တဖန်ငိုကြွေးလျက် ငါတို့စားစရာဘို့ အမဲသားကို အဘယ်သူပေးလိမ့်မည်နည်း။ ထိုအခါ လူများအသီးအသီးတို့သည် မိမိတဲတံခါးဝ၌ မိမိအိမ်ထောင်နှင့်တကွ ငိုကြွေးကြသည်ကို မောရှေကြားရ၏။ ထာဝရဘုရားသည် ပြင်းစွာအမျက်ထွက်တော်မူ၏။ ထိုအခါ ထာဝရဘုရားသည် လေကို စေလွှတ်၍၊ ငုံးများကို ပင်လယ်မှဆောင်ခဲ့သဖြင့်၊ တပ်ပတ်လည် တရက်ခရီးစီတိုင်တိုင်ကွာသောအရပ်တို့၌၊ မြေပေါ်မှာဒူးနှစ်တောင်ခန့်မျှ ဆင်းစေတော်မူ၏။ လူများတို့သည် တနေ့လုံး၊ တညဉ့်လုံး၊ နက်ဖြန်လည်း တနေ့လုံးထ၍ ငုံးများကို စုသိမ်းကြ၏။ နည်းနည်း သိမ်းသောသူသည် ဆယ်ဟောမဲကို သိမ်းရ၏။ တပ်ပတ်လည်အရပ်ရပ်၌ ဖြန့်ထားကြ၏။ (တောလည်ရာကျမ်း ၁၁း၄၊ ၁ဝ၊ ၃၁-၃၂)

ဤဖြစ်ရပ်တွင်၊ ဘုရားသခင်၏ အမျက်တော်အကြောင်း ဖော်ပြထားချက်ကို ကျွန်ုပ်တို့တဖန်တွေ့ရပြန်သည်။ ဘုရားသခင် အဘယ်သို့ ပြုတော်မူခဲ့ပါသနည်း။ ဣသရေလလူများ လိုချင်သောအရာကို သူပေးသနားတော်မူခဲ့သည်။

ရှမွေလသည် အသက်ကြီးသောအခါ၊ မိမိသားတို့ကို ဣသရေလအမျိုး၌ အုပ်စိုးရသောအခွင့်နှင့် ခန့်ထား၏။ သားဦးအမည်ကား ယောလ၊ ဒုတိယ သားအမည်ကား အဘိရတည်း။ ထိုသူတို့သည် ဗေရရှေဗမြို့၌ တရားသူ ကြီးလုပ်ကြ၏။ သို့ရာတွင် အဘလမ်းသို့မလိုက်။ ငွေကိုတပ်မက်သော စိတ်နှင့်လွဲသွား၍ တံစိုးစားလျက် တရားကိုဖျက်ကြ၏။ ထိုအခါ ဣသရေ လအမျိုး အသက်ကြီးသူအပေါင်းတို့သည် စည်းဝေး၍၊ ရှမွေလရှိရာအရပ် ရာမမြို့သို့လာပြီးလျှင်၊ ကိုယ်တော်သည် အသက်ကြီးပါ၏။ ကိုယ်တော် ၏သားတို့သည် ကိုယ်တော်လမ်းသို့ မလိုက်ကြပါ။ လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုးရသောရှင်ဘုရင်ကို ချီး မြှောက်ပါလော့ဟု လျှောက်ကြ၏။ ထိုသို့ အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ပေးပါလော့ဟု လျှောက်သောအမှုကို ရှမွေလသည် မနှစ် သက်သောကြောင့် ထာဝရဘုရားအား ဆုတောင်းလေ၏။ ထာဝရဘုရား ကလည်း၊ သင့်အား လူများတို့ ပြောဆိုသမျှသောစကားကို နားထောင် လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်း ငှါ ငါ့ကိုလည်းပယ်ကြပြီ။ (ဓမ္မရာဇဝင်ပထမစောင် ၈း၁-၇)

ရှင်ဘုရင်ပေးဖို့ တောင်းဆိုခဲ့ကြသည့် ထိုသူတို့၏ တောင်းဆိုချက်သည် သူတို့အဖို့ ကောင်းအကျိုးစီးပွား ဖြစ်မည်မဟုတ်ကြောင်း များစွာသော သက်သေ အကြောင်းပြချက်များနှင့် ပုရောဖက်ရှမွေလမှတဆင့် သူတို့အား ဘုရားသခင် ရှင်းပြခဲ့သည်။

သို့သော်လည်း လူများတို့က၊ မဟုတ်ပါ။ အုပ်စိုးသောရှင်ဘုရင်ကို လိုချင်ပါ ၏။ အကျွန်ုပ်တို့သည် တပါးအမျိုးသားအပေါင်းတို့နှင့် တူမည်အကြောင်း အကျွန်ုပ်တို့ကို အုပ်စိုးသောရှင်ဘုရင်ရှိရမည်။ အကျွန်ုပ်တို့ရှေ့မှာ ထွက် ကြွ၍စစ်တိုက်ရမည်ဟု ရှမွေလ၏စကားကို နားမထောင်ဘဲဆိုကြ၏။ (ဓမ္မရာဇဝင်ပထမစောင် ၈း၁၉-၂၀)

ထိုသူတို့၏ အဆက်မပြတ်ခေါင်းမာနေမှုအပေါ် ဘုရားသခင် အဘယ်သို့ တုံ့ပြန်ခဲ့သနည်း။ "ထာဝရဘုရားကလည်း၊ သူတို့စကားကို နားထောင်၍ သူတို့အဘို့

ရှင်ဘုရင်ကို ချီးမြှောက်လော့။” (အငယ် ၂၂)။ အမျက်တော်ထွက်လျက် သူတို့အား ဘုရားသခင် ရှင်ဘုရင်ပေးခဲ့သည်အကြောင်းကို ကျွန်ုပ်တို့ အဘယ်သို့သိရသနည်း။ ဤသမိုင်းကြောင်းကို ပြန်လည်ရည်ညွှန်းသည့်အနေဖြင့်၊ ထိုသူတို့၏တောင်းဆိုမှုကို ဖြည့်ဆည်းပေးတော်မူခဲ့ရာတွင် ဘုရားသခင်၏အမြင် အဘယ်သို့ရှိခဲ့သည်ကို ပရောဖက်ဟောရှေ မိန့်ထားခဲ့ပါသည်။

> အို ဣသရေလ၊ သင့်ကို ကယ်တင်နိုင်သောအရှင် ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။ သင်၏ ရှင်ဘုရင်သည် အဘယ်မှာရှိသနည်း။ သင့်နေရာမြို့ရှိသမျှတို့၌ ကယ်တင်ပါစေသော။ သင်၏ တရားသူကြီးတို့သည် အဘယ်မှာရှိကြသနည်း။ ရှင်ဘုရင်နှင့် မင်းများကိုပေးပါဟု သင်တောင်းသောကြောင့်၊ ငါအမျက်ထွက်၍ ရှင်ဘုရင်ကို ပေးပြီ။ တဖန်ပြင်းစွာ အမျက်ထွက်၍ ရှင်ဘုရင်ကို ပယ်ရှားပြီ။
> (ဟောရှေအနာဂတ္တိကျမ်း ၁၃း၉-၁၁၊ အဓိကကိုးကားချက်)

ဘုရားသခင်၏ အမျက်တော်ကား၊ မိမိတို့အဖို့ အကျိုးမရှိသောအရာကို တောင်းဆိုနေကြသည့် ဣသရေလလူတို့အား သူတို့ဆန္ဒအတိုင်း ဖြည့်ဆည်းပေးခြင်းအမှုနှင့် အနက်အဓိပ္ပါယ်ခြင်းတူကြောင်း ဤကျမ်းစာ အဖြစ်အအပျက်သုံးခုက ရှင်းလင်းစွာ ပြသပေးထားသည်။ ဘုရားသခင်၏အမျက်တော် ဟူ သောစကားလုံးကို အဘိဓါန်တွင် တွေ့ရှိရသည့် အမျက်ဒေါသဆိုသည့်စကားလုံး၏ အဓိပ္ပါယ်နှင့် အဓိပ္ပါယ်ခြင်း လုံးဝကွဲပြားသွားအောင် ကျမ်းစာတွင် အနက်ဖွင့်ဆိုနိုင်ကြောင်း ဤအဖြစ်အပျက်များမှ အထောက်အထားလုံလုံလောက်လောက် ကျွန်ုပ်တို့ ရရှိသင့်ကြပြီးဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အခြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်မျိုးလည်း ရှိနေနိုင်ပါသည်။ ယေရှုအမျက်ထွက်တော်မူခဲ့ရာတွင် အဘယ်သို့ဖြစ်ပျက်သွားခဲ့ပါသနည်း။

> တရားစရပ်သို့ တဖန်ဝင်တော်မူ၍၊ ထိုစရပ်၌ လက်တဘက်သေသော သူတယောက်ရှိ၏။ ဥပုသ်နေ့၌ သူ၏ရောဂါကို ငြိမ်းစေမည် မငြိမ်းစေမည်ကို ထိုသူတို့သည် ကိုယ်တော်၌ အပြစ်တင်ခွင့်ကိုရှာ၍ ချောင်းကြည့်ကြ

၏။ ကိုယ်တော်ကလည်း၊ အလယ်၌ မတ်တတ်နေလော့ဟု လက်တဘက် သေသောသူအား မိန့်တော်မူပြီးမှ၊ ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကို ဖျက်ဆီးအပ်သလော၊ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလောဟု ပရိသတ်တို့အား မေးတော်မူလျှင်၊ ထိုသူတို့သည် တိတ်ဆိတ်စွာနေကြ၏။ ထိုအခါ အမျက်တော်နှင့် သူတို့ကို ပတ်လည်ကြည့်ရှု၍ သူတို့စိတ်နှလုံးမိုက်သောကြောင့် ဝမ်းနည်းတော်မူခြင်းရှိလျက်၊ သင်၏ လက်ကိုဆန့်လော့ဟု ထိုသူအား မိန့်တော်မူ၍ သူသည် မိမိလက်ကိုဆန့်လျှင်၊ ထိုလက်သည် လက်တဘက်ကဲ့သို့ ပကတိဖြစ်လေ၏။ ထိုအခါ ဖာရိရှဲတို့သည် ထွက်၍ ကိုယ်တော်ကို အဘယ်သို့ဖျက်ဆီးရအံ့နည်းဟု ဟေရုဒ်တပည့်တို့နှင့် ချက်ခြင်းတိုင်ပင်ကြ၏။ (မာကု ၃း၁-၆)

ဤသည်မှာ၊ ဖာရိရှဲများနှင့် ယေရှုထိပ်တိုက်ရင်ဆိုင်ခဲ့သည့် တွေ့ဆုံပွဲတစ်ပွဲပင်ဖြစ်သည်။ သူတို့၏ ပညတ်ချက်များတွင် ဥပုသ်နေ့၌ အနားငြိမ်းခြင်းအမှုကို တား မြစ်ပိတ်ပင်ထားသည်။ ယေရှုသည် ထိုသူတို့၏ စိတ်နှလုံးကို ရှုမှတ်တော်မူလျက်၊ "အမျက်တော်နှင့် သူတို့ကို ပတ်လည်ကြည့်ရှု"တော်မူခဲ့ပါသည်။ လက်သေသောသူ၌ ပြသခဲ့သည့် သနားခြင်းကရုဏာစိတ် မရှိသော ဘာသာရေးခေါင်းဆောင်များတို့၏ အကြင်နာမေတ္တာတရား ခေါင်းပါးခြင်းအတွက် ယေရှုဝမ်းနည်းစိတ်ပျက်နေခဲ့မိသည်။ ဘုရားသခင်၏ အမျက်တော်အကြောင်းနှင့်ပတ်သက်ပြီး ကျမ်းစာတွင် အခြားသော ဖော်ပြချက်များရှိပါသေးသလော။

> သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်းအမှု အမျိုးမျိုးတို့ တဘက်၌ ဘုရားသခင်၏ အမျက်တော်သည်ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။ (ရောမဩဝါဒစာ ၁း၁၈၊ အဓိကကိုးကားချက်)

ဘုရားသခင်၏ အမျက်တော် အဘယ်သို့ထင်ရှားတော်မူပါသနည်း။

ထိုကြောင့်သူတို့သည် မိမိတို့ကိုယ်ကာယ၏ အသရေကို အချင်းချင်း ရှုတ်ချမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ကိုသူတို့၏ ကိလေသာ စိတ်ညစ်ညူးခြင်း လက်သို့ အပ်လိုက်တော်မူ၏။ (ရောမဩဝါဒစာ ၁း၂၄၊ အဓိကကိုးကားချက်)

ထိုသို့ပြုကြသောကြောင့် ဘုရားသခင်သည် သူတို့ကို ရှက်ကြောက်ဘွယ် သောကိလေသာလက်သို့ အပ်လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူ ကား၊ မိန်းမတို့သည် ပကတိထုံးစံကိုစွန့်၍၊ ပကတိနှင့် ဆန့်ကျင်ဘက် ထုံးစံကိုလိုက်ကြ၏။ (ရောမဩဝါဒစာ ၁း၂၆၊ အဓိကကိုးကားချက်)

ထိုသူတို့သည် ဘုရားသခင်ကို မသိမမှတ်လိုသည်ဖြစ်၍၊ မလျောက်ပတ် သောအမှုကို ပြုစေမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ကို မောဟ လက်သို့ အပ်လိုက်တော်မူသည်နှင့်အညီ၊ (ရောမဩဝါဒစာ ၁း၂၈၊ အဓိက ကိုးကားချက်)

ဘုရားသခင်သည် သူတို့ကို အပ်တော်မူသည် ဆိုသည့်အသုံးအနှုန်းဖြင့် ဤနေရာတွင် ဘုရားသခင်၏အမျက်တော်ကို အနက်ဖွင့်ထားပါသည်။ တနည်းဆိုရ သော်၊ မိမိထံမှ ကိုယ်စိတ်သဘောအတိုင်း ခွဲထွက်သွားနိုင်သည့် လွတ်လပ်ခွင့်မျိုးကို လူသားတို့အား ဘုရားသခင်ပေးထားသည် ဆိုသည့်အဓိပ္ပါယ်ပင်ဖြစ်သည်။ ထို သခင်၏အမျက်တော်မှာ၊ မကြာခဏဆိုသလို ကျွန်ုပ်တို့ယူဆထားတတ်ကြသည့် လှည့်စားဖျက်စီးပစ် လိုသည့် အမျက်တော်မျိုးမဟုတ်ပါချေ။ ဓမ္မဟောင်းကျမ်း၏ ကျမ်းချက်တစ်ချို့ကို ဆက်လက်ကြည့်ရှုသွားကြပါစို့။

လူများတို့သည် တနေ့လုံး၊ တညဉ့်လုံး၊ နက်ဖြန်လည်း တနေ့လုံးထ၍ ငုံးများကို စုသိမ်းကြ၏။ နည်းနည်း သိမ်းသောသူသည် ဆယ်ဟောမဲကို သိမ်းရ၏။ တပ်ပတ်လည်အရပ်ရပ်၌ ဖြန့်ထားကြ၏။ သို့ရာတွင် ငုံးသား ကိုကိုက်၍ မဝါးမီ၊ ထာဝရဘုရားသည် သူတို့ကို အမျက်တော်ထွက်၍

အလွန်ပြင်းသောဘေးနှင့်ဒဏ်ခတ်တော်မူ၏။ (တောလည်ရာကျမ်း ၁၁း ၃၂-၃၃)

ဣသရေလလူတို့အား အမျက်ထွက်လျက် ငုံးငှက်များကို ဘုရားသခင် ချပေးတော်မူခဲ့သည့် ဖြစ်ရပ်သို့ ကျွန်ုပ်တို့ ပြန်လည်ကြည့်ရှုနေခြင်းဖြစ်သည်။ ဤနေရာတွင် ထိုသူတို့၏ အစားကြူးခြင်းကြောင့် ဖြစ်ပေါ်လာခဲ့သည့် အကျိုးဆက်တစ်ခုကို တွေ့ရှိရသည်။ “ထာဝရဘုရားသည် သူတို့ကို အမျက်တော်ထွက်၍ အလွန်ပြင်းသောဘေးနှင့် ဒဏ်ခတ်တော်မူ၏။”

ဣသရေလလူများ စခန်းချနေထိုင်ရာ တောထဲတွင် တန်နှင့်ချီသည့် ငုံးသားများအား ကြာရှည်ခံအောင် သိုထား၍ရနိုင်မည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့ မှတ်သားထားဖို့ကောင်းပါသည်။ ထိုအသားများ အလျင်အမြန်ပျက်စီးပြီး လူသားများ စားသုံးရန်ပင် သင်တော်တော့မည် မဟုတ်ပါချေ။ ဤအချက်ကို စိတ်တွင်စွဲမှတ်လျက်၊ ထိုနေရာတွင် မည်သည့်ကပ်ဘေးမျိုး ဖြစ်ပေါ်လာနိုင်သည်ကို သင်သုံးသပ်ကြည့်ပါလေ။ မမြင်နိုင်သည့် ရောဂါပိုးမွှားများကြောင့် ဖြစ်ပေါ်သည့် အစာအဆိပ်သင့်မှုသည် သေစေလောက်သည့်ရောဂါတစ်ခုဖြစ်ပါသည်။ “တောင့်တသောသူတို့ကို သင်္ဂြိုဟ်ရာထိုအရပ်ကို ကိဗြုတ်သတ္တဝါဟူသော အမည်ဖြင့် မှည့်လေ၏။” (အငယ် ၃၄)။ ဤဖြစ်ရပ်တွင် “ဘုရားသခင်၏အမျက်တော်”ကား အဘယ်နည်း။ အကြောင်းတရားနှင့် အကျိုးဆက် ပါဝင်နေသည့် ဖြစ်စဉ်တစ်ခု၌ ဘုရားသခင် ဝင်ရောက်စွက်ဖက်မှု မပြုပဲနေခြင်းပင် ဖြစ်သည်မဟုတ်ပါလော။

ထိုအခါ ငါသည် အမျက်တော်ထွက်၍ သူတို့ကိုစွန့်မည်။ သူတို့မှ ငါ့မျက်နှာကို လွှဲသဖြင့်၊ သူတို့သည် ပျက်စီး၍ ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံကြလိမ့်မည်။ ထိုအခါ သူတို့က၊ ငါတို့ဘုရားသခင်သည် ငါတို့တွင် ရှိတော်မမူသောကြောင့်၊ ဤဘေးဒဏ်တို့သည် ငါတို့အပေါ်မှာ ရောက်သည်မဟုတ်လောဟု ဆိုကြလိမ့်မည်။ သူတို့သည် အခြားတပါးသောဘုရားတို့နောက်သို့ လွှဲသွား၍ ပြုသောဒုစရိုက်အပေါင်းတို့ကြောင့်၊ ထိုအခါ ငါသည် ကိုယ်မျက်နှာကို ဧကန်အမှန်လွှဲမည်။ (တရားဟောရာကျမ်း ၃၁း၁၇-၁၈)

ဘုရားသခင်မျက်နှာလွှဲခြင်း၏ အနက်ကား အဘယ်နည်း။ "ငါတို့ဘုရားသခင်သည် ငါတို့တွင် ရှိတော်မမူသောကြောင့်၊ ဤဘေးဒဏ်တို့သည် ငါတို့အပေါ်မှာ ရောက်သည်မဟုတ်လော။" ဤအသုံးအနှုန်းမှလည်း ဘုရားသခင်ကြားဝင်စွက်ဖက်မှု မပြုပဲနေခြင်းအကြောင်းကို ထပ်မံဖော်ပြပေးလိုက်ပြန်ပါသည်။ "သူတို့သည် အခြားတပါးသောဘုရားတို့နောက်သို့ လွှဲသွား၍ ပြုသောဒုစရိုက်အပေါင်းတို့ကြောင့်၊" မည်သည့် အကျိုးရလဒ်မျိုး ရရှိလာလိမ့်မည်နည်း။ "သူတို့သည် ပျက်စီး ၍ ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံကြလိမ့်မည်။" အခြားတပါးသောဘုရားတို့နောက်သို့ ဣသရေလလူများ လိုက်သွားခဲ့ကြရာတွင်၊ စစ်မှန်သော ဘုရားသခင်အား သူတို့ကျောခိုင်းသွားခဲ့ကြပြီး၊ ဘုရားသခင်အနေဖြင့် သူတို့အား ရှောင်လွှဲမရနိုင်သည့် အကျိုးဆက်များမှ ကွယ်ကာမပေးနိုင်တော့ပါချေ။

> ထိုကာလအခါ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍ ဗာလဘုရားတို့ကို ဝတ်ပြုကြ၏။ အဲဂုတ္တုပြည်မှ သူတို့ကိုဆောင်ခဲ့တော်မူသော ဘိုးဘေးတို့၏ဘုရားသခင် ထာဝရဘုရားကို စွန့်၍၊ ပတ်ဝန်းကျင်၌ရှိသော လူမျိုးတို့၏ဘုရားတပါးတို့နောက်သို့လိုက်လျက် ဦးညွှတ်သဖြင့် ထာဝရဘုရားအမျက်တော်ကို ထွက်စေကြ၏။ ထာဝရဘုရားကိုစွန့်၍ ဗာလဘုရား၊ အာရှတရက်ဘုရားတို့ကို ဝတ်ပြုကြသောကြောင့်၊ ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာအမျက်ထွက်လျက်၊ လုယူသော သူတို့လက်သို့အပ်၍၊ ပတ်ဝန်းကျင်ရှိ ရန်သူတို့၌ ရောင်းတော်မူသဖြင့်၊ ရန်သူတို့ရှေ့မှာ သူတို့သည် တဖန်မရပ်နိုင်ကြ။ (တရားသူကြီးမှတ်စာ ၂း၁၁-၁၄)

ဤကျမ်းပိုဒ်က ဣသရေလလူတို့၏ ဘုရားသခင်အပေါ် အဆက်မပြတ်ဖေါက်ပြန်နေခြင်းအကြောင်း ဖေါ်ပြပေးနေပါသည်။ ဤသို့ဖြင့် ဘုရားသခင်သည် ထို သူတို့အား "လုယူသော သူတို့လက်သို့အပ်၍၊" "ရန်သူတို့၌ ရောင်းတော်မူ" ခဲ့လေ တော့သည်။ ဤနေရာတွင်၊ သူတို့၏ဘေးကျပ်နံကျပ်အခြေအနေ၌ သူတို့နှင့် ဘုရားသခင် တဖန်အဆက်ဖြတ်ထားခဲ့ခြင်းအကြောင်းကို ဖေါ်ပြထားပေးပြန်သည်။

ကြွသရေလလူတို့၏ဖေါက်ပြန်ခြင်းအမှုကြောင့်၊ သူတို့၏မြေပေါ်သို့ ရန်သူများကျူး ကျော်ဝင်ရောက်ခြင်းမပြုနိုင်အောင် ဘုရားသခင်တားဆီးမပေးနိုင်ခဲ့ခြင်းဖြစ်သည်။

သူတို့သည် မြင့်သောအရပ်များအားဖြင့်၊ အမျက်တော်ကို နှိုးဆော်၍၊ ရုပ်တုများအားဖြင့်လည်း စိတ်တော်ကို ချုပ်ချယ်နှောင့်ရှက်ကြ၏။ ဘုရားသခင်သည် ကြားသိတော်မူလျှင်၊ အမျက်တော်ထွက်၍၊ ဣသရေလအမျိုးသားတို့ကို အလွန်ရွံရှာသဖြင့်၊ ရှိလောတဲတော်တည်းဟူသော၊ လူတို့တွင် နေရာချတော်မူသော အရပ်ကိုစွန့်တော်မူ၏။ တန်ခိုးတော်ကို သိမ်းသွားစေခြင်းငှါ၎င်း၊ ဘုန်းတော်ကို ရန်သူတို့လက်သို့ ရောက်စေခြင်း ငှါ၎င်း စီရင်တော်မူ၏။ မိမိလူတို့ကိုလည်း ထားဘေး၌အပ်၍၊ အမွေတော်ကို အမျက်ထွက်တော်မူ၏။ (ဆာလံကျမ်း ၇၈း ၅၈-၆၂)

ဤနေရာတွင် တွေ့ရသည့် အမျက်တော်၏ အနက်အဓိပ္ပါယ်မှာ၊ စွန့်ပစ်ခြင်း၊ ရန်သူလက်သို့ ရောက်စေခြင်းနှင့် အပ်တော်မူခြင်း တို့ပင်ဖြစ်ပါသည်။

ထိုကြောင့် ထာဝရဘုရားသည် မိမိလူတို့ကို အမျက်တော်ထွက်၍၊ မိမိအမွေတော်ကို ရွံရှာတော်မူ၏။ သူတို့ကို တပါးအမျိုးသားတို့လက်သို့ အပ်တော်မူသဖြင့်၊ မုန်းသောသူတို့သည် အုပ်စိုးရကြ၏။ (ဆာလံကျမ်း ၁၀၆း ၄၀-၄၁)

ဤနေရာတွင် "သူတို့ကို တပါးအမျိုးသားတို့လက်သို့ အပ်တော်"မူသည့် အဓိပ္ပါယ်ဖြင့် ဘုရားသခင်၏အမျက်တော်အကြောင်းကို ဖေါ်ပြထားပေးပါသည်။

ပြင်းစွာသော အမျက်ထွက်၍ **[အင်္ဂလိပ်ကျမ်းစာတွင် - အနည်းငယ်အမျက်ထွက်၍ (in a little wrath) ]** ခဏမျှ ငါမျက်နှာလွှဲသော်လည်း၊ ထာဝရမေတ္တာနှင့် သင့်ကို ကယ်မသနားဦးမည်ဟု သင့်ကိုရွေးနှုတ်သော ထာဝရဘုရားမိန့်တော်မူ၏။ (ဟေရှာယ ၅၄း၈)

ဤကျမ်းပိုဒ်တွင် "အနည်းငယ်အမျက်ထွက်၍" ဆိုသည့်အသုံးအနှုန်းကို ဘုရားသခင်၏ "ခဏမျှ" မျက်နှာလွှဲခြင်းအနေနှင့် အနက်ဖွင့်ဆိုထားပါသည်။ ကျွန်ုပ်တို့အပေါ်ထားရှိသည့် ဘုရားသခင်၏ သနားခြင်းဂရုဏာတော်နှင့် ကျေးဇူးတော်ကား ထာဝရပင် ဖြစ်ပေသည်။

> သင်တို့ညီအစ်ကို ဖေရိမ်အမျိုးသားရှိသမျှတို့ကို ငါနှင်ထုတ်သကဲ့သို့ သင်တို့ကို ငါ့ထံမှငါနှင်ထုတ်မည်။ ထိုသို့ပြု၍ ငါ့ကို နှောင့်ယှက်ကြသလော။ မိမိတို့ မျက်နှာကို ဖျက်မည်အကြောင်း၊ မိမိတို့ကိုယ်ကိုသာ နှောင့်ယှက်ကြသည်မဟုတ်လောဟု ထာဝရဘုရားမိန့်တော်မူ၏။ သို့ဖြစ်၍၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤအရပ်၌ရှိသောလူ၊ တိရစ္ဆာဆန်၊ သစ်ပင်၊ မြေအသီးအနှံအပေါ်မှာ ငါသည် ဒေါသအမျက်မီးကို သွန်းလောင်း၍၊ ထိုမီးသည် မငြိမ်းဘဲလောင်လိမ့်မည်။ (ယေရမိအနာဂတ္တိကျမ်း ၇း၁၅၊ ၁၉-၂၀)

"ထိုသို့ပြု၍ ငါ့ကိုနှောင့်ယှက်ကြသလော။.....မိမိတို့ကိုယ်ကိုသာ နှောင့်ယှက်ကြသည်မဟုတ်လော"ဟု ဘုရားသခင် မေးမြန်းတော်မူခဲ့ပါသည်။ ထိုသူတို့ ကြုံတွေ့နေရသည့် ဒုက္ခပြဿနာများကား သူတို့ပြုသော ရုပ်တုကိုးကွယ်ခြင်းအမှု၏ အကျိုးဆက်တစ်ခုသာဖြစ်သည်။ ဘုရားသခင်ထံမှလာသော ပြစ်ဒဏ်မဟုတ်ပါချေ။

> သင်၏သစ္စာဆံပင်ကိုရိတ်၍ ပစ်လိုက်လော့။ မြင့်သောအရပ်၌ မြည်တမ်းခြင်းကိုပြုလော့။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူမျိုးကို ပယ်တော်မူပြီ။ အမျက်တော်သင့်ရောက်သော အမျိုးကို စွန့်ပစ်တော်မူပြီ။ (ယေရမိအနာဂတ္တိကျမ်း ၇း၂၉၊ အဓိကကိုးကားချက်)

တစ်ခုတည်းသော ဤစကားရပ်ကိုသာ အသုံးပြုထားသည့် ကျမ်းပိုဒ်အမြောက်အများရှိ နေပါသေးသည်။ သို့ရာတွင်၊ ဘုရားသခင်၏အမျက်တော်သည် သူ့ထံမှဆင်းသက်သော ပြစ်ဒဏ်မဟုတ်ကြောင်းကို သက်သေနှင့် ချပြပေးရာတွင် ကျွန်ုပ်တို့ကြည့်ရှုလာခဲ့သည့် ကျမ်းပိုဒ်များနှင့်ပင် လုံလောက်နေသင့်ပါသည်။ မိမိ

အား လက်ခံရန် (သို့) ငြင်းပယ်ရန် ကျွန်ုပ်တို့အား ဘုရားသခင်လွတ်လပ်ခွင့် ပေးထားပါသည်။ ကိုယ့်လမ်းကိုယ်လျှောက်ရန် ကျွန်ုပ်တို့အား ဘုရားသခင် မဖြစ်မနေ လွှတ်ထားပေးရသည့် အခြေအနေမျိုးတွင်၊ ဘုရားသခင်၏အမျက်တော်ကို ကျွန်ုပ်တို့၏ မှားယွင်းသောရွေးချယ်မှုများကြောင့် ဖြစ်ပေါ်လာသည့် အလိုအလျောက် အကျိုးဆက်များအဖြစ် ကျွန်ုပ်တို့ တွေ့ရှိရပေလိမ့်မည်ဖြစ်သည်။ ဘုရားသခင် မလှုပ်မယှက်ပဲနေခြင်းကို ဆိုလိုပါသည်။ ထိုသို့နေတော်မူခြင်းကို စွန့်ပစ်ခြင်း၊ မျက်နှာလွှဲခြင်း၊ အပ်တော်မူခြင်း၊ လွှတ်ထားခြင်း၊ ပေးလိုက်ခြင်းနှင့် အခြားသော ဆင်တူ အသုံးအနှုန်းများတို့ဖြင့် ဖော်ပြပေးထားပါသည်။

မောရှေရှေ့၌ ကြွေးကြော်တော်မူခဲ့ရာတွင်၊ မိမိ၏အမျက်တော်ကို မိမိစာရိတ္တတော်၏ လက္ခဏာအင်္ဂါရပ်တစ်ခုအဖြစ် ဘုရားသခင် ထည့်သွင်းဖော်ပြတော်မမူခဲ့ပါ။ "ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်း မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော.... ဘုရားသခင်ကြွေးကြော်တော်မူ၏။" (ထွက်မြောက်ရာကျမ်း ၃၄း ၆-၇)

> သင်သည် ငါတို့ကို ဤတောသို့ သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သော စားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့် မောရှေကို ဆန့်ကျင်ဘက်ပြု၍ဆိုကြ၏။ ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလ အမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူအများတို့သည် အကိုက်ခံရသဖြင့် သေကြ၏။

ဣသရေလလူတို့၏ ညည်းညူမြည်တမ်းခြင်းအမှုကို ပြန်လည်တုံ့ပြန်လိုက်သည့်အနေဖြင့် "ထာဝရဘုရားသည်၊ ဣသရေလအမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ"ကြောင်း ဤကျမ်းပိုဒ်တွင် ဖော်ပြထားပါသည်။ တောက်လျှောက်ကြည့်ရှုလာခဲ့ကြသည့် ကျမ်းအထောက်အထားများအရဆိုလျှင်၊ မီးမြွေများကို "စေ

လွှတ်တော်မူ” ရာတွင် ဘုရားသခင်၏အပြုအမူ အဘယ်သို့ရှိလိမ့်မည်နည်း။ ကျွန်ုပ်တို့ လေ့လာခဲ့သည့် အခြားသောကျမ်းပိုဒ်များနှင့် လိုက်လျောညီထွေစွာပင်၊ ဤနေရာတွင်လည်း ထိုသူတို့၌ ထားရှိပေးခဲ့သည့် အကွယ်အကာကိုရုပ်သိမ်းခြင်းငှါ ဘုရားသခင်သည် ထိုသူတို့၏ ပုန်ကန်ခြင်းသဘောအားဖြင့် လှုံ့ဆော်ခြင်းခံခဲ့ရပါသည်။

ထိုနေရာသို့ မီးမြွေများ အဘယ်သို့ရောက်ရှိလာခဲ့ပါသနည်း။ “မီးမြွေ၊ ကင်းမြီးကောက်များ၍၊ ရေမရှိ၊ အငတ်ခံရာအရပ်၊ ကြောက်မက်ဘွယ်သောတောကြီးအလယ်၌သင့်ကိုပို့ဆောင်၍ မီးပါကျောက်ထဲကရေကို ထွက်စေတော်မူထသော၊” (တရားဟောရာကျမ်း ၈း၁၅၊ အဓိကကိုးကားချက်)

ကြမ်းတမ်းသော တောကြီးအလယ်၌ရှိသည့် များစွာသောဘေးအန္တရာယ်များမှ ဣသရေလလူများတို့အား ထူးခြားအံ့ဖွယ်စွာ ဘုရားသခင် ကွယ်ကာထားပေးခဲ့သည်ဖြစ်ရာ၊ ထိုမီးမြွေများတို့သည် အခြားသောဘေးအန္တရာယ် များနှင့်အတူ ထိုတောထဲတွင် ရှိနှင့်ပြီးသားဖြစ်နေခဲ့ပါသည်။ ဘုရားသခင် မီးမြွေစေလွှတ်တော်မူခဲ့သည့် ဤအဖြစ်အပျက်တွင်၊ မီးမြွေအစား ဆာလောင်သော ပိုလာဝက်ဝံများကို ဘုရားသခင် စေလွှတ်မူခဲ့လျှင် သူတို့အဖို့ ပို၍ပင် အခြေအနေဆိုးရွားနေလိမ့်မည်ဖြစ်သည်။

ဣသရေလလူတို့ရှိရာသို့ ရန်သူများ (သို့) ကပ်ဘေးများကို ဘုရားသခင်စေလွှတ်ခဲ့သည့်အဖြစ်အပျက်မျိုး ကျမ်းစာတွင် အမြောက်အများရှိသည်။ ကျမ်းစာတွင် တွေ့ရသည့်၊ အန္တရာယ်တစ်စုံတစ်ရာအား ဘုရားသခင်စေလွှတ်တော်မူခြင်းအကြောင်းကား၊ ထိုအန္တရာယ်ကို ဘုရားသခင် မတားစီးပေးနိုင်သောကြောင့်ဖြစ်သည်။ အကြောင်းမှာ သူသည် အကြောင်းတရားနှင့် အကျိုးဆက်တို့ပါဝင်သောဖြစ်ရပ်များကို ကြိုးကိုင်ချယ်လှယ်နေသောသူတစ်ဦး မဟုတ်သောကြောင့်ဖြစ်သည်။ လူသားတို့၏ အမှုအခင်းများအပေါ် ထိန်းချုပ်မှုပြုရန်မှာ ဘုရားသခင်၏ ရည်ရွယ်ချက် မဟုတ်သလို၊ သူ၏အလုပ်တစ်ခုလည်းမဟုတ်ပါချေ။

> သို့ပြုလျှင်၊ ထာဝရဘုရားသည် ပြည်တော်ကို မစချင်သော စိတ်အားကြီး၍ <u>(အင်္ဂလိပ်ကျမ်းစာတွင် - ‘ပြည်တော်ကို မနာလိုသောစိတ်အားကြီး၍’ ဟုရေးသားထားသည်။)</u> မိမိလူတို့ကို ကယ်မသနားတော်မူလိမ့်မည်။ အကယ်စင်စစ် ထာဝရဘုရားသည် ထူးတော်မူလျက်၊ ငါသည် ဆန်စပါး၊ စပျစ် ရည်၊

ဆီကို ပေးလိုက်၍ သင်တို့သည် ဝကြွလိမ့်မည်။ နောက်တဖန် တပါးအမျိုး သားကဲ့ရဲ့ရာ ဖြစ်စေခြင်းငှါ ငါမပြု။ (ယောလအနာဂတ္တိကျမ်း ၂း၁၈-၁၉)

ငါနှင့် ပြောဆိုသော ကောင်းကင်တမန်ကလည်း၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆို၍ ကြွေးကြော်ရမည်မှာ၊ ငါသည် ယေရုရှလင်မြို့နှင့် ဇိအုန်တောင်အဘို့ အလွန်ကြင်နာသော စိတ် အားကြီး၏။ **<u>(အင်္ဂလိပ်ကျမ်းစာတွင် - 'ဇိအုန်တောင်အဘို့ အလွန်မနာလို စိတ်အားကြီး၏။' ဟုရေးသားထားသည်)</u>** (ဇာခရိအနာဂတ္တိကျမ်း ၁း၁၄)

အကြောင်းမူကား၊ ငါသည်သင်တို့ကို သီလနှင့် ပြည့်စုံသော သတို့သမီး ကညာကဲ့သို့ ခရစ်တော်အား ဆက်အံ့သောငှါ၊ သင်တို့ကို လင်တဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏ အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကို စောင့်ရှောက်လျက်နေ၏။ **<u>(အင်္ဂလိပ်ကျမ်း စာတွင် - 'ဘုရားသခင်၏မနာလိုစိတ်နှင့် သင်တို့ကို မနာလိုဖြစ်လျက်' ဟု ရေးသားထားသည်)</u>** မြွေသည်မိမိ ပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသ ကဲ့သို့၊ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍၊ ခရစ်တော်ကို အကြွင်းမဲ့ချစ် သောစိတ်ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏။ (၂ ကော ၁၁း၂- ၃)

ဘုရားသခင်၏ မနာလိုစိတ်သည် အတ္တလုံးဝကင်းရှင်းသည်။ ဘုရားသခင် သည် ဘယ်အခါမျှ မိမိအဖို့ မနာလိုစိတ်မဖြစ်ပဲ၊ အခြားသူများအဖို့သာ မနာလိုဖြစ် တော်မူသည်။

နောက်တဖန် ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက် တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ **<u>(အင်္ဂလိပ်ကျမ်းစာတွင် - ဘုရား သခင်သည် ရန်ဘက်ပြု၍ ဟုရေးသားထားသည်။)</u>** ဣသရေလလူနှင့် ယုဒ လူတို့ကို ရေတွက်စေခြင်းငှါ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။ ရှင်ဘုရင်က လည်း၊ လူပေါင်းမည်မျှရှိသည်ကို ငါသိမည်အကြောင်း၊ ဒန်မြို့မှသည် ဗေရရှေဘ မြို့တိုင်အောင် ဣသရေလခရိုင်ရှိသမျှတို့ကို လျှောက်သွား၍၊

လူတို့ကို ရေတွက်လော့ဟု အထံတော်၌ရှိသော ဗိုလ်ချုပ်မင်းယွာဘအား မိန့်တော်မူ၏။ ယွာဘကလည်း၊ ကိုယ်တော်၏ ဘုရားသခင်ထာဝရဘုရား သည် လူတို့ကိုထပ်၍ အဆတရာတိုးပွါးစေသဖြင့်၊ ကျွန်တော်သခင် အရှင် မင်းကြီးမြင်မည်အကြောင်း ပြုတော်မူပါစေသော။ သို့ရာတွင် ကျွန်တော် သခင်အရှင်မင်းကြီးသည် ဤအမှုကို အဘယ်ကြောင့် နှစ်သက်တော် မူသနည်းဟု ရှင်ဘုရင်အားလျှောက်လေ၏။ သို့သော်လည်း အမိန့်တော် သည် ယွာဘစကားနှင့် ဗိုလ်များစကားကိုနိုင်သဖြင့်၊ ယွာဘနှင့် ဗိုလ်များ တို့သည် လူတို့ကိုရေတွက်အံ့သောငှါ အထံတော်မှ ထွက်သွားကြ၏။ (ဓမ္မရာဇဝင်ဒုတိယစောင် ၂၄း၁-၄)

ဣသရေလလူတို့ကို ဒါဝိတ်ရေတွက်ရာတွင်၊ လူအရေအတွက်နှင့် ဣသရေ လနိုင်ငံကိုကာကွယ်မည့် စစ်တပ်အင်အားကို စစ်ကြည့်ခြင်းဖြင့် မိမိ၌ရှိသည့် ဝါ ကြွားသောစိတ်နှင့် ဘုရားသခင်အပေါ် မယုံကြည်သည့်စိတ်ကို သူလက်တွေ့ဖော် ထုတ်ပြသွားခဲ့သည်။ ဤအမှုသည် သူတို့အဖို့ ထားရှိတော်မူခဲ့သည့် ဘုရားသခင်၏ ငြိမ်းချမ်းသော အကွယ်အကာကို အတိအလင်းဘေးချိတ်ထားခြင်းအမှုပင်ဖြစ်ပြီး၊ ရန်သူများနှင့် အခြားသောခြောက်လန့်မှုများကြားထဲတွင် သိမ်ငယ်စွာ သူတို့နေရစ် ခဲ့ရလေတော့သည်။ ဣသရေလလူတို့အား ရေတွက်ခြင်း၏ အန္တရာယ်ကို စစ်ဗိုလ် ယွာဘသိမြင်နားလည်ထားခဲ့ပြီး၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး ရှင်ဘုရင်အား သူ မေးမြန်းမှုပြုခဲ့သေးသည်။

ဘုရားသခင်သည် “ဒါဝိတ်ကို တိုက်တွန်းလေ၏။” ဤတင်ပြချက်ကို နား မလည်နိုင်ဖြစ်နေပါသလား။ ဣသရေလလူတို့အား ရေတွက်ရန် ဒါဝိတ်၏နားတွင် ဘုရားသခင် တိတ်တဆိတ် စကားလာပြောခဲ့ပါသလား။ ဘုရားသခင်၏ အပြု အမူ များအကြောင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့လေ့လာထားခဲ့သည်များကို ဤကျမ်း ချက်နှင့်ယှဉ်ပြီး လေ့လာကြည့်သွားကြပါစို့။

ဖျက်စီးခြင်းအမှုတွင် ဘုရားသခင် ပါဝင်ဆောင်ရွက်ခြင်းမပြုပါ။ မကောင်း မှုကို သူချီးမြှောက်အားပေးတော်မမူပါ။ သို့ရာတွင် ထိုအမှုများကို ပြုသောသူတစ် ဦးရှိသည်။ လူရေတွက်ခြင်းအမှုတွင်၊ ဒါဝိတ်အား ဆီးတားနှောင့်ယှက်ခြင်းမပြုပဲ နေခြင်းဖြင့် သူ့အား ဘုရားရှင်“တိုက်တွန်း”ခြင်းပြုနိုင်သည်မဟုတ်ပါလော။ တိုက်

တွန်းခြင်းပြုသောသူမှာ ဘုရားသခင်မဟုတ်ပဲ၊ စာတန်သာဖြစ်သည်ဟု ပြောလျှင် ပိုမှန်နေလိမ့်မည်မဟုတ်ပါလော။ မှန်၊ မမှန်ကို ကျွန်ုပ်တို့အဘယ်သို့သိနိုင်မည်နည်း။ ဤအဖြစ်အပျက်အကြောင်းကို ၁ ရာဇဝင်ချုပ်တွင် ကျွန်ုပ်တို့ဖတ်ရှုကြည့်နိုင်ပါသည်။ "နောက်တဖန်စာတန်သည် ဣသရေလအမျိုးတဘက်၌ထ၍ ဣသရေလအမျိုးသားတို့ကို ရေတွက်စေခြင်းငှါ ဒါဝိဒ်ကို တိုက်တွန်းလေ၏။" (ရာဇဝင်ချုပ် ပထမစောင် ၂၁း၁၊ အဓိကကိုးကားချက်)

ကျမ်းစာပါ အဖြစ်အပျက်များအကြောင်းကို ရေးသားဖော်ပြရာတွင် သမ္မာကျမ်းစာအနေဖြင့် အဘယ့်ကြောင့် ပြတ်ပြတ်သားသား မဖော်ပြပဲနေသနည်း၊ ထိုသို့တိကျပြတ်သားစွာ ဖော်ပြထားလျှင် ကျွန်ုပ်တို့အဖို့ ပိုရှင်းလိမ့်မည် မဟုတ်ပါလောဟူ၍ ကျွန်ုပ်တို့စဉ်းစားကောင်း စဉ်းစားမိကြလိမ့်မည်ဖြစ်သည်။ မှန်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ဘုရားသခင်နှင့် လူသားများကြား၌ ဆက်ဆံရေးပြဿနာဖြစ်ရခြင်းအကြောင်းမှာ ဘုရားသခင်၏ မသိနားမလည် ခြင်းကြောင့်မဟုတ်ပဲ၊ ကျွန်ုပ်တို့၏ မသိနားမလည်မှုကြောင့်သာ ဖြစ်သည်။ မိမိအကြောင်းနှင့်ပတ်သက်သည့် အမှန်တရားကို လက်ခံရန် (သို့) ငြင်းပယ်ရန် မိမိ၏ ဉာဏ်တော်အားဖြင့် လူသားများအား ဘုရားသခင် လွတ်လပ်ခွင့်ပေးထားတော်မူသည်။ ကျမ်းစာ ရေးသားရာတွင်၊ အရေးကြီးသော ဤစဉ်းမျဉ်းနည်းဥပဒေသနှင့်အညီ ရေးသားခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်အကြောင်းနှင့်ပတ်သက်သည့် ကယ်တင်သောသမ္မာတရားအကြောင်းကို နားလည်နိုင်သည့်အခွင့်အရေးရှိပါလျက်နှင့်၊ ထိုသမ္မာတရားကို ကျွန်ုပ်တို့ ငြင်းပယ်နေကြလျှင်၊ ရှေ့ဆက်တွေ့ရှိရမည့်အလင်းတရားများတွင် ဘုရားသခင်နှင့် ကျွန်ုပ်တို့ပိုမိုဝေးသွားရကြပါလိမ့်မည်။ ထို့ကြောင့် အပေါ်ယံအားဖြင့် မပြတ်မသားဖြစ်နေသည့် ကျမ်းအရေးအသားများက ဆန့်ကျင်ဘက် အနက်ပြန်ဆိုမှုများအတွက်ပါ ထည့်တွက်ထားပေးခြင်းဖြစ်သည်။ တချိန်တည်းမှာပင်၊ သိမ်မွေ့ရှင်ဘုရားသခင်ကို ရှာဖွေနေသောသူတို့အဖို့ ကျမ်းစာတော်မြတ်က ကြွယ်ဝသောသက်သေများကို ဖြန့်ကျက်ထားပေးပါသည်။

ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။
__ ယေရမိအနာဂတ္တိကျမ်း ၂၉း၁၃။

# ၁၄။ ဘုရားသခင် တိုက်ပွဲဆင်နွဲပုံ

မကောင်းမှုများကို သမ္မာတရား၊ မေတ္တာ၊ ဂရုဏာနှင့် ခွင့်လွှတ်ခြင်းတရားတို့ဖြင့် ဘုရားသခင် တိုက်ပွဲဆင်နွှဲနေပါသည်။

> မာရ်နတ်သည်ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကိုပြု၏။ ထိုသူသည်မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။ (၁ ယော ၃း၈)

ပုန်ကန်မှုပြုခဲ့သည့်အချိန်မှစတင်ပြီး မာရ်နတ်၏အဓိကလုပ်ငန်းမှာ ဘုရားသခင်အား မဟုတ်မမှန်စွပ်စွဲပြောဆိုရန်နှင့် ထိုသခင်အား တလွဲပုံဖော်ရန်ဖြစ်သည်။ ဘုရားသခင်အပေါ်တင်ထားသည့် သူ၏စွဲချက်များမှားယွင်းကြောင်း လက်တွေ့ပြလိုက်ခဲ့ခြင်းဖြင့် သူ၏လုပ်ငန်းကို ဘုရားသားတော် ယေရှု ဖျက်စီးပစ်ခဲ့ပါသည်။

> အဘယ်ကြောင့်ငါ့စကားကို နားမလည်ကြသနည်း။ ငါ၏ ဒေသနာကိုနာမခံမယူနိုင်သောကြောင့်သာ သင်တို့သည် ငါ့စကားကိုနားမလည်ကြ။ သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ သူ၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကို ပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။ (ယောဟန် ၈း၄၃-၄၄)

မာရ်နတ်၏ မူလလက်နက်မှာ မုသာပြောခြင်းပင်ဖြစ်ကြောင်း ယေရှုအခိုင်အမာ ဖော်ပြထားသည်။ “ဘုရားသခင်သည် မုသာမသုံးနိုင်၊” (ဟေဗြဲ ၆း၁၈) မာရ်နတ်၏ မုသာစကားများကို သမ္မာတရားဖြင့် ယေရှုတိုက်ခိုက်ချေမှုန်းတော်မူသည်။

မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင် သည်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထို့ကြောင့်၊ ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကိုပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့။ သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်း ပါရမီတည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်၊ ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂလိတရားကို ဟောပြောအံ့သောငှါ ပြင်ဆင်သော အဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။ မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက် ကာသတ်နိုင်သော ယုံကြည်ခြင်းတည်းဟူသော လွှားကိုလည်း ခပ်သိမ်းသော လက်နက်တို့အပေါ်မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကို၎င်း၊ ဘုရားသခင်၏ နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ ထားကို၎င်း ယူကြလော့။ (ဧဖက်သြဝါဒစာ ၆း၁၁-၁၇)

ဘုရားသခင်၏ လက်နက်စုံအား အသုံးပြုပုံကို ကျွန်ုပ်တို့အဖို့ ယေရှုဖေါ်ပြထားပေးသည်။ ဘုရားသခင်အကြောင်းနှင့် စပ်ဆိုင်သော သမ္မာ(သစ္စာ)သတင်းကောင်း (“သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက်၊”)၊ ကတိပဋိညာဉ်အရာ၌ ထိုသခင်၏ တည်ကြည်ဖြောင့်မတ်မှု (“ဖြောင့်မတ်ခြင်းရင်အုပ်တန်ဆာ”)၊ ကောင်းကင်အဘသခင်နှင့် ပြန်လည်ရန်ငြိမ်းခြင်း သတင်းစကား (“ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရား”) ဘုရားသခင်ကို ယုံကြည်အားကိုးနိုင်သည့် အာမခံချက် (“ယုံကြည်ခြင်းဒိုင်းလွှား)၊ စာတန်နှင့် သူ၏မုသာစကားတို့မှ လွတ်မြောက်သောသူတို့ အဖို့ ထာဝရအသက်နှင့်ယှဉ်သော ကတိတော် (“ကယ်တင်ခြင်းသံခမောက်”) နှင့်၊ ယေရှုအသုံးပြုတော်မူခဲ့သော လက်နက်တစ်ခုဖြစ်သည့် ဘုရားသခင်၏နှုတ်

တော်ထွက် (ဝိညာဉ်တော်၏ ထား)အား အသုံးပြုကြဖို့ကိုလည်း ကျွန်ုပ်တို့အား နှိုးဆော်တိုက်တွန်းထားပေးပါသည်။

> ချစ်သူတို့၊ သူတပါးသည်သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည် ဟု ထာဝရဘုရားမိန့်တော်မူ၏။ ထိုကြောင့်သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဘို့ပေးလော့။ ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထားလိမ့်မည်။ အဆိုးအာဖြင့် အရှုံးမခံနှင့် အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။ (ရောမဩဝါဒစာ ၁၂း၁၉-၂၁)

ဘုရားသခင်၏ အပြစ်စီရင်ပုံကား အဘယ်သို့ရှိသနည်း။ ဘုရားသခင်သည် အကောင်းအားဖြင့် အဆိုးကို အနိုင်ယူတော်မူခဲ့ပြီး၊ မိမိသားသမီးတို့အားလည်း ထိုသို့ပြုစေခြင်းငှါ သူဖိတ်ခေါ်တော်မူသည်။ ရန်သူများအား လက်တုံ့ပြန်ခြင်းထက် ကြင်နာခြင်းများနှင့် သူတို့အား ပြုမူဆက်ဆံခြင်းသည် သူတို့၏ ခေါင်းပေါ်၌ “မီးခဲ” ပုံထားရာရောက်သည်။ ရန်သူအပေါ် လက်တုံ့ပြန်ခြင်းအမှုသည် အဆိုးအားဖြင့် အရှုံးခံခြင်းအမှုပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အဆိုးအား ထိရောက်စွာ အနိုင်ယူနိုင်မည့် နည်းလမ်းတစ်ခုရှိသည်။ “အကောင်းအားဖြင့်” အနိုင်ယူဖို့ဖြစ်သည်။ ဤသည်မှာ ဘုရားသခင် တိုက်ပွဲဝင်သည့်နည်းလမ်းပင်ဖြစ်ပေသည်။

> ယေရှုကလည်း၊ အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏။ အဝတ်တော်ကို လည်း စာရေးတံချ၍ ဝေဖန်ကြ၏။ (လုကာ ၂၃း၃၄)

ဤစကားတော်သည် ကျွန်ုပ်တို့၏အကျိုးအဖို့ ဖြစ်သည်။ ခမည်းတော်ဘုရားသခင်သည် ဖျောင်းဖျခြင်းကိုခံပြီးမှ ခွင့်လွှတ်ခြင်းပြုတော်မူသော ဘုရားမဟုတ်ပေ။ ဘုရားသခင်ဘက်၌ အဘယ်ပြဿနာမျှမရှိပါချေ။ ကျွန်ုပ်တို့ဘက်၌သာ ပြဿနာဖြစ်နေကြပါသည်။ “အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့

သည် ကိုယ်ပြုသောအမှုကိုမသိကြ။”ဟု ယေရှုပြောဆိုတော်မူခဲ့ရာတွင်၊ သူ့အား ကပ်တိုင်တင် ထားသောသူများအတွက်သာ သူပြောဆိုခြင်းမဟုတ်ပဲ၊ ကျွန်ုပ်တို့အ တွက်ပါ ပြောဆိုနေခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပြဿနာ (ကိုယ်ပြုသောအမှုကို မသိရှိခြင်းပြဿနာ) ကို သူနားလည်တော်မူကြောင်း ကျွန်ုပ်တို့အား ဘုရားသခင်သိ ရှိစေလိုပါသည်။ ကိုယ်တော်သည် အကြွင်းမဲ့မေတ္တာတော်နှင့် ကျွန်ုပ်တို့ကို ချစ်နေ ဆဲဖြစ်ပြီး၊ ကျွန်ုပ်တို့ကို ကယ်တင်အံ့သောငှါ မမောမပန်းတန်း သူအလုပ်လုပ်နေ တော်မူပါသည်။

> ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှမမြစ်တား။
>
> ___ ဂလာတိဩဝါဒစာ ၅း၂၂-၂၃

# ၁၅။ သောဒုံမြို့နှင့် ဂေါမောရမြို့

သောဒုံမြို့နှင့် ဂေါမောရမြို့ပျက်စီးခြင်း အဖြစ်အပျက်ကို၊ အမျက်ထွက်နေသောဘုရားသခင်မှ ဆိုးသွမ်းသောလူများတို့အပေါ် သေခြင်းဘေးနှင့် ဖျက်စီးခြင်းဘေးကို သက်ရောက်စေခဲ့ခြင်း၏ အကောင်းဆုံးသောဥပမာတစ်ခုအဖြစ် လူများမှတ်ယူထားကြသည်။ ကျမ်းဖေါ်ပြချက်အရဆိုလျှင် အောက်ပါအခြေအနေအတိုင်းဖြစ်ပျက်ခဲ့ဟန်ရှိသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ကောင်းမွန်သည့်နယ်ပယ်ဒေသတစ်ခုတွင် ထိုမြို့နှစ်မြို့ တည်ရှိနေခဲ့ခြင်းဖြစ်ပြီး၊ မြို့သူမြို့သားများ၏ ဘဝရှင်သန်ရပ်တည်ရေးအတွက် အလွန်ပင် လွယ်ကူသက်သာမှုရှိခဲ့သည်။ မြို့သားတို့အဖို့ အပျော်အပါးများပြီး၊ ဘုရားမဲ့တရားမဲ့ ပွဲလန်းသဘင်များလည်း နေရာအနှံ့အပြား ဖြစ်ပျက်နေခဲ့သည်။ ဘုရားသခင်သည် ကောင်းကင်မှငုံ့ကြည့်တော်မူလျက် ထိုသူတို့၏ ဆိုးသွမ်းမှု အတိုင်းအတာတစ်ခုကြောင့် သူ အမျက်ထွက်တော်မူခဲ့ပါသည်။ သူတို့အား ဘာမျှမလုပ်ပဲ၊ ခေတ္တခဏမျှ ဘုရားရှင်နောက်ဆုတ်ကြည့်နေခဲ့သည်။ သို့သော် နောက်ဆုံးတွင် ဘုရားသခင်၏စိတ်ရှည်သည်းခံမှု ကုန်ခမ်းသွားခဲ့သည်တိုင်အောင် ထိုသူတို့အလွန်ဆိုးယုတ်လာခဲ့ကြပါသည်။ သောဒုံမြို့မှ ထွက်ရန် သစ္စာရှိလောတနှင့် သူ၏မိသားစုထံသို့ ဘုရားသခင်သတိပေးစကားပေးပို့ခဲ့သည်။ ထို့နောက်၊ ကြီးစွာသော အမျက်တော်အားဖြင့် ကောင်းကင်မှ ကန့်နှင့်ရောသောမီးကို ဘုရားသခင်ရွာကျစေတော်မူခဲ့သည်။ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများ အသေဆိုးနှင့် သေဆုံးခဲ့ရကြသည်။ သောဒုံမြို့နှင့် ဂေါမောရမြို့ လုံးလုံးပျက်စီးသွားခဲ့ပြီး ဘုရားသခင်စိတ်ကျေနပ်သွားခဲ့သည်။

ယခုအခါ၊ ပျက်စီးစေခြင်းအမှုတွင် ဘုရားသခင် ပါဝင်လုပ်ဆောင်ခြင်းမရှိကြောင်းကို စိတ်တွင်ဆွဲမှတ်လျက်၊ တစ်ခုတည်းသော ဤအဖြစ်အပျက်ကို နောက်တစ်နည်းဖြင့် သုံးသပ်ကြည့်ကြပါစို့။ ထိုမြို့နှစ်မြို့တို့ကို၊ ချမ်းသာကြွယ်ဝမှုများနှင့် အပျော်အပါးများတို့ကို ခံစားစံစားလျက် မိမိတို့ကိုယ်ကိုသာ အလုပ်ကျွေး ပြုနေကြသည့် ၎င်းတို့၏မြို့သားများနှင့် ယှဉ်တွဲမြင်ယောင်ကြည့်လိုက်ပါလေ။ "သင့်ညီမသောဒုံ၏ အပြစ်ဟူမူကား၊ သူနှင့် သူ့သမီးတို့သည် မာနကြီးခြင်း၊ ဝစွာစားသောက်ခြင်း၊ ငြိမ်ဝပ်စွာကောင်းစားခြင်းရှိ၍၊ ဆင်းရဲငတ်မွတ်သော သူတို့ကို မထောက်ပံ့ဘဲနေကြ၏။" (ယေဇကျေလ ၁၆း၄၉)။ (ဘူမိဗေဒသဘောအရ၊ စိတ်ချ၍ မရနိုင်သည့်

နေရာဒေသတစ်ခုပေါ်တွင် မိမိတို့မြို့များ တည်နေလျက်ရှိသည်)ကို ထိုသူတို့ မသိရှိခဲ့ကြပါချေ။ သူတို့၏ မြို့များအောက်တွင် မီးတောင်အင်အားစုများ အသိုက်ဖွဲ့နေလျက်ရှိကြောင်းကို သူတို့မသိကြပါ။ မိမိတို့ငြင်းပယ်နေကြသည့် မျက်မြင်မရသော ဘုရားသခင်သည် မိမိတို့အား ကပ်ဘေးဒုက္ခများမှ ထိုအချိန်အထိတိုင် ကွယ်ကာထားပေးခဲ့သည်ကိုလည်း သူတို့မသိရှိခဲ့ကြပါချေ။ မိမိအပေါ် အားကိုးမှီခိုခြင်း မပြုလိုကြသည့် ထိုသူတို့၏စိတ်ဆန္ဒကို ဘုရားသခင်အသိအမှတ်ပြု ပေးရမည့်နေ့ရက်သည် နောက်ဆုံးတွင် ရောက်ရှိလာခဲ့လေတော့သည်။ မိမိအလိုမရှိသော်လည်း ထိုသူတို့၏လွတ်လပ်မှုကို အတည်ပြုပေးလိုက်သည့်အနေဖြင့် သူတို့အား ဘုရားသခင်လွတ်ထားပေးခဲ့လိုက်သည်။ သူတို့အား သဘာဝအင်အားစုများ၏ ဘေးအန္တရာယ်များမှ ဘုရားသခင် ကွယ်ကာမထားပေးတော့ပါချေ။ မြေမျက်နှာပြင်၏ အောက်ခြေတွင်ရှိသော ပတ်ကြားအက်များတို့သည် အထက်ဘက်သို့ ကွဲထွက်လာခဲ့ကြပြီး၊ ချော်ရည်များတို့သည်လည်း အမြင့်ပေထောင်နှင့်ချီပြီး အထက်သို့ ပန်းထွက်ပျံတက်သွားကာ၊ “ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုဃ်း” ပြန်လည်ရွာကျလာလျက်၊(ကမ္ဘာဦးကျမ်း ၁၉း ၂၄) မိနစ်ပိုင်းအတွင်းမှာပင် ထိုမြို့နှစ်မြို့စလုံး ပျက်စီးသွားခဲ့ရပါသည်။

မြို့နှစ်မြို့အားဖျက်စီးခြင်းအမှုတွင် ဘုရားသခင်၏ လုပ်ဆောင်ချက်ကား၊ ကြီးမားသည့် အကျိုးဆက်များအား လွတ်လပ်စွာ ရွေးချယ်ပိုင်သောအခွင့်နှင့်အတူ ထိုမြို့သားတို့အား စစ်မှန်သည့်လွတ်လပ်မှုကို ဘုရားသခင်ပေးလိုက်ခြင်းသာဖြစ်သည်။ “အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေးခြင်း၊ ကျိန်ခြင်းတို့ကို သင့်ရှေ့၌ ငါထားသည်ဟု သင့်တဘက်၌ ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။ သို့ဖြစ်၍၊ သင်နှင့် သင့်အမျိုးအနွယ်သည် အသက်ရှင်မည် အကြောင်းနှင့်၎င်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကိုချစ်၍ စကားတော်ကို နားထောင်သဖြင့်၊ အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်းအကျိုးကို ပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲမည်အကြောင်းနှင့်၎င်း၊ ထာဝရဘုရားသည် သင်၏ဘိုးဘေး အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်၌ နေမည်အကြောင်းနှင့်ယှဉ်သော အသက်တရားကို ရွေးယူလော့ဟု ဣသရေလအမျိုးအား ဟောပြော၏။ (တရားဟောရာကျမ်း ၃၀း၁၉-၂၀)

ဖျားနာခြင်းအမှု၊ မတော်တဆမှု၊ သေဆုံးခြင်းအမှု၊ စစ်ပွဲများနှင့် သဘာဝ ဘေးဒဏ်များ စသည်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ် သည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့ကြောင့် ထိုအရာများဖြစ်ပေါ်လာခြင်းဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် စာတန်ကြောင့်ဖြစ်ပေါ်က၊ တစ်ခါတစ်ရံတွင် သဘာဝအင်အား စုများ ကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုအရာများ ဖြစ်ပေါ်ရခြင်းအကြောင်း ကို ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း မတွေ့မြင်နိုင်ကြသည့်အခါများတွင် ထိုဖြစ်ပေါ် သောအရာများအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့လွဲချတတ်ကြသည်။ ထိုသို့သော အမှုသည် တရားမျှသောအမှုပါလော။ ကျွန်ုပ်တို့၏ အပြစ်လွဲချတတ်သည့် အကျင့် သည် ရှေးရှေးကတည်းက တည်ရှိနေခဲ့သည့် အကျင့်တစ်ခုဖြစ်သည်။ ခေါင်းရှောင် တတ်သည့် ဤအကျင့်စရိုက်မျိုး အစပြုခဲ့ရာအချိန်နှင့် နေရာကား အဘယ်နည်း။ "လူကလည်း ကျွန်တော်၌ အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကို ပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။ ထာဝရအရှင်ဘုရားသခင်က လည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟု မိန်းမအားမေးတော်မူလျှင်၊ မိန်းမက မြွေသည် ကျွန်တော်မကို လှည့်စား၍၊ ကျွန်တော်မသည် စားမိပါပြီဟု လျှောက်လေ ၏။" (ကမ္ဘာဦးကျမ်း ၃း၁၂-၁၃၊ အဓိကကိုးကားချက်)

> အိုထာဝရဘုရား၊ ကရုဏာတော်သည် ကောင်းကင်သို့၎င်း၊ သစ္စာတော် သည် မိုဃ်းတိမ်သို့၎င်း မှီပါ၏။ ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီး မားစွာသော တောင်ရိုးနှင့်တူပါ၏။ တရားစီရင်တော်မူချက်တို့သည် အ လွန်နက်နဲရာ ဖြစ်ကြပါ၏။ အိုထာဝရဘုရား၊ ကိုယ်တော်သည် လူမျိုးနှင့် တိရစ္ဆာန်မျိုးကို စောင့်မတော်မူ၏။ အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုးဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော် အရိပ်ကို ခိုလှုံလျက်နေရကြပါ၏။"
>
> ____ ဆာလံကျမ်း ၃၆း၅-၇

# ၁၆။ ရေလွှမ်းမိုးခြင်းအကြောင်းကား အဘယ်သို့နည်း။

နောခေတ် ရေလွှမ်းမိုးခြင်းအကြောင်းကား အဘယ်သို့နည်း။ ဘုရားသခင်သည် ဖျက်စီးသူမဟုတ်လျှင်၊ ကမ္ဘာ့အကြီးမားဆုံးသော ကပ်ဆိုးကြီးကို အဘယ်အရာဖြစ်ပွားစေခဲ့သနည်း။ ကမ္ဘာလုံးဆိုင်ရာ ထိုရေလွှမ်းမိုးမှုကြီးကို ဖြစ်စေခဲ့သည့်အရာနှင့်ပတ်သက်သည့် ဆက်စပ်ရှင်းလင်းချက်တစ်စုံတစ်ရာကို ကျမ်းစာနှင့်အခြားသောအရင်းအမြစ်များမှ မည်သို့သော အထောက်အထားများတို့ဖြင့် ဖေါ်ပြထားပေးပါသနည်း။

> ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင်အစဉ်မဆုံးမရ။ အကြောင်းမူကား လူတို့သည် အသားဖြစ်၏။ သူ၏အသက်တမ်းသည်လည်း၊ အနှစ်တရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။ (ကမ္ဘာဦးကျမ်း ၆း၃)

ဘုရားသခင်နှင့် ဝေးသထက်ဝေးအောင် လူသားများအနေဖြင့် မိမိတို့ကိုယ်ကို အဆက်ဖြတ်လိုက်ကြလျှင် သဘာဝအင်အားစုကို ထိန်းထားပေးခြင်းမှ မဖြစ်မနေ လက်လွှတ်လိုက်ရမည့်အချိန်မျိုး တချိန်ချိန် ရောက်ရှိလာခဲ့လိမ့်မည်ကို ဘုရားသခင် ထင်ထင်ရှားရှား ကြိုမြင်နေခဲ့ရပါသည်။ ထိုအင်အားစုများအား လွှတ်ထား ရန်နောက်ဆုံးအနေဖြင့် ဘုရားသခင်အား အဘယ်အရာလှုံ့ဆော်တော်မူခဲ့သည်ကို ကျွန်ုပ်တို့သိချင်ကြလိမ့်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် ဘုရားသခင်ကိုယ်တော်တိုင် ဆုံးဖြတ်ခဲ့ခြင်းပါလော။ သို့မဟုတ် အခြားသောအကြောင်းအရင်း တစ်ခုခုကြောင့်ပါလော။

သင်၌ ကိုယ်ရေးကိုယ်တာပြဿနာ အများအပြားရှိနေသည့် အိမ်နီးခြင်းတစ်ဦးရှိနေသည် ဆိုကြပါစို့။ ထိုသူတွင် ငွေကြေးအကြပ်အတည်းများနှင့် အမျိုးမျိုးသော ကျန်းမာရေးပြဿနာများ ကြုံနေရပြီး၊ သူ့အနေဖြင့် မိမိနေအိမ်မှ ဝေးဝေးလံလံ မသွားမလာနိုင်ပါ။ ထို့အပြင် သူ၌ ကားလည်းမရှိပါ။ ကားမရှိသောကြောင့် မိမိ၏ဝေယျာဝစ္စများနှင့် လိုအပ်မှုများအတွက် သွားလာရန်သူအခက်ကြုံနေရသည်။

တစ်နေ့တွင် သူနှင့်သင်စကားပြောရင်း၊ သူ သွားရလာရခက်ခဲနေသည်ကို သင်သိလိုက်ရသည်။ သို့နှင့်၊ ကုန်စုံဆိုင်နှင့် အခြားနေရာများသို့ သူ့အား သင်ကား

မောင်းပို့ပေးခဲ့သည်။ နောက် သုံး၊ လေးလအကြာတွင် သူ့အား ဆရာဝန်နှင့်တွေ့ ဆုံနိုင်ရန် ဆေးရုံသို့ သင်ကားမောင်းပို့ပေးခဲ့သည်။ ဆေးဆိုင်နှင့် စူပါမားကက်များ သို့လည်း သင်မောင်းပို့ပေးခဲ့သည်။ ဤတွင် အစစအရာရာ အဆင်ပြေမှုရှိနေခဲ့ သည်။ သူ့အား ကူညီခွင့်ရသည့်အတွက် သင်ဝမ်းသာနေသည်။

ထို့နောက်၊ တစ်နေ့သော နေ့ရာသီအချိန်တွင် သင့်အိမ်ရှေ့သို့ ထိုသူ ရောက်ရှိလာခဲ့ပြီး၊ သူ၏ပုံစံမှာ တစ်ခုခုစိတ်လှုပ်ရှားနေနေပုံရသည်။ မြို့နှင့် မလှမ်း မကမ်း ဘဏ်တစ်ခုဆီသို့ ကောင်းမောင်းပို့ပေးရန် သင့်အား သူပြောဆိုလာသည်။ သူနှင့်အတူ အိတ်ကြီးတစ်လုံး၊ မျက်နှာဖုံးတစ်ခုနှင့် ခြေအိတ်တစ်ခုထဲတွင်ထည့်ပြီး ပတ်ရစ်ထားသည့် ပစ္စတိုသေနတ်နှင့်တူသောအရာ တစ်ခုပါလာသည်ကို သင်သတိ ပြုမိလိုက်သည်။ သင် အဘယ်သို့ပြုမည်နည်း။ ကား သော့ကိုယူပြီး မိတ်ဆွေကြီး သွားလိုသောနေရာသို့ သင်လိုက်ပို့ပေးမည်လော။

ကျွန်ုပ်တို့အသီးသီးတွင် စည်းများရှိကြပါသည်။ ထိုစည်း(ဘောင်)များကို ကျွန်ုပ်တို့မကျော်လိုပါချေ။ ထိုစည်းများတို့သည် အကျင့်သီလ၊ ကျင့်ဝတ်နှင့် ကိုယ် ရေးကိုယ်တာသတ်မှတ်ချက်များတို့နှင့် ဆက်စပ်နေလျက်ရှိသည်။ ဘုရားသခင်၌ လည်း သူ မကျော်လို (သို့) မကျော်နိုင်သည့်စည်းများ ရှိနေမည်မဟုတ်ပါလော။

> မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏ စိတ်နှလုံးအကြံအစည်ရှိသမျှတို့ သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို၊ ဘုရားသခင် သိမြင်တော်မူလျှင်၊..... ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ် လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည်ကိုမြင်တော်မူ၏။ အ ကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ။ ထိုအခါ ဘုရားသခင်သည်၊ နောအအား မိန့်တော်မူသည် ကား၊ သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင်ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီးမည်။ (ကမ္ဘာဦးကျမ်း ၆း၅၊ ၁၁-၁၃)

ရေလွှမ်းမိုးခြင်းမတိုင်မီက၊ ကျွန်ုပ်တို့ကမ္ဘာကြီး၏အခြေအနေ အဘယ်သို့ရှိခဲ့ပါသနည်း။ "သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။" (အငယ် ၁၃၊ အဓိကကိုးကားချက်) ဟူ၍ နောအား ဘုရားသခင် ဖေါ်ပြတော်မူခဲ့ပါသည်။ လူသားတို့၏အဓမ္မအမှုကြောင့်၊ ကမ္ဘာမြေကြီးသည် အဓမ္မအမှုများနှင့် ပြည့်ဝနေခဲ့သည်။ ပြင်းထန်သည့် အင်အားစုများတို့သည် ကျရောက်လုနီးသော ကပ်ဆိုးကြီးများအဖြစ် မကြာမီ ပွင့်ထွက်တော့မည်ဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်းများတို့သည် အကျင့်ပျက်ခြစားမှုများတို့နှင့် ပြည့်နှက်နေခဲ့သည်။ "ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည်ကိုမြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ရောက်ကြပြီ။"

မိုက်မှောင်ကျနေခဲ့သည့် ထိုအချိန်ကာလတွင် ဘုရားသခင်၏သစ္စာရှိနောက်လိုက် မည်မျှရှိနေခဲ့ပါသနည်း။ ကျမ်းစာတွင် နော‌ေ တစ်ဦးတည်းကိုသာ ဖေါ်ပြထားသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းကား အဘယ်နည်း။ လူသားတို့၏ အတွေးအခေါ်များမှာ "အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက်ရှိ"နေခဲ့ပါသည်။ ကျမ်းစာတွင် မကောင်းမှုကို မည်သို့အနက်ဖွင့် ထားပါသနည်း။ "ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီး" (ကမ္ဘာဦးကျမ်း ၂း၁၇) ကို အာဒံနှင့် ဧဝတို့ ယူစားခဲ့ကြရာတွင်၊ ဘုရားသခင်၏ကောင်းမြတ်မှုအပေါ် သူတို့တလွဲရှုမြင်နေခဲ့ကြပါသည်။ ထိုတလွဲအမြင်သည်ပင် မကောင်းမှု၏ အနက်အဓိပ္ပါယ်ဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ မိဦးဖဦးများ ရုပ်ဖျက်ထားခဲ့သည့် သိမ်မွေ့ရှင်ဘုရားသခင်၏ရုပ်ပုံလွှာကို ကမ္ဘာကြီးတစ်ခုလုံး အမွေရထားခဲ့ကြသည်။ ရေမလွှမ်းမိုးမီ အသက်ရှင်ခဲ့ကြသည့်အဓမ္မလူများက မိမိတို့၏အဓမ္မအမှုများကို ဘုရားသခင်လျစ်လျူရှုထားသည်ဟု သူတို့ယူဆထားခဲ့ကြပါသည်။ ထိုအမှုအပေါ် ဘုရားသခင်၏သဘောထားကား အဘယ်သို့ရှိခဲ့သနည်း။ "နှလုံးတော်ပူပန်လျက် ရှိတော်မူ၏။" (ကမ္ဘာဦးကျမ်း ၆း၆)

ဘုရားသခင်ကိုယ်တော်တိုင် မဖြစ်မနေပါဝင်လာရတော့မည့် အခြေအနေတစ်ခု ဖြစ်လာခဲ့သည်တိုင်အောင် လူသားများ လုပ်ဆောင်ခဲ့ကြသည်။ ထိန်းထားတော်မူသော သဘာဝတရားကြီးအား မိမိလက်မှလွှတ်စေခြင်းငှါ ဘုရားသခင်ကို သူတို့လှုံ့ဆော်ခဲ့ကြပါသည်။ နှစ်ပေါင်း ၁၂၀ ကာလကုန်ဆုံး၍၊ သင်္ဘောထဲသို့ ခရီးသည်များ လုံခြုံစွာဝင်ရောက်သွားခဲ့ပြီးနောက်တွင်၊ မိုးများစတင်ရွာသွန်းလာခဲ့ပြီး၊ ရက်ပေါင်းနှင့် ညပေါင်းလေးဆယ်တိုင်တိုင် ဒလဟောရွာချလာခဲ့သည်။ ကြီးမား

သည့်ရှာသွင်းမှုများ အဘယ်သို့စတင်ခဲ့ပါသနည်း။ အရေးကြီးသည့်သဲလွန်စများကို ကမ္ဘာဦးကျမ်း (၁) တွင် ကျွန်ုပ်တို့တွေ့ရှိရပါသည်။

> တဖန်ဘုရားသခင်က ရေအလယ်၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေ ချင်းခြားနားစေဟု အမိန့်တော်ရှိသဖြင့်၊ မိုဃ်းမျက်နှာကြက်ကို ဘုရား သခင် ဖန်ဆင်းတော်မူ၍၊ မိုဃ်းမျက်နှာကြက်အောက်၌ရှိသော ရေနှင့်၊ မိုဃ်းမျက်နှာကြက်အပေါ်၌ ရှိသောရေကို ပိုင်းခြားတော်မူသည်အတိုင်း ဖြစ်လေ၏။ မိုဃ်းမျက်နှာကြက်ကိုလည်း မိုဃ်းကောင်းကင်ဟူသော အမည်ဖြင့် ဘုရားသခင်ခေါ်ဝေါ် သမုတ်တော်မူ၍၊ ညဦးနှင့် နံနက်သည် ဒုတိယနေ့ ရက်ဖြစ်လေ၏။ (ကမ္ဘာဦးကျမ်း ၁း၆-၈)

မိုဃ်းမျက်နှာကြက်ကား အဘယ်နည်း။ မိုဃ်းမျက်နှာကြက်၏အဓိပ္ပါယ်မှာ ပြင်ကျယ်သောနေရာ၊ အမိုးခုံး၊ သို့မဟုတ် လိပ်ခုံးပုံအဖုံးဖြစ်ပါသည်။ လိပ်ခုံးပုံအဖုံး (doom) ဆိုသည်မှာ ကောင်းကင် (သို့) လေထုထဲတွင် နေရာကျနေသည့် (သို့) ချိတ်ဆွဲထားသည့် ကမ္ဘာမြေကြီးကိုဖုံးအုပ်ထားပေးသော ကမ္ဘာမြေကြီး၏ အဖုံးကို ရည်ညွှန်းပါသည်။ ထိုအဖုံးကို အပေါ်ရေနှင့် အောက်ရေအား ပိုင်းခြားစေသော အဖုံးတစ်ခုအဖြစ် ကျမ်းပိုဒ်တွင်ဆက်လက် ဖော်ပြထားပါသည်။ ယင်းအဖုံး၏ အထက်တွင် ရေပမာဏအတိုင်းအတာ တစ်ခုအထိတည်ရှိနေပါသည်။

ကြီးမားသည့် ထိုမိုးမျက်နှာကြက်ရေထုကြီးသည် ကမ္ဘာမြေကြီးတစ်ခုလုံး ကို ရောမစိုက်ပျိုးရေးဖန်လုံအိမ်ကြီး(Greenhouse)တစ်ခုသဖွယ် ပူနွေးနေသည့် (နေစရာ ကောင်းသည့်) ရာသီဥတုနှင့် လွှမ်းခြုံထားပေးခဲ့ပါသည်။ ပူနွေးသည့်ရာသီ ဥတုတွင် ပေါက်ဖွားရှင်သန်သည့် အပင်များနှင့် တိရိစ္ဆာန်များတို့၏ ကျောက်ဖြစ်ရုပ် ကြွင်းများကို ကမ္ဘာ့ဝင်ရိုးစွန်းဒေသများတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်ဖြစ်ရာ၊ ကျွန်ုပ် တို့ကမ္ဘာပေါ်တွင် တစ်ချိန်တစ်ခါက ထိုသို့သောရာသီဥတုမျိုးရှိခဲ့ဖူးကြောင်း ထိုရှာ ဖွေတွေ့ရှိမှုက သက်သေပြပေးနေပါသည်။ ထိုအစောပိုင်းခေတ်ကာလများတွင် တည်ရှိခဲ့ဖူးသည့် ရာသီဥတုအကြောင်းနှင့်ပတ်သက်သည့် အခြားသောအရေးကြီး သဲလွန်စတစ်ခုကို ကျမ်းစာတွင် ဖော်ပြထားပေးပါသည်။

ဤအကြောင်းအရာကား၊ ထာဝရအရှင်ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောနေ့၊ ဖန်ဆင်းရာကာလ၌ ကောင်းကင်နှင့်မြေကြီး၏ မူလအတ္တုပတ္တိပေတည်း။ မြေ၌ လယ်ယာပျိုးပင် မပေါက် မှီ၊ လယ်ယာ၌ စပါးပင်မကြီးပွားမှီ၊ အပင်ရှိသမျှတို့ကိုဖန်ဆင်း တော်မူ၏။ ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် မြေပေါ်၌ မိုဃ်းကို ရွာစေတော်မမူသေး။ မြေ၌လုပ်သော လူလည်း မရှိသေးသည်ဖြစ်၍၊ မြေမှအခိုးအငွေ့ ထွက်သဖြင့် မြေတပြင်လုံးကို စိုစေလေ၏။ (ကမ္ဘာဦး ကျမ်း ၂း ၄-၆)

ယကနေ့ ကျွန်ုပ်တို့ ရင်းနှီးကျွမ်းဝင်နေကြသည့်ကမ္ဘာကြီးနှင့် အလွန်ကွာခြားသည့် ကမ္ဘာကြီးတစ်ခုအကြောင်းကို ဤကျမ်းပိုဒ်များမှ ဖေါ်ပြပေးထားသည်။ "ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် မြေပေါ်၌ မိုဃ်းကို ရွာစေတော်မမူသေး။ …. မြေမှအခိုးအငွေ့ထွက်သဖြင့် မြေတပြင်လုံးကို စိုစေလေ၏။" မြေတပြင်လုံး အစိုဓါတ်ရှိနေခဲ့သော်လည်း ပူနွေးနေခဲ့သည်။ ရာသီဥတုအခြေအနေမှာ ဆိုးရွားသည့် အပူချိန်ဖေါက်လွဲဖေါက်ပြန်မှုများနှင့် လုံးဝကင်းရှင်းနေခဲ့သည်။ အပူချိန်တပြေးညီဖြစ်နေခဲ့သည်ဖြစ်ရာ၊ မိုးကြိုးမုန်တိုင်းများ၊ လေဆင်နှာမောင်းများ၊ ဟာရီကိန်းမုန်တိုင်းများ၊ မိုးသီးကြွေခြင်းများ၊ နှင်းကျခြင်းနှင့် မိုးရွာသွန်းခြင်းများပင် ရှိခဲ့ဖူးမည်မဟုတ်ပါချေ။ မြေမျက်နှာပြင်သည်လည်း ယနေ့အချိန်ထက် ပိုမိုညီညာမှုရှိနေခဲ့လိမ့်မည် ဖြစ်သည်။ အလွန်မြင့်မားလွန်းသည့်တောင်များ (သို့) နှက်ရှိုင်းသော ပင်လယ်ချောက်ကြီးများ ရှိနေခဲ့မည်မဟုတ်ပါချေ။ ထို့အပြင်၊ မြေမျက်နှာပြင်အပေါ် ရေဖုံးလွှမ်းနေမှုများ အနည်းအကျဉ်းသာ ရှိနေခဲ့လိမ့်မည်ဖြစ်သည်။

လေထုထဲတွင် အဘယ်သို့သောအားဖြင့် ရေများတည်ရှိနေပါသနည်း။ ကြီးမားသည့် မိုးရွာသွန်းမှုကြီးကို အစပြုစေခဲ့သည့် စက်ယန္တရားကြီးကား အဘယ်နည်း။ အပူကြောင့် အထက်သို့ ရေများအငွေ့ပျံသည့်အကြောင်းကို ရိုးရှင်းသော စမ်းသပ်မှုတစ်ခုအားဖြင့် ကျွန်ုပ်တို့သိရှိနိုင်ပေသည်။ မီးဖိုပေါ်ရှိ ရေကရားအိုးထဲတွင် ထည့်ထားသောရေသည် အပူကြောင့် ရေကရားနှုတ်သီးမှတဆင့် ရေငွေ့ပျံသွားပါသည်။ ကျွန်ုပ်တို့ကမ္ဘာပေါ်၌ရှိသော ရေထုကြီးမှ ထုထည်အလွန်ကြီးမားသော ရေမောလီကျူးများကို နေ့စဉ်ထုတ်လွှတ်ပေးနေလျက်ရှိပါသည်။ အပူရှိန်ပြင်းလေလေ ရေငွေ့ပျံမှုပိုမိုမြန်ဆန်လေလေဖြစ်သည်။ ဆောင်းလယ်ရာသီ၌ အေးခဲသွားသည့်

ရေကန်တစ်ခုတွင်တွေ့ရှိနိုင်သည့် ရေမျက်နှာပြင်၏ ရေငွေ့ပျံမှုနှုန်းသည် ပူပြင်းသည့်နွေအချိန်တွင် တွေ့ရသည့် ထိုရေမျက်နှာပြင်၏ ရေငွေ့ပျံမှုနှုန်းထက် ပိုမိုလျော့နည်းနေသည်။

ရေလွှမ်းမိုးခြင်းမတိုင်မီက အပူစွမ်းအင် ပိုမိုရရှိနေခဲ့သည်ဖြစ်ရာ၊ လေထုထဲတွင် ပိုမိုများပြားသည့်ရေထုပမာဏဖြင့် ရေငွေ့ပျံနေခဲ့လိမ့်မည်မဟုတ်ပါလော။ ကမ္ဘာမြေကြီးသည် မိမိ၏ အပူစွမ်းအင်ရှိသမျှတို့ကို နေမှတဆင့် လက်ခံရရှိနေပါသည်။ ယင်းအပူစွမ်းအင်မရှိပါလျှင်၊ မြေကြီးမျက်နှာပြင်ပေါ်၌ အပူချိန် လုံးဝမရှိတော့သည်အထိ ဖြစ်လာလိမ့်မည်ဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး အလွန်အေးခဲသွားရလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့ကမ္ဘာကြီးအား ဖန်ဆင်းတော်မူခဲ့ရာတွင်၊ ကမ္ဘာ့လေထုထဲ၌ ကြီးမားသည့်ရေပမာဏတစ်ခုကို တည်ရှိစေနိုင်မည့် တိကျသည့်အပူစွမ်းအင်စနစ် တစ်ခုကို ထူးခြားအံ့သြဖွယ်စွာ ဘုရားသခင်တည်ရှိစေတော်မူခဲ့ပါသည်။ ထိုစွမ်းအင်စနစ်တွင် အဓိကလည်ပတ်ပေးနေရသည့် စက်ယန္တရားကြီးမှာ နေမင်းကြီးပင်ဖြစ်သည်။ နေသည် ယခုအချိန်ထက် ရေလွှမ်းမိုးခြင်းမတိုင်မီအချိန်က အပူစွမ်းအင်ပိုမိုထုတ်လွှတ်ပေးသည်ဆိုသည့် အယူအဆသည် လက်တွေ့ဆန်သည့် အယူအဆတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သဘာဝလောကကြီးအား ထိန်းညှိမပေးတော့ပဲ ပစ်ထားစေခြင်းငှါ ဘုရားသခင်အား မိမိတို့၏လုပ်ရပ်များဖြင့် လူများလှုံ့ဆော်လာကြသည့်အခါ၊ နေ၏ စွမ်းအင်ထုတ်လွှတ်မှုလည်း လျော့နည်းသွားခဲ့ရပါသည်။

ထိုအခါ၊ လေထုအတွင်းရှိ အတိမ်းအစောင်းမခံသော ရာသီဥတုသဟဇာတဖြစ်မှုသည် ဖေါက်လွဲဖေါက်ပြန်ဖြစ်လာခဲ့ပြီး “နောအေသက် ခြောက်ရာစေ့သောနှစ်၊ ဒုတိယလ၊ ဆယ်ခုနစ်ရက်နေ့တွင်၊ ကြီးစွာသော နက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကိုပယ်ရှင်း၍၊ မိုဃ်းကောင်းကင်ပြွန်ဝများကို ဖွင့်သဖြင့်၊ အရက် လေးဆယ်ပတ်လုံးမြေကြီးပေါ်မှာ မိုဃ်းရွာလေ၏။” (ကမ္ဘာဦးကျမ်း ၇း၁၁-၁၂)။ ကမ္ဘာ့ပထမဦးဆုံးသော မိုးစက်မိုးပေါက်များ ကျလာခဲ့ပြီး၊ နောက်ဆုံးတွင် မိုးရေ၏ အလျားအနံထုထည် (ကုဗထုထည်) မိုင်ထောင်ချီသွားသည်တိုင်အောင် မြေပေါ်သို့ မိုးများ ဆက်လက်ရွာသွန်းလာခဲ့ပါသည်။

ထိုရေလွှမ်းမိုးခြင်းတွင် သင်္ဘောထဲ၌ရှိသောသူရှစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့သည်။ ထိုသူတို့မှာ နောနှင့် သူ၏မိသားစုဝင်များပင်ဖြစ်သည်။ ရေလွှမ်းမိုး

ပြီးလျှင်၊ မြေပေါ်တွင် တိရိစ္ဆာန်များ မျိုးစိတ်အလိုက် ဆက်လက်တိုးပွားများပြား နိုင်ရန်အတွက် ထိုသင်္ဘောကြီးထဲတွင် များစွာသော တိရိစ္ဆာန်မျိုးစိတ်များလည်း ရှိနေခဲ့ကြသည်။ သင်္ဘော၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ယင်းသင်္ဘောကြီးတည်ရှိရာ တူရကီနိုင်ငံအရှေ့ပိုင်း ဒိုဂူဘရာဇစ်အမည်ရှိသော မြို့ငယ်တစ်မြို့၏အနီးတွင်ရှိ သည့် ပြည်သူ့ပန်းခြံတစ်ခုတွင် ထိန်းသိမ်းထားလျက်ရှိပါသည်။ အာရရတ်တောင် တွင် ဖြစ်ပျက်ခဲ့သည့် ထူးခြားသော ဤတူးဖော်တွေ့ရှိမှုက၊ သမ္မာကျမ်းစာ၌ ဖော်ပြထားသည့် ရေလွှမ်းမိုးခြင်းအဖြစ်အပျက်သည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်မဟုတ်ပဲ၊ သက်သေခိုင်လုံသည့် တစ်ခုတည်းသော ကမ္ဘာ့သဘာဝဘေးဆိုင်ရာ သမိုင်းရာဇဝင် တစ်ခုပင်ဖြစ်သည်ကို သက်သေပြသွားခဲ့ပါသည်။

> ရေသည်လည်း မြေပေါ်မှာ အစဉ်အတိုင်း စီးသွား၍၊ အရက်တရာ့ငါးဆယ် စေ့သောအခါယုတ်လျော့လေ၏။ သတ္တမလ၊ ဆယ်ခုနစ်ရက်နေ့တွင် သင်္ဘောသည် အာရရတ်အမည်ရှိသော တောင်ပေါ်မှာတင်လေ၏။
>
> ___ ကမ္ဘာဦးကျမ်း ၈း၃-၄

# ၁၇။ လက်ဝါးကပ်တိုင်သက်သေ

ဓမ္မဟောင်းကျမ်းပါ ဘုရားသခင်၏ ပြုမူဆောင်ရွက်မှုများကို မှန်ကန်စွာ နားလည်လိုက်ရသည့်အသိတစ်ခုက၊ ကျွန်ုပ်တို့အား မည်သည့်အခြေ အနေမျိုးတွင်မျှ ဘုရားသခင် ဖျက်စီးခြင်းပြုတော်မမူကြောင်းကို ခိုင်ခိုင်မာမာ အာမခံချက်ပေးသွားခဲ့ပါသည် ဖျက်စီးရန်အလို့ငှါ အပြစ်သားများထံ ဘုရားသခင်ချဉ်းကပ်တော်မမူသည့်အကြောင်းကို ဖေါ်ပြထားပေးပေးသည့် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး အထောက်အထားတစ်ခုကို ဓမ္မသစ်ကျမ်းတွင်တွေ့ရှိရပါသည်။

ယေရှု၏အသေခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ အဘယ်သို့ကယ်တင်ခြင်းရကြသည်ဆိုသည့်အချက်တွင် ကျမ်းစာလေ့လာသူများ အမြင်အမျိုးမျိုးရှိနေကြသော်လည်း၊ ကပ်တိုင်တွင် ကျွန်ုပ်တို့အဖို့ ယေရှုအသေခံတော်မူခဲ့သည် ဆိုသည့်အချက်ကိုမူ တကမ္ဘာလုံးရှိ ကျမ်းစာလေ့လာသူအားလုံးနီးပါး ယုံကြည်လက်ခံထားကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ကပ်တိုင်ပေါ်၌ အသေခံတော်မူခဲ့စဉ်၊ ကျွန်ုပ်တို့တွေ့ကြုံခံစားရမည့် သေခြင်းမျိုးကို ကျွန်ုပ်တို့ကိုယ်စား ယေရှုတွေ့ကြုံခံစားသွားခဲ့ကြောင်း လူအများစုတို့ ယုံကြည်ထားကြပါသည်။

ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့အပေါ် ဘုရားသခင်သက်ရောက်စေမည့်သေခြင်းမျိုးကို ကျွန်ုပ်တို့ကိုယ်စား ယေရှုခံယူတော်မူခဲ့သည်ဟု ကျွန်ုပ်တို့ဆိုစရာအကြောင်းရှိလာပါသည်။ အပြစ်သားများအား ဖျက်စီးသောသူမှာ ဘုရားသခင်ပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်နေကြလျှင်၊ ယေရှုအား အသေသတ်ခဲ့သောသူမှာလည်း ခမည်းတော်ဘုရားသခင်ပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ ဆိုစရာအကြောင်းဖြစ်လာပါသည်။ ကျမ်းစာက ထိုသို့ဆိုထားပါသလား။ ယေရှု၏ အသေခံတော်မူခြင်းအကြောင်းအရာကို ရှင်မဿဲခရစ်ဝင်ကျမ်းတွင် အသေးစိတ် ဖေါ်ပြထားပေးပါသည်။ ယေရှုအသက်တော်မစွန့်မှီက မည်သည့်နောက်ဆုံးစကားများကို သူပြောသွားခဲ့ပါသနည်း။ "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။" (မဿဲ ၂၇း၄၆၊ အဓိကကိုးကားချက်)

ယေရှုအဘယ်သို့ အသေခံသွားခဲ့သည်ကို ဤကျမ်းချက်က ဖေါ်ပြပေးထားသည်။ မိမိ၏မေတ္တာတော်ကို စွန့်ပယ်ကြသောသူများ အဆုံးတစ်နေ့တစ်ချိန်တွင် တွေ့ကြုံခံစားရမည့် အသက်ပေးပိုင်ရှင်ဘုရားသခင်နှင့် ကွေကွင်းရမည့်အဖြစ်ကို

မိမိသားတော်ယေရှုအား ခမည်းတော်ဘုရား တွေ့ကြုံခံစားစေခဲ့ပါသည်။ ယေရှုအား အသေသတ်သောသူမှာ ခမည်းတော်ဘုရားမဟုတ်ပဲ၊ ကျွန်ုပ်တို့၏အပြစ် များသာ ဖြစ်ပါသည်။ "အပြစ်၏အခကား သေခြင်းပေတည်း။" (ရောမ ၆း၂၃)။ ဘုရားသခင်ထံမှလာသည့်အရာ တစ်စုံတစ်ရာမျှမပါပဲ၊ အပြစ်တရားက သေခြင်းတရားကို မိမိဘာသာ အလိုအလျောက် မွေးထုတ်ပေးလာခဲ့ပါသည်။ အသက် ရှိသမျှတို့သည် ဘုရားသခင်ထံမှလာသည်။ သေခြင်းရှိသမျှတို့သည် အပြစ်၏အဖိုးအခသက်သက် ကြောင့်ဖြစ်သည်။ သို့ဖြစ်၍၊ ဘုရားသခင်အား သေခြင်းပေါက်ပွားရာ အရင်းအမြစ်အဖြစ် မှတ်ယူခြင်းသည် အလျင်းယုတ္တိမရှိပါချေ။

ဘုရားသခင်အား လက်ညှိုးထိုးပြထားသည့် ဖျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းအဖြစ်အပျက်ရှိသမျှတို့ကို ဤစာအုပ်ငယ်ထဲတွင် ရှာတွေ့ဖို့မဖြစ်နိုင်ပါချေ။ သို့ရာတွင်၊ ကျွန်ုပ်တို့လေ့လာစမ်းစစ်ခဲ့ကြသည့် ကျမ်းပိုဒ်များတို့သည် ကျမ်းစာတွင် ဖေါ်ပြထားသည့် သေခြင်းနှင့် ကပ်ဆိုးဖြစ်စဉ်များတွင် ပါဝင်သည့် ဘုရားသခင်၏ အခန်းကဏ္ဍကို မှန်ကန်စွာနားလည်သဘောပေါက်စေနိုင်သည့် သော့ချက်တစ်ခု ဖြစ်သည်။ ကျမ်းစာကို ကျမ်းစာအားဖြင့် ပြန်လည်အနက်ဖွင့်ထားပေးပါသည်။ ဘုရားသခင်၏လုပ်ဆောင်မှုများအား ပေါ်လွင်ထင်ရှားစေသည့် ကျမ်းပိုဒ်တစ်ပိုဒ်ပိုဒ်၌ ဖုံးအုပ်နေလျက်ရှိသော အကွယ်အကာကုလားကာကို ကျွန်ုပ်တို့ ဆွဲဖွင့်နိုင်ကြပြီဆိုလျှင်၊ ထိုကျမ်းပိုဒ်ကို သော့တစ်ချောင်းအဖြစ်အသုံးပြုပြီး ကျွန်ုပ်တို့အဖို့ မရှင်းမလင်းဖြစ်နေသည့် အခြားသောကျမ်းပိုဒ်များကို ကျွန်ုပ်တို့ ဖွင့်ဟနားလည်လာနိုင်ကြပါသည်။ ထို့အပြင်၊ ဘုရားသခင်ကိုယ်တော်တိုင်၏ အကြောင်းကို တိုက်ရိုက်ပြောဆိုဖေါ်ပြထားသည့် ဘုရားသခင်၏နှုတ်ထွက်စကားတော်များကိုလည်း ကျွန်ုပ်တို့ အထူးဆင်ခြင်နှလုံးသွင်းဖို့ကောင်းသည်။ ဥပမာ၊ "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။" (မာလခိ ၃း၆)။ နောက်ဆုံးတစ်ချက်အနေဖြင့်၊ ခရစ်တော်ကိုယ်တော်တိုင် သွန်သင်ပြသပေးခဲ့သည့် ဘုရားသခင်အကြောင်းနှင့် စပ်ဆိုင်သော သမ္မာတရားသတင်းစကားများတို့သည်၊ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ကျမ်းစာတစ်ခုလုံးအား မှန်ကန်စွာလေ့လာနိုင်ရန် အထောက်အကူဖြစ်စေသည့် တိကျသောလမ်းပြမြေပုံတစ်ခုဖြစ်နေပါသည်။

ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်းရှိသဖြင့်၊ သင်တို့သည်သန့်ရှင်းသူအပေါင်းတို့၏နည်းတူ၊ အနံ အလျား အနက်အမြင့်တို့ကို ပိုင်းခြား၍သိခြင်းငှါငှင်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိနားလည်ခြင်းငှါငှင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့် အညီ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏။

____ ဧဖက်သြဝါဒစာ ၃း၁၇-၁၉

# ၁၈။ ဘုရားသခင်သည် အာဏာရှင်မဟုတ်။

ထာဝရလောင်ကျွမ်းနေသည့်ငရဲတစ်ခုရှိသည် ဟူသည့်သွန်သင်မှုမျိုးကို ကြားဖူးသမျှသောသူအပေါင်းတို့အဖို့ အံ့ဖွယ်သတင်းကောင်းတစ်ခုရှိပါသည်။ ကျမ်းစာကို စေ့စေ့လေ့လာခြင်းအမှုတွင် ထိုသွန်သင်မှုကို ထောက်ခံထားခြင်းမရှိပါချေ။ သေခြင်းကို သတိလစ်(မေ့)နေသည့် အခြေအနေတစ်ခုအဖြစ် ကျမ်းစာတွင် ဖေါ်ပြထားသည်။ ထမြောက်ရာကာလအချိန်အထိမျှသာ ကြာရှည်နေမည့် ယာယီအိပ်စက်ခြင်းတစ်မျိုးဖြစ်သည်။ ထမြောက်ရာကာလတွင်၊ ဘုရားရှင်နှင့်ရန်ငြိမ်းခြင်းအကြောင်းကို ငြင်းဆန်မှုပြုသူရှိသမျှတို့အနေဖြင့် ထာဝရကွယ်ပျောက်ခြင်းအသီးအပွင့်ကို ရိတ်သိမ်းရကြလိမ့်မည်ဖြစ်သည်။

ထာဝရလောင်ကျွမ်းနေသော နိုပ်စက်ညှဉ်းပန်းခြင်းပြုရာနေရာအတွက် ကျမ်းစာထဲမှ အထောက်အထားရလိုလျှင်၊ ကျမ်းစာထဲရှိ ပုံဆောင်မှုအဖြစ် အသုံးပြုထားသည့်စကားလုံးများကို တိုက်ရိုက်အဓိပ္ပါယ်ကောက်ရပါလိမ့်မည်။ ကျမ်းစာတွင် မီး ဟူသောစကားလုံးသည် တိုက်ရိုက်အဓိပ္ပါယ်ရှိနိုင်သလို၊ ပုံဆောင်သည့်အဓိပ္ပါယ်လည်းရှိနိုင်ပါသည်။ ဒံယေလကျမ်းတွင်၊ ရှာဒရက်၊ မေရှက်နှင့် အဗေဒနေဂေါတို့အား မီးဖိုထဲသို့ နေဗုခဒ်နေဇာမင်းချပစ်ခဲ့ရာတွင် တကယ့်မီးအစစ်ထဲသို့ ထိုသူတို့ရောက်ရှိသွားခဲ့သည်မှာ လုံးဝထင်ရှားလှပါသည်။ ရေအားဖြင့် နှစ်ခြင်းပေးခဲ့သည့် နှစ်ခြင်းဆရာယောဟန်က၊ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၎င်း၊ မီးအားဖြင့်၎င်း သင်တို့ကိုနှစ်ခြင်းပေးမည်ဟု ပြောဆိုခဲ့ရာတွင် တကယ်မီးအစစ်ကို သူရည်ညွှန်းခဲ့ခြင်းမဟုတ်ကြောင်း သိသာထင်ရှားလှပါသည်။ ထိုနေရာတွင် မီးကို တင်စားသည့်အသုံးအနှုန်းတစ်ခုအဖြစ် သူအသုံးပြုခဲ့ခြင်းသာဖြစ်ပါသည်။ “ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏။” “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။” (ဟေဗြဲ ၁၂း၂၉၊ ၁ ယော ၄း၁၆)။ ဤဖေါ်ပြချက်နှစ်ခုတို့က ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး ရှုပ်ထွေးမှုဖြစ်သွားစေပါသလား။ ဤတွင် အသုံးပြုထားသည့် မီး ဟူသောစကားလုံးကို တိုက်ရိုက်အဓိပ္ပါယ်ကောက်ယူလျှင် ရှုပ်ထွေးမှုဖြစ်လိမ့်မည်ဖြစ်သည်။ မီးဆိုသည်မှာ ဓာတုဓါတ်ပြုမှုတစ်ခုပင်ဖြစ်သည်။ ဘုရားသခင်သည် ဓါတုဓါတ်ပြုမှုတစ်ခုပါလော။ လူတစ်ဦးအပေါ် ထားရှိသည့် ဘုရားသခင့်မေတ္တာတော်၏ အကျိုးသက်ရောက်ပုံကို ကျွန်ုပ်တို့နားလည်ထားလျှင်

အထက် ပါကျမ်းချက်နှစ်ချက်တို့၌ သဘောညီညွတ်မှုအပြည့်ရှိနေသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်သည် အတ္တစိတ်ကို လောင်ကျွမ်းပေးတော်မူသည်။ အတ္တစိတ်သည် စစ်မှန်သော မေတ္တာစိတ်၏ ဆန့်ကျင်ဘက်သဘောထားတစ်ခုပင်ဖြစ်သည်။ ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်ုပ်တို့ဖွင့်ဟလက်ခံလျှင်၊ ကျွန်ုပ်တို့အထဲသို့ ထိုမေတ္တာတော် ဝင်ရောက်လာမည်ဖြစ်ပြီး ကျွန်ုပ်တို့နှလုံးသားထဲက အတ္တစိတ်သဘောကို လောင်ကျွမ်းပေးတော်မူမည်ဖြစ်သည်။ ဤသည်မှာ အသက်ပေးစွမ်းသည့် အတွေ့အကြုံတစ်ခုပင်ဖြစ်ပေသည်။

ဘုရားသခင်၏မေတ္တာတော်ကို ငြင်းပယ်ပြီး၊ မိမိတို့၏ အတ္တစိတ်၌သာ ကျွန်ုပ်တို့တွယ်ကပ်နေကြမည်ဆိုလျှင်၊ ထိုမေတ္တာတော်သည် ကျွန်ုပ်တို့အဖို့ နှိပ်စက်ခြင်းအရင်းအမြစ်တစ်ခု ဖြစ်လာလိမ့်မည်ဖြစ်သည်။ ထိုမေတ္တာတော်နှင့် ဝေးဝေးနေခြင်းငှါ ကျွန်ုပ် တို့ရှာကြံလာကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်ထံမှပင် ကျွန်ုပ်တို့ ထွက်ပြေးပုန်းရှောင်သွားကြလိမ့်မည် ဖြစ်သည်။ ဘုရားသခင်အကြောင်းနှင့် ပတ်သက်ပြီး စာတန်ပြောသည့် မုသာစကားကို အာဒံနှင့် ဧဝတို့ယုံစားမိခဲ့ကြသည့်နောက်ပိုင်းတွင် ထိုသို့သောအတွေ့အကြုံမျိုးကို သူတို့တွေ့ကြုံလာခဲ့ရသည်။ (ညှဉ်းဆဲရာပြည်)ငရဲပြည်ရှိသည် ဆိုသည့်သွန်သင်မှုကို ထောက်ပြဖို့ရန်အတွက် ယေရှုဟောခဲ့သည့် သူဌေးနှင့် လာဇရုပုံပမာကို လူများ တစ်ခါတစ်ရံအသုံးပြုတတ်ကြသည်။

> တဖန်တုံ၊ သူဌေးတယောက်သည် နီမောင်းသော ကမ္ဗလာနှင့်ပိတ်ချောကိုဝတ်ဆင်၍၊ ကာမဂုဏ်စည်းစိမ်၌ နေ့တိုင်း ပျော်မွေ့လျက်နေ၏။ လာဇရုအမည်ရှိသော သူဆင်းရဲတယောက်သည် တကိုယ်လုံး၌ အနာစိမ်းပေါက်၍၊ သူဌေး၏စားပွဲမှကျသော စားနုပ်စားပေါက်ကို စားပါရစေဟု တောင့်တသောစိတ်နှင့် သူဌေးအိမ်တံခါးနားမှာ တုံးလုံးနေ၏။ ခွေးတို့သည် လာ၍ အနာစိမ်းများကို လျက်ကြ။ တနေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကိုခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကို၎င်း၊ အာဗြဟံ၏ရင်ခွင်၌ လာဇရုကို၎င်း အဝေးကမြင်လျှင်၊ အိုအဘ အာဗြဟံ၊

အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသောကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှါ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။ အာဗြဟံကလည်း၊ ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါ ချမ်းသာရသည်ကိုင်၎င်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကိုင်၎င်း အောက်မေ့လော့။ ယခုမူကား၊ သူသည်သက်သာခြင်းရှိ၏။ သင်သည် ဒုက္ခဝေဒနာကိုခံရ၏။ ထိုမှတပါး၊ ငါတို့နှင့် သင်တို့စပ်ကြား၌ အလွန်နက်လှသော ချောက်ကြီးတည်လျက်ရှိ၏။ ထိုကြောင့် ဤအရပ်မှ သင်တို့ရှိရာသို့ ကူးချင်သောသူမကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိရာသို့ ကူးချင်သောသူလည်း မကူးနိုင်ဟုဆို၏။ သူဌေးကလည်း၊ အိုအဘ၊ ထိုသို့မှန်လျှင်၊ အကျွန်ုပ်၌ ညီငါးယောက်ရှိပါသည်ဖြစ်၍၊ သူတို့သည် ဤပြင်းပြစွာခံရာအရပ်သို့ မရောက်မည်အကြောင်း၊ သူတို့အား သက်သေခံစေခြင်းငှါ၊ လာဇရုကို အကျွန်ုပ်အဘ၏အိမ်သို့ စေလွှတ်တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု ပြောဆိုလျှင်၊ အာဗြဟံက၊ သင်၏ညီတို့၌ မောရှေမှစ၍ ပရောဖက်များရှိကြ၏။ ပရောဖက်တို့၏ စကားကို နားထောင်ကြစေဟု ဆို၏။ သူဌေး ကလည်း၊ မဟုတ်ပါ အဘအာဗြဟံ။ သေသောလူစုထဲက တယောက်သောသူသည် ထမြောက်၍ သူတို့ရှိရာသို့သွားလျှင်၊ သူတို့သည် နောင်တရကြပါလိမ့်မည်ဟုဆိုသော်၊ အာဗြဟံက၊ သူတို့သည် မောရှေ၏စကား၊ ပရောဖက်တို့၏စကားကို နားမထောင်လျှင်၊ တယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြဟု အာဗြဟံဆိုသည်ဟု မိန့်တော်မူ၏။ (ရှင်လုကာခရစ်ဝင် ၁၆း၁၉-၃၁)

လူတစ်ယောက်၌ရှိသော အတ္တစိတ်နှင့် လျစ်လျူရှုလိုစိတ်တို့၏ရလဒ်ကို ခိုင်းနှိုင်းပြလိုက်သည့်အနေဖြင့် ဤပုံပမာကို ယေရှုပြောကြားခဲ့ခြင်းဖြစ်သည်။ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ယူဆထားကြသည့် ဖာရိရှဲများတို့အား ယေရှုပြောကြားခဲ့ခြင်းဖြစ်ပြီး၊ တမလွန်ဘဝနှင့်ပတ်သက်ပြီး လူအများ လက်ကိုင်ထားကြသည့် မှားယွင်းသောအယူအဆများတို့ဖြင့် မိမိ၏ ပုံပမာကို ယေရှုလွှမ်းခြုံစေခဲ့ပါသည်။

ချမ်းသာခြင်းကို ဘုရားသခင်၏ကောင်းချီးအဖြစ် ဂျူးလူမျိုးများ ခံယူထားခဲ့ကြသည်။ သူတို့၏စိတ်တွင်၊ ဆင်းရဲသားများနှင့် အထူးသဖြင့် ကာယပိုင်းဆိုင်ရာ ဒုက္ခဝေဒနာခံစားနေရသူများတို့ကို ဘုရားကျိန်ဆဲသောသူများအဖြစ် သူတို့ရှုမြင်ကြသည်။ မိမိတို့၏ ဝိညာဉ်ရေးချို့တဲ့မှုကြောင့် (သို့) မိမိတို့၏ အပြစ်ကြောင့် သူတို့ ထိုသို့ခံစားနေရကြသည်ဟု သူတို့ယူဆထားခဲ့ကြသည်။ တဖက်တွင် ချမ်းသာသောသူအား ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဟူ၍ သူတို့အခိုင်အမာယုံကြည်ထားကြသည်။ ဖါရိရှဲတို့၏တွေးခေါ်ယူဆချက်အရ၊ လူတစ်ယောက်၏ကြွယ်ဝမှု (သို့) အဆင့်အတန်းသည် ဘုရားသခင်ရှေ့၌ရှိသော ထိုသူ၏ရိုးဖြောင့်မှုအတိုင်းအတာတစ်ခုပင်ဖြစ်နေပါသည်။ ကျဉ်းမြောင်းရက်စက်သည့် မှားယွင်းသော ဤအယူအဆကို ဖေါ်ပြရန် ထိုသူတို့အား ဤပုံပမာကို ယေရှုပေးတော်မူခဲ့ခြင်းဖြစ်သည်။

ရှေ့ဦးစွာ၊ ထိုပုံပမာတွင်ပါရှိသည့် အသေးစိတ်အချက်တချို့တို့ကို ကျွန်ုပ်တို့ကြည့်ရှုသွားပါမည်။ ဆင်းရဲသား လာဇရုသေဆုံးသွားသည့်အခါ "အာဗြဟံ၏ရင်ခွင်"၌ သက်တောင့်သက်သာစွာ သူရောက်ရှိသွားခဲ့သည်။ သူဌေးလည်း သေဆုံးသွားခဲ့ပြီး ငရဲပြည်တွင် ညှဉ်းဆဲခြင်းခံနေခဲ့ရသည်။ သူမော့ကြည့်လိုက်သည့်အခါ၊ မဝေးလှသည့် အရပ်တစ်နေရာ၌ အာဗြဟံနှင့် လာဇရုတို့ကို သူလှမ်းမြင်ခဲ့ရသည်။ ထို့နောက်၊ သူဌေးနှင့် "အဘအာဗြဟံ"တို့ အပြန်အလှန်စကား ပြောခဲ့ကြသည်။

ယခုအခါ၊ စဉ်းစားစရာမေးခွန်းအချို့တို့ဖြင့် ဤပုံပြင်ကို သေချာစွာဆန်းစစ်လေ့လာကြည့်ကြပါစို့။

- ပုံပြင်အရ၊ မည်သည့်နေရာတွင် အာဗြဟံနှင့် လာဇရုတို့ရှိနေခဲ့ကြသနည်း။
- ကောင်းကင် (သို့) ပါရဒိသုဘုံတွင် အာဗြဟံနှင့် လာဇရုတို့ရှိနေခဲ့လျှင်၊ ငရဲတွင်ရှိသော သူဌေးနှင့် သူမည်သို့စကားပြောနိုင်ပါမည်နည်း။ သူတို့အား သူဌေး အဘယ်သို့တွေ့မြင်နိုင်မည်နည်း။
- ငရဲတွင် အာဗြဟံနှင့် လာဇရုတို့ရှိနေခဲ့လျှင်၊ ထိုနေရာတွင် သူတို့ ဘာသွားလုပ်ကြပါသနည်း။
- အာဗြဟံနှင့် လာဇရုတို့အနေဖြင့် ကောင်းကင်တွင်လည်းမရှိ၊ ငရဲတွင်လည်း မရှိခဲ့လျှင် မည်သည့်နေရာတွင် သူတို့ရှိနေခဲ့ကြပါသနည်း။

- မီးလောင်ကျွမ်းနေသည့် ငရဲထဲ၌ နှိပ်စက်ခံနေရသူတစ်ယောက်အဖို့ ရေတစ်စက်နှစ်စက်သည် အဘယ်သို့ သက်သာရာရစေနိုင်လိမ့်မည်နည်း။
- ငရဲတွင် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် ထိုသူဌေးကို လာဇရုတွေ့မြင်ရပါသလား။ သူ၏ အော်ဟစ်တောင်းပန်နေသံကို သူကြားရပါသလား။
- အာဗြဟံ၏ရင်ခွင်တွင် လာဇရုအဘယ်သို့သက်သာခြင်းရှိနေခဲ့ပါသနည်း။
- သူဌေး၏ဝေဒနာကို လျစ်လျူရှုပြီး (သို့) သူဌေးခံစားရသော ထိုဝေဒနာကြောင့် လာဇရု သက်သာခြင်းရှိနေလိမ့်မည်လော။
- ယခုကဲ့သို့ အခြေအနေပြောင်းပြန်ဖြစ်သွားခဲ့သည့် အခြေအနေတွင် သူဌေးအပေါ် အကြင်နာကင်းမဲ့စွာ ပြန်လည်တုံ့ပြန်ဖို့ လာဇရု တွန်းအားခြင်းခံနေရပါသလား။
- တည်နေရာနှစ်ခုစပ်ကြားတွင် သွားလာ၍မရနိုင်အောင်ပိုင်းခြားထားသည့် ဤ "ချောက်ကြီး"သည် အဘယ်မျှ ကျယ်ဝန်းပါသနည်း။
- ငရဲ၏တည်နေရာနှင့် အာဗြဟံနှင့် လာဇရုတို့၏တည်ရှိရာနေရာစပ်ကြားဆက်သွယ်မှုမပြုနိုင်ဖို့အတွက်ဆိုလျှင် ဤချောက်ကြီး အဘယ်မျှကျယ်ဝန်းမှုရှိဖို့ လိုအပ်နေမည်နည်း။ မိုင်ပေါင်း ၃၀ဝ လော။ ဤစကြာဝဠာ အကျယ်အဝန်းနှင့် လုံလောက်မည်လော။
- ငရဲထဲ၌ ညှဉ်းပန်းနှိပ်စက်ခံနေရသူတို့၏ဝေဒနာများကို ချောက်တဖက်ရှိသက်သာခြင်းအရပ်၌ နေရာကျသောသူများ မသိမမြင်နိုင်ဖို့အတွက်ဆိုလျှင် ဤချောက်ကြီး အဘယ်မျှကျယ်ဝန်းမှုရှိဖို့ လိုအပ်လိမ့်မည်နည်း။
- သူဌေးနှင့် လာဇရုပုံပမာတွင် ငရဲဆိုသည့် အသုံးအနှုန်းကို ယေရှုအသုံးပြုထားခဲ့ခြင်းကြောင့် ထာဝရကျွမ်းလောင်နေသောငရဲနှင့်သက်ဆိုင်သည့်အယူအဆကို ယေရှုအားပေးထောက်ခံနေပါသည် ဟူသောသုံးသပ်မှု သည် လက်တွေ့ကျသောသုံးသပ်မှုတစ်ခုပါလော။

အလွန်ဆိုးသော ဤအယူအဆ(သွန်သင်မှု)ကို အတည်ပြုထောက်ခံပေးသည့် သဘောထက်၊ ၎င်းအားပပျောက်စေရန် သဘောဖြင့်၊ ထာဝရကျွမ်းလောင်နေသော ညှဉ်းဆဲရာနေရာအယူကို မိမိ၏ပုံပမာ၌ ယေရှုထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်သည် ဟူ၍ ကောက်ချက်ချလိုက်ခြင်းသည်ပင် ပိုမိုလက်တွေ့ကျလိမ့်မည်မဟုတ်ပါ

လော။ စကြ်ာဝဠာ၏ တစ်ထောင့်တစ်နေရာတွင် ငရဲကေန်ရှိနေခဲ့လျှင်၊ ထာဝရ ကာလတိုင်တိုင် အသက်ရှင်သွားကြမည့်သူများတို့၌ စုံလင်သည့်ငြိမ်သက်ခြင်းနှင့် စစ်မှန်သည့် ဝမ်းမြောက်ခြင်းရှိနိုင်ကြမည်မဟုတ်ကြောင်း ယေရှုသွန်သင်နေခြင်း ပင်ဖြစ်သည်။

ညှဉ်းဆဲမှုပြုသည့် ထာဝရနေရာတစ်ခုရှိသည် ဆိုသည့်သွန်သင်မှုသည်၊ ကျွန်ုပ်တို့ ၏သိမ်မွေ့ရှင်၊ ဂရုဏာရှင်၊ ခွင့်လွှတ်ခြင်းအရှင်နှင့် မေတ္တာရှင်ဘုရားသခင် အား အဆိုးရွားဆုံးသော အာဏာရှင်တစ်ပါးအဖြစ် အရောင်ခြယ်လိုက်သည့် စာတန်၏ မုသာစကားတစ်ခွန်းပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့အား ကောင်းကင်ခမည်းတော် ထံမှ ဝေးလွင့်စေခြင်းငှါ ပစ်မှတ်ထားနေသည့် သွန်သင်မှုတစ်ခုပင်ဖြစ်ပေသည်။ ထာဝရညှဉ်းပန်းသောနေရာ ဘယ်အခါမျှရှိလာလိမ့်မည်မဟုတ်ပါချေ။ ထိုအစား၊ ဝေဒနာအပေါင်း ထာဝရအဆုံးသတ်သွားရမည့် နေ့ရက်တစ်ရက်ရောက်ရှိလာမည့် အကြောင်းကိုသာ ကျမ်းစာတွင်ဖေါ်ပြထားသည်။

> ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏ တဲတော်သည် လူတို့ တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော် ၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေ ဘေးမရှိရ။ စိက်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ် ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။ (ဗျာဒိတ်ကျမ်း ၂၁း၃-၄)

ထာဝရကာလတိုင်တိုင် ကျွန်ုပ်တို့ အဘယ်သို့အသက်ရှင်နေထိုင်သွားရကြ မည်ကို လူအများ မကြာခဏသိချင်နေတတ်ကြသည်။ ယခုကဲ့သို့ပင်၊ ကျွန်ုပ်တို့၌ လူသားခန္ဓာ ရှိလိမ့်ဦးမည်လော (သို့) ခန္ဓာကိုယ်မရှိပဲ အသက်ရှင်ရမည်လော။ ကျွန်ုပ် တို့၏ဝိညာဉ်ကား အဘယ်နည်း။

ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏။ (ကမ္ဘာဦးကျမ်း ၂း၇)

ပြစ်မှားသော ဝိညာဉ်သည် အသက်သေရမည်။ (ယေဇကျေလ ၁၈း၄)

ကျွန်ုပ်တို့ အသက်ရှင်နိုင်ရန် ဘုရားသခင်ထံမှလာသည့် "ဇီဝအသက်" (ခေါ်) နာမ်ဝိညာဉ်ကို ကျွန်ုပ်တို့လိုအပ်ကြသည်။ ကျွန်ုပ်တို့၌ သီးခြားရပ်တည်နိုင်သည့် အသက်ရှင်သောဝိညာဉ်များမရှိကြပါချေ။ ကျွန်ုပ်တို့ကိုယ်တိုင်သည်ပင်လျှင် အသက် ရှင်သောဝိညာဉ်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့၌ သီးခြားရပ်တည်နိုင်သည့် မသေနိုင်သော ဝိညာဉ်ရှိသည်ဆိုသည့်ယုံကြည်ချက်သည် ကျမ်းစာတွင် အထောက်အထားမရှိသည့် ယုံကြည်ချက်တစ်ခုဖြစ်သည်။ ယေရှု တဖန်ကြွလာတော်မည့်တစ်နေ့တွင်၊ စုံလင်ခြင်းမရှိသော ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် "မျက်စိတမှိတ်၌" စုံလင်သောခန္ဓာများအဖြစ်သို့ ပြောင်းလဲသွားရလိမ့်မည်ဖြစ်သည်။ (၁ ကော ၁၅း၅၂)

အပြစ်၏အခကား သေခြင်းပေတည်း။ (ရောမသြဝါဒစာ ၆း၂၃)

ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်တွင်၊ သေခြင်းကို သေခြင်းအဖြစ်နှင့် သာဖော်ပြထားပါသည်။ ကျမ်းစာတစ်အုပ်လုံးတွင်၊ အပြစ်၏အခကား သေခြင်းပေတည်း ဟူသောသဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့်ဖော်ပြချက် တစ်ချက်တည်းသာရှိပါသည်။ "မြွေကလည်း သင်တို့သည် ကေန်အမှန် သေရမည်မဟုတ်၊" (ကမ္ဘာဦးကျမ်း ၃း၄၊ အဓိကကိုးကားချက်)

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယော ဟန် ၃း၁၆)

ထိုပျက်စီးခြင်း၏ အနက်ကား၊ တည်ရှိမှုအဆုံးသတ်ခြင်းပင် ဖြစ်ပေသည်။ တစ်နေရာရာတွင် ဒုက္ခဝေဒနာခံစားနေခြင်းမျိုးမဟုတ်ပါချေ။

ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။ သူ့ကိုနိုးခြင်းအလိုငှါ ငါသွားမည် ဟု မိန့်တော်မူ၏။ တပည့်တော်တို့ကလည်း၊ သခင်၊ သူသည်အိပ်ပျော် လျှင် သက်သာရလိမ့်မည်ဟု လျှောက်ကြ၏။ ယေရှုသည် လာဇရုသေ ကြောင်းကိုမှတ်၍ မိန့်တော်မူသော်လည်း၊ ပကတိ အိပ်ပျော်ကြောင်းကို မိန့်တော်မူသည်ဟု တပည့်တော်တို့သည် ထင်မှတ်ကြ၏။ ထိုကြောင့် ယေရှုက၊ လာဇရုသေပြီ။ (ယောဟန် ၁၁း၁၁-၁၄၊ အဓိကကိုးကားချက်)

သေခြင်းကို အိပ်စက်ခြင်းနှင့် ယေရှုခိုင်းနှိုင်းထားခဲ့ခြင်းအကြောင်းကား ဘုရားသခင်သည် လူသားတို့အား သေခြင်းမှ ထမြောက်ရှင်ပြန်စေနိုင်သောကြောင့် ဖြစ်သည်။ သင်္ချိုင်းတွင် လေးရက်ကြာရှိနေပြီးဖြစ်သောလာဇရုအား ယေရှု ထ မြောက်စေတော်မူခဲ့ရာတွင်၊ သူ့အား ကောင်းကင်ပေါ်မှ ယေရှုပြန်ခေါ်ဆင်းခဲ့ခြင်း မဟုတ်ပါချေ။ အလျင်းသတိမရှိတော့သည့် အခြေအနေတစ်ခုဖြစ်သည့် သေခြင်းမှ သူပြန်နိုးထလာခဲ့ခြင်းဖြစ်သည်။

သူသည်အသက်ထွက်၍ မြေသို့ပြန်သွားတတ်၏။ ထိုနေ့ခြင်းတွင်၊ သူ၏ အကြံအစည်တို့သည် ပျက်စီးကြ၏။ (ဆာလံကျမ်း ၁၄၆း၄)

သေခြင်း၌ လူသားတို့၏အကြံအစည်များသည် အခြားသောနေရာတစ်ခု ခု၌ ဆက်လက်တည်ရှိမနေတော့ပါချေ။

အကြောင်းမူကား၊ သေလျက်နေစဉ်တွင် ကိုယ်တော်ကို အောက်မေ့ခြင်း မရှိပါ။ မရဏာနိုင်ငံတွင် ကျေးဇူးတော်ကို အဘယ်သူချီးမွမ်းပါမည်နည်း။ (ဆာလံကျမ်း ၆း၅)

အသက်ရှင်သောသူသည် မိမိသေရမည်ကို သိ၏။ သေသောသူမူကား၊ အဘယ်အရာကိုမျှမသိ။ (ဒေသနာကျမ်း ၉း၅)

ကျွန်ုပ်တို့သေဆုံးသွားသည့်အခါ၊ သေဆုံးသွားသည့် ထိုတခဏချင်းမှာပင် ကျွန်ုပ်တို့၏ အသိအမြင်များအားလုံး အဆုံးသတ်သွားသည်။ ကုန်လွန်ခဲ့သော အချိန်များကိုလည်း မမှတ်မိတော့ပါ။ ရှင်ပြန်ထမြောက်ခြင်းအချိန်သည် ကျွန်ုပ်တို့၏ နောက်ဆုံးထွက်သက်၌ ချက်ချင်းရောက်ရှိလာသကဲ့သို့ဖြစ်လိမ့်မည်ဖြစ်သည်။

သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦး ထမြောက်ကြလိမ့်မည်။ (၁ သက် ၄း၁၆)

ဤထမြောက်ခြင်းအမှုသည် ယေရှု၏ ဒုတိယကြွလာခြင်းအချိန်တွင် ဖြစ်ပျက်လိမ့်မည်ဖြစ်သည်။

ငါသည်အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည် ဖြစ်၍၊ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်။ (ဗျာဒိတ် ၂၂း ၁၂)

ဒုတိယအကြိမ် ယေရှုပြန်ကြွမဆင်းလာမီတိုင်အောင် ထာဝရဆုလဒ်တော်ကို ကျွန်ုပ်တို့ရရှိနိုင်ကြလိမ့်မည်မဟုတ်ပါချေ။

မင်္ဂလာရှိသော တပါးတည်းသော အရှင်ဖြစ်တော်မူထသော၊ ဘုရင်တကာ တို့၏ဘုရင်၊... သခင်တကာတို့၏သခင်၊ ထိုဘုရားသခင်သည် ထာဝရ ဂုဏ်အသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ (၁ တိ ၆း ၁၅-၁၆)

ဘုရားသခင်တစ်ပါးတည်းသာ ထာဝရဂုဏ်အသရေအစွမ်းသတ္တိ (မသေနိုင်သော အဖြစ်တော်) ရှိတော်မူသည်။ ကျွန်ုပ်တို့၌ ထိုသို့မရှိပါချေ။

> နက်နဲသော အရာတခုကိုငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း၊ နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ယခုမျက်မှောက်ပုပ်တတ်သော အရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သော အရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ ဤပုပ်တတ်သော အရာသည် မပုပ်နိုင်သောအဖြစ်သို့၎င်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့၎င်း၊ ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့် စုံလိမ့်မည်။ (၁ ကော ၁၅း၅၁-၅၄)

ကျွန်ုပ်တို့အထဲ၌ မသေနိုင်သောအဖြစ်မရှိပါ။ ဘုရားသခင်နှင့် အစဉ်ဆက်သွယ်မှုရှိသော အသက်တာအားဖြင့်သာလျှင် မသေနိုင်သောအဖြစ်ကို ကျွန်ုပ်တို့ ရနိုင်သည်။ "ယခုမျက်မှောက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။" "ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။"ဟုလည်း ပေါလု ကြွေးကြော်ထားသည်။ ခရစ်တော်၌ အသက်ရှင်သောသူတို့သည် ဒုတိယအကြိမ်ကြွလာတော်မူခြင်း၌ သေခြင်းကိုတွေ့ကြုံရကြတော့မည် မဟုတ်ပါချေ။

> တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူ အိပ်လိမ့်မည်။ နွားသငယ်၊ ခြင်္သေ့သငယ်၊ ဆူအောင်ကျွေးသော အကောင်တို့သည် အတူသွားလာကြ၍၊ လူသူငယ်သည် သူတို့ကို ပို့ဆောင်လိမ့်မည်။ နွားမနှင့်ဝံမသည် အတူကျက်စား၍၊ သူတို့ သားငယ်များသည် အတူအိပ်ကြလိမ့်မည်။ ခြင်္သေ့သည်လည်း နွားကဲ့သို့ မြက်ကို စားလိမ့်မည်။ နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်မှာ ကစားလိမ့်မည်။

နို့ကွာသော သူငယ်သည်လည်း၊ မြွေဟောက်တွင်း၀၌ မိမိလက်ကိုသွင်း လိမ့်မည်။ ငါ၏ သန့်ရှင်းသော တောင်တပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ။ အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာ၀ရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။ (ဟေရှာယ ၁၁း၆-၉)

ကမ္ဘာသစ်တွင် ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာရှိသမျှတို့သည် ဧဒင်၏ မူလပြည့်စုံခြင်းအတိုင်း ပြန်လည်ရောက်ရှိနေလိမ့်မည်ဖြစ်သည်။ တိရိစ္ဆာန်များအချင်းချင်း ကိုက်ဖြတ်စားသုံးကြမည်မဟုတ်တော့ပါ။ လူသားများ ကြောက်လန့်ရမည့် သတ္တ၀ါတစ်စုံတစ်ရာမျှလည်း ရှိမည်မဟုတ်တော့ပါ။ ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်းနှင့် သေခြင်းများ ရှိမည်မဟုတ်တော့ပါ။

ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူး သောအရာတို့သည် ရွေ့သွားကြပြီ။

___ ဗျာဒိတ်ကျမ်း ၂၁း၄

# ၁၉။ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် စောင့်ထိန်းရှင်

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏။
___ ကမ္ဘာဦးကျမ်း ၁း၁

ဤသည်ကား စစ်မှန်သည့် သိပ္ပံပညာအပေါင်းတို့၏ အခြေခံအုတ်မြစ်ပင် ဖြစ်ပေသည်။ ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည်။ ကျွန်ုပ်တို့အား လည်း သူဖန်ဆင်းတော်မူခဲ့သည်။ ကံအကြောင်းတရားကြောင့် ကျွန်ုပ်တို့ ဖြစ်တည် လာကြခြင်း မဟုတ်ပါချေ။ ကျွန်ုပ်တို့ဖြစ်တည်မှု၏ နောက်ကွယ်တွင် ဘုရားသခင် ၏အကြံအစည် တည်ရှိနေသည်။ သို့စေကာမူ၊ ယနေ့ ကျွန်ုပ်တို့ကမ္ဘာကြီးသည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်နှင့် လုံးလုံးဆန့်ကျင်ဘက်ဖြစ်နေသည့် ဝါဒ တစ်ခုနှင့် လွှမ်းမိုးထားလျက်ရှိပါသည်။ ဘုရားမဲ့ဝါဒသည် သိပ္ပံကို အပိုင်စီးထားပြီး ဘုရားသခင်ကို ဖယ်ထုတ်ထားလိုက်ပါသည်။ သိပ္ပံအား ဘုရားမဲ့ဝါဒက ချုပ်ကိုင် လွှမ်းမိုးထားသည်မှာ ရာစုနှစ်တစ်ခုတိုင် ကျော်လွန်လာခဲ့ပြီးဖြစ်ပါသည်။

ဖန်ဆင်းခြင်း၌ အခြေပြုထားသည့် သိပ္ပံပညာအကြောင်းကို ဤစာအုပ် ငယ်လေးမှ အကျယ်တဝင့် ဖေါ်ပြထားခြင်းမရှိသော်လည်း ထိုအကြောင်းကို ရေး သားတင်ပြထားသည့် စာအုပ်စာပေကောင်းများ အများအပြားရှိနေပါသည်။ မည်သို့ ပင်ဖြစ်စေကာမူ၊ ဘုရားသခင်၏ တည်ရှိမှုအကြောင်းနှင့်ပတ်သက်ပြီး ယကနေ့တွင် အငြင်းအခုန် တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်နေလျက်ရှိပါသည်။ ဘုရားသခင်ကို ဖယ် ထုတ်ဖို့ ကြိုးပမ်းနေကြသည့် ထင်ရှားသောစာရေးဆရာများနှင့် ဟောပြောသူများ ရှိနေသည်။ ထိုသူတို့၌ နောက်လိုက်အများအပြားရှိနေသည်။ ဤလှုပ်ရှားမှုကြီးကို လှုံ့ဆော်ပေးနေသော အရာကားအဘယ်နည်း။ ဘုရားသခင်ကို ယုံကြည်ရန် လူအများအပြား အဘယ့်ကြောင့် ငြင်းပယ်နေကြသနည်း။

စိတ်နှလုံးဖြူစင်သောသူ အများအပြားတို့သည် ဘုရားနှင့်ပတ်သက်သည့် ရှေ့နောက်မညီသောအမြင်များကို ဆက်လက်ဆွဲကိုင်နေမိကြသည်။ ဘုရားသခင် ၏ မေတ္တာအကြောင်းကို အမြဲကြားနေရသော သူများတို့သည်လည်း ထိုသခင်၏ ပြောင်းပြန်ရုပ်ပုံလွှာကိုသာ သိမြင်ထားကြသည်။ ဘုရားသခင်အား စိတ်ဆတ် သော ဘုရား၊ အမျက်ထွက်လွယ်သော ဘုရားအဖြစ်နှင့်သာ သူတို့တွေ့မြင်နေကြ သည်။

သေခြင်း၊ ဖျက်စီးခြင်းနှင့် ထာဝရနှိပ်စက်ခြင်းအမှုတို့ကို အသုံးပြုပြီး မိမိရန်သူများအား ဘုရားသခင် ကလဲ့စားချေတော်မူသည်ဟူသည့် ယုံကြည်ချက်ကို ကြည့်ခြင်းဖြင့်၊ ဘုရားသခင်အား တညီတညွတ်တည်းယုံကြည်ရန် လူအများအပြားအဘယ့်ကြောင့် ငြင်းပယ်နေကြသည်ကို ကျွန်ုပ်တို့ အလွယ်တကူသိမြင်နိုင်ပေသည်။ သို့ရာတွင်၊ အဖျက်ခံထားရသည့် ဘုရားသခင်၏ရုပ်ပုံလွှာကိုသာ သိမြင်ခဲ့ရသောကြောင့် အဘယ်ဘုရားကိုမျှ မယုံကြည်ရဲသောသူများလည်း ရှိနေပါသည်။ ထိုသူတို့သည် ဘုရားသခင်ကို ငြင်းပယ်သောသူများ မဟုတ်ကြပါချေ။ ဘုရားသခင်၏ တည်ရှိခြင်းအကြောင်းနှင့်ပတ်သက်ပြီး မေးခွန်းများရှိနေရခြင်းအကြောင်းကား၊ လူသားတို့၏ စိတ်နှလုံး၌ ပထမမေးခွန်းတစ်ခု ပေါ်ထွက်မလာသေးသည့်အတွက်ကြောင့်ဖြစ်သည်။ ထိုမေးခွန်းကား ဘုရားသခင့်စာရိတ္တတော်နှင့်စပ်လျဉ်းသည့် မေးခွန်းတစ်ခုပင်ဖြစ်ပေသည်။

> ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ (ကမ္ဘာဦးကျမ်း ၁း၃၁)

ဤကျမ်းချက်သည် ဖန်ဆင်းခြင်း၏ အနစ်ချုပ်ကျမ်းချက်ပင်ဖြစ်သည်။ ဖန်ဆင်းခြင်းအမှု လက်စမသတ်မီ မိမိဖန်ဆင်းထားသော သက်ရှိတစ်စုံတစ်ရာ သေဆုံးသွားခဲ့လျှင်၊ မြေပေါ်၌ရှိသမျှသောအရာတို့ကို "အလွန်ကောင်းသည်"ဟု ဘုရားသခင်မြင်နိုင်ခဲ့လိမ့်မည် မဟုတ်ပါချေ။ ဘုရားသခင်သည် ဒုက္ခဝေဒနာများနှင့် သေခြင်းတရားတို့ကို အစပြုခဲ့သူမဟုတ်ပါ။ အပြစ်၌ ကျရှုံးသွားခဲ့ကြသည့်နောက်ပိုင်းမှသာ ဒုက္ခဝေဒနာများနှင့် သေခြင်းတရားကို လူသားများတွေ့ကြုံခံစားလာရကြပါသည်။ သို့ဖြစ်၍၊ အပြစ်၌ လူသားများ မကျရှုံးမီအချိန်ကတည်းက၊ ချားလ်စ်ဒါဝင် (Charles Darwin) ၏အယူအဆဖြစ်သော Survival-of-the-Fittest ဟုခေါ်သည့် ကြံ့ကြံ့ခံနိုင်သောသူသာ အသက်ရှင်ရပ်တည်နိုင်မည်ဆိုသည့် အခြေအနေမျိုး အလျင်းမရှိခဲ့ပါချေ။

Survival-of-the-Fittest ဟုခေါ်သည့် ကြံ့ကြံ့ခံနိုင်သောသူသာ အသက်ရှင်ရပ်တည်နိုင်မည် ဆိုသည့်ဘဝအခြေအနေမျိုးကို အပြစ်ဝင်လာသည့် နောက်ပိုင်းမှ

သာ ကျွန်ုပ်တို့ကမ္ဘာပေါ်တွင် တွေ့ရှိလာရပါသည်။ သို့သော် သတင်းကောင်းတစ်ခုရှိသည်။ အပြစ်၌ ကျရှုံးသွားခဲ့စဉ်အခါက လူသားများအနေဖြင့် မိမိတို့၏ဖန်ဆင်းရှင်နှင့် ကွေကင်းသွားခဲ့ကြရသော်လည်း ကမ္ဘာသစ်တွင် ဤကွေကင်းမှုများအားလုံး ပပျောက်သွားလိမ့်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝေဒနာခံစားခြင်း၊ သေခြင်းတို့နှင့် ကင်းစင်သော မေတ္တာအခြေပြုဥပဒေတစ်မျိုးတည်းသာ ထိုကမ္ဘာသစ်တွင် တည်ရှိနေပေလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် ဤကမ္ဘာမြေကြီးအတွက် ဘုရားသခင်၏ မူလ ရည်ရွယ်ချက်ကြီး ပြီးပြည့်စုံသွားလိမ့်မည်ဖြစ်သည်။

> အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှု သဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာ့ဘတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ (ရောမ ၁း၂၀)

သိပ္ပံကိုလေ့လာဖို့ ကျွန်ုပ်တို့အချိန်ရခဲ့မည်ဆိုလျှင် အံ့ဩဖွယ်ကောင်းသော အသေးစိတ်အချက်အလက်များနှင့် ခက်ခဲနက်နဲမှုများကို ဖန်ဆင်းခြင်းလက်ရာများတွင် ကျွန်ုပ်တို့တွေ့မြင်ရပေလိမ့်မည်။ နေရာတိုင်းတွင် ဘုရားသခင် လက်မှတ်ရေးထိုးထားတော်မူပါသည်။ ဘုရားသခင်၏တည်ရှိမှုကို ကျွန်ုပ်တို့ ငြင်းပယ်လျှင်၊ အံ့ဖွယ်သောအရာများတို့၏ တည်ရှိနေမှုကိုလည်း ကျွန်ုပ်တို့ငြင်းပယ်ရပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့ပတ်လည်တွင် အံ့ဖွယ်ရာအများအပြား ဝန်းရံထားလျက်ရှိပါသည်။ အလွန်ကြီးမားသည့် သစ်ပင်ကြီးများ၊ အနုစိတ်သောပန်းရိုင်းများ၊ တေးဆိုငှက်တို့၏ တေးသီသံများ၊ ပင့်ကူအိမ်များ၊ အလွန် ကျယ်ပြောလှသည့် စကြဝဠာ၊ အမိကို သိတတ်ခါစ ကလေးငယ်တို့၏အပြုံးပန်းများ၊ ယခု သင်ရှူရှိုက်နေသည့် ဝင်လေထွက်လေများ တို့ပါဝင်ပါသည်။ ထိုအရာများတို့ကို ကျိုးကြောင်းဆက်စပ်ပြီး ရှင်းပြဖို့ရန် မဖြစ်နိုင်ပါချေ။ ထိုအရာများကား အံ့ဖွယ်ရာများပင်ဖြစ်ပေသည်။ သက်ရှိဟူသမျှတို့သည် အံ့ဖွယ်ရာများပင် ဖြစ်ကြကုန်သည်။ ကျွန်ုပ်တို့နှင့်တကွ အသက်ရှိအပေါင်းတို့အား ဘုရားသခင်ဖန်ဆင်းထားသည့် သက်သေများတို့သည် နေရာတိုင်းတွင်ရှိနေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ ထူးခြားဆန်းပြားလှသည့် လောကကြီးတစ်ခုလုံးကိုကြည့်ပြီး၊ ဤလောကကြီးအား ဘုရားသခင်ဖန်ဆင်းခဲ့ခြင်း

မဟုတ်ပါဟု ခံယူလိုက်ခြင်းသည် ကျိုးကြောင်းညီညွတ်မှုမရှိသောခံယူချက် တစ်ခုပင်ဖြစ်သည်။

> မိုဃ်းကောင်းကင်ကို ဖန်ဆင်းတော်မူသောထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသော အရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဘို့ ဖန်ဆင်းတော်မူသော ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ (ဟေရှာယ ၄၅း၁၈)

ကျွန်ုပ်တို့၏ ထာဝရအိမ်တော်ဖြစ်စေခြင်းငှါ ဤကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းထားတော်မူခဲ့ပါသည်။

> အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ (ယောဟန် ၁း၁-၃၊ ၁၄)

မိမိကိုယ်ကို ပိုမိုပြည့်စုံစွာ ဖော်ပြအံ့သောငှါ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့သောသူတစ်ဦးဖြစ်လာခဲ့ပါသည်။

> လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော်၏ မိုဃ်းကောင်းကင်ကို၎င်း၊ ပြင်ဆင်တော်မူသောလနှင့် ကြယ်များကို၎င်း၊ အကျွန်ုပ်ဆင်ခြင်သော်၊ လူသည် အဘယ်သို့သောသူဖြစ်၍၊ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှု

ကြွလာတော်မူရသနည်း။ သူ့ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်တော်မူပြီ။ သူ၏ခေါင်းကို ဘုန်းအသရေနှင့် ပတ်ရစ်တော်မူပြီ။ ဖန်ဆင်းတော်မူသော အရာများကိုအုပ်စိုးစေ၍ .....ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီ။ (ဆာလံကျမ်း ၈း၃-၈)

လူသားများကို "ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်"၍ ဘုရားသခင် ဖန်ဆင်းထားတော်မူသည်။ သို့ရာတွင်၊ မြေကြီးပေါ်မှာနေ၍ ဘုရားသခင်နှင့် ရန်ငြိမ်းခြင်းတရားရရှိထားသောသူတို့သည် "ကောင်းကင်တမန်တို့ စေ့စေ့ကြည့်ရှုစဉ်းစားချင်"သောအရာကို တွေ့ကြုံခံစားခွင့်ရကြလိမ့်မည်ဖြစ်သည်။ (၁ ပေ ၁း၁၂)။ ဘုရားသခင်၏ ကိုယ်ကိုယ်ကိုစွန့်လွှတ်ဆက်ကပ်သော မေတ္တာတော်အကြောင်းကို လက်တွေ့သိရှိခံစားရသောသူတို့အဖို့ စကြဝဠာကြီးထဲတွင် ထူးခြားသည့် နေရာတစ်နေရာရှိပါသည်။ "သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့ သစ်သည် မိမိခင်ပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင် အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ ကောင်းကင်မှ ကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏ လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။ (ဗျာဒိတ် ကျမ်း ၂၁း၂-၃)

ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓာတ်ကို တည်တော်မူပြီ။ ဉာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော်မူပြီ။ (ယေရမိ ၁၀း၁၂)

ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။ (တမန်တော်ဝတ္တု ၁၇း၂၈)

စကြဝဠာ၊ ကမ္ဘာမြေကြီးနှင့် မြေကြီးပေါ်၌ရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့သည် ဘုရားသခင်နှင့်ကင်းကွာပြီး တည်ရှိမနေကြပါချေ။ ဘုရားသခင်

သည် ကျွန်ုပ်တို့ကမ္ဘာကြီးအား သံပတ်နာရီတစ်လုံးသဖွယ် ဖွဲ့စည်းတည်ဆောက်တော်မူလျက်၊ ၎င်းအား သံပတ်ပေးထားကာ၊ မိမိဘာသာ အလိုအလျှောက်ဆက်လက်လည်ပတ်ရန် လွှတ်ထားပေးတော်မူသည့် ဘုရားမဟုတ်ပါချေ။ ဘုရားသခင်သည် "တန်ခိုးတော်နှင့်ပြည့်စုံသော မိမိ အမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူ" ဖြစ်သည်။ အကြောင်း မှာ "ခပ်သိမ်းသောအရာတို့သည် (သူ၏) တန်ခိုးတော်အားဖြင့်သာ တည်"နေသော ကြောင့်ဖြစ်သည်။ (ဟေဗြဲ ၁း၃၊ ကောလောသဲ ၁း၁၇)

ရေထည့်ထားသော ဖန်ခွက်တစ်ခွက်ကို သင့်လက်ယာလက်ဖြင့် သင်ဆုပ်ကိုင်ထားပြီး၊ ထိုရေခွက်ကို လွှတ်ချလိုက်ဖို့ သင်ဆုံးဖြတ်လိုက်သည်ဆိုကြပါစို့။ ထိုရေခွက်ကို လွှတ်ချပစ်လိုက်မည့် သင်၏လက်ယာလက်ကို တွန်းအားပေးဖို့ သင်၏လက်ဝဲလက်ကို အသုံးပြုဖို့လိုအပ်ပါလိမ့်မည်လော။ ကျွန်ုပ်တို့အား ဘုရားသခင် မိန့်တော်မူသည်ကား "အကယ်စင်စစ် ငါ့လက်သည် မြေကြီးကိုတည်လေပြီ။ ငါ့လက်ျာလက်သည် မိုဃ်းကောင်းကင်ကို ကြက်လေပြီ။ ငါခေါ်၍ သူတို့သည် ချက်ခြင်းပေါ်လာကြ၏။" (ဟေရှာယ ၄၈း၁၃)

ဘုရားသခင်အား ဖျက်စီးသူတစ်ဦးအဖြစ် ယူဆထားခြင်းသည်၊ ဖန်ဆင်းတော်မူသောအရာတို့ကို မစထောက်ပင့်သူအဖြစ် ရပ်တည်နေလျက်ရှိသည့် ထိုဘုရားသခင်၏ ရပ်တည်မှုကို မထိမဲ့မြင်ပြုရာရောက်ပေသည်။ ပျက်စီးမှုများဖြစ်စေရန် ဘုရားသခင်အနေဖြင့် တမင်တကာလိုက်လံဖျက်စီးမှုပြုဖို့ မလိုအပ်ပါချေ။ ဥပမာအားဖြင့်၊ သောဒုံနှင့် ဂေါမောရမြို့ပျက်စီးခြင်းအမှုတွင် - မိမိ "တည်စေ" တော်မူခဲ့သော (သို့) မိမိ မစထောက်ပင့်ထားသောအရာကို ဖျက်စီးလိုသည့်ရည်ရွယ်ချက်ဖြင့် ကန့်နှင့်ရောသောမီးကို ဘုရားသခင်ဖန်ဆင်းတော်မူသည် - ဟု လူအများနားလည်ထားကြပါသည်။ ရေခွက်ကို လွှတ်ချမည့် သင်၏လက်ယာလက်ကို တွန်းအား ပေးဖို့ သင်၏လက်ဝဲလက်ကို သင်အသုံးပြုနေရလျှင် သင်သည် မိမိကိုယ်မိမိ ဆန့်ကျင်ဘက်ဖြစ်နေပြီးဖြစ်ပါသည်။ ထို့နည်းတူပင် ဖျက်စီးသူတစ်ဦးအဖြစ် ပုံဖော်ခံထားရသည့် ဘုရားသခင်၏ရုပ်ပုံလွှာသည် ဘုရားသခင် ကိုယ်တော်တိုင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။

ဘုရားသခင်အနေဖြင့် ဖျက်စီးခြင်းပြုဖို့ရန်အတွက်ဆိုလျှင် မိမိလက်ကို လွှတ်ချလိုက်ရုံနှင့် ပျက်စီးမှုများဖြစ်လာပါသည်။ သို့ရာတွင်၊ သေစေလိုသောစိတ်

(သို့) ပျက်စီးစေလိုသောစိတ်ဆန္ဒဖြင့် ဘယ်အခါမျှ သူထိုသို့ပြုတော်မမူကြောင်းကို သိရှိနားလည်ထားဖို့ အလွန်အရေးကြီးပါသည်။ သူသည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသောကြောင့်သာ ထိုသို့ သူလွှတ်ချပေးလိုက်ခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာတွင် စစ်မှန်သောလွတ်လပ်မှုရှိဖို့ လိုအပ်သည်။ လေးလံသောစိတ်နှင့် နက်ရှိုင်းသည့်ဝမ်းနည်းမှုတို့ဖြင့်သာ လူတစ်စုံတစ်ဦး (သို့) တိုင်းနိုင်ငံတစ်ခုခုကို ဘုရားသခင်လက်လွှတ်တော်မူစမြဲဖြစ်သည်။ "အိုဧဖရိမ်၊ ငါသည် သင့်ကို အဘယ်သို့ စွန့်နိုင်မည်နည်း။ အိုဣသရေလ၊ သင့်ကို အဘယ်သို့ အပ်နှံနိုင်မည်နည်း။ သင့်ကို အာဒမာမြို့ကဲ့သို့ အဘယ်သို့ ဖြစ်စေနိုင်မည်နည်း။ ဇေဘိုင်မြို့အရာ၌ အဘယ်သို့ ခန့်ထားနိုင်မည်နည်း။ ငါသည် နှလုံးပြောင်းလဲ၍ အလွန်ကြင်နာသောစိတ်ရှိ၏။" (ဟောရှေ ၁၁း၈)

ယေရုရှလင်မြို့အဖို့ မြည်တမ်းသောစကားကို အောက်ပါအတိုင်း ယေရှုပြောဆိုထားခဲ့ပါသည်။ "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက်ကျန်ရစ်ရ၏။" (မသဲ ၂၃း ၃၇-၃၈)

လူသားသည် လူတို့၏အသက်ကိုသတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါကြွလာသည်။ (လုကာ ၉း၅၆)

မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုဃ်းမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ တနေ့ ကိုတနေ့မြွက်ဆို၍၊ တညဥ့်ကို တညဥ့်သွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြော ခြင်းမရှိ၊ သူတို့ နှုတ်ထွက်သံကို မကြားရသော်လည်း၊ သူတို့၏အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍၊ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေ၏။ (ဆာလံကျမ်း ၁၉း၁-၄)

မိမိ၏ ဖန်ဆင်းခြင်းလက်ရာတော်အားဖြင့် လူအပေါင်းတို့ကို ဘုရားသခင် စကားပြောတော်မူပါသည်။ ဘာသာစကားအဟန့်အတားကြောင့် (သို့) ရေးသား ထားသောစာပေများမရှိသောကြောင့် သူ၏အကြောင်းကို လေ့လာခွင့်မရသောသူ များ မရှိစေခြင်းငှါ၊ အဘယ်သူကိုမျှ ချန်လှပ်တော်မမူပဲ လူအပေါင်းတို့အားသူဖိတ် ခေါ်နေပါသည်။

> အထက်သို့ မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူ ဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့် ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့် ပြည့်စုံတော်မူသောကြောင့်၊ တစုံတခုမျှ မပေါ်ဘဲမနေရ။
>
> _____ ဟေရှာယအနာဂတ္တိကျမ်း ၄၀း၂၆

# ၂၀။ ထာဝရအသက်ကို အဘယ်သို့ရနိုင်ပါမည်နည်း။

ကမ္ဘာဦးကျမ်း အခန်းကြီး ၃ တွင် မှတ်တမ်းတင်ထားသည့် လူသားကျရှုံးခြင်းအကြောင်းရာဇဝင်ကို အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့ဖတ်ရှုခဲ့ရသည်။ ဘုရားသခင်အပေါ် အတ္တကြီးသူနှင့် ယုံစားမရသောသူတစ်ဦးအဖြစ် မြင်လာမိစေခြင်းငှါ၊ လိမ်လည်သူမြွေကြီးက အာဒံနှင့် ဧဝတို့ကို သွေးဆောင်အယုံသွင်းခဲ့လေသည်။ ထိုလိမ်လည်မှုကို သူတို့ယုံစားခဲ့မိကြပြီး မိမိတို့ကိုယ်ကို မိမိတို့၏ အသက်ပေးပိုင်ရှင်ထံမှ ဝေးကွာသွားအောင် သူတို့ရှာကြံခဲ့ကြပါသည်။ ထိုအချိန်မှစ၍ သေဆုံးခြင်းဖြစ်စဉ်သည် သူတို့အဖို့ အစပြုဖြစ်ပေါ်လာခဲ့လေတော့သည်။

ထိုအချိန်မှစ၍ ဖြစ်ပျက်လာခဲ့သမျှသော သေခြင်းအမျိုးမျိုးတို့မှာ ဘုရားသခင်အကြောင်း လိမ်လည်ထားသောမုသာကို ယုံစားခဲ့မိခြင်းကြောင့်ပင် ဖြစ်ပေသည်။ ဒေင်ဥယျာဉ်တွင် ဘုရားသခင်ထံမှ လူသားမျိုးနွယ်တို့ ကင်းကွာသွားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး အာဒံနှင့် ဧဝတို့ စိတ်ပြောင်းသွားခဲ့ကြသောကြောင့်ဖြစ်သည်။ တချိန်က ဘုရားသခင်ကို သူတို့ကိုးစားယုံကြည်ခဲ့ကြသော်လည်း ယခုအခါ သူတို့မကိုးစားကြတော့ပါချေ။ ယခုအချိန်အထိတိုင်အောင်ပင် ကျွန်ုပ်တို့၌ ထိုမကိုးစားမှုကြီး ကျန်ရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ ဘုရားသခင်အကြောင်းနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ စိတ်ပြောင်းလဲခြင်းရှိဖို့လိုပေသည်။ ထိုသို့ပြောင်းလဲသွားလျှင်၊ မယုံကြည်ခြင်းအရာ၌ ယုံကြည်ခြင်း ပြန်လည်ဝင်ရောက်လာလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်အား ကြောက်လန့်ခြင်းသို့အားအရာ၌ သူ့အား ချစ်တတ်သည့်စိတ်များ ဝင်ရောက်လာလိမ့်မည်ဖြစ်သည်။ ဖန်ဆင်းရှင်နှင့် ကျွန်ုပ်တို့ ရန်ငြိမ်းခြင်းတရား ရရှိကြလိမ့်မည်ဖြစ်ပြီး ထာဝရအသက်ကို ကျွန်ုပ်တို့ရကြလိမ့်မည်ဖြစ်သည်။

ဘုရားအကြောင်းလိမ်လည်ထားသည့် မြွေကြီး၏မုသာစကားကို အာဒံနှင့် ဧဝတို့ ယုံကြည်ကြပြီး ဘုရားသခင်ရှေ့တော်မှောက်မှ သူတို့ပုန်းရှောင်နေခဲ့ကြစဉ်အခါက၊ ဘုရားသခင်ဘက်မှ စိတ်ပြောင်းလဲခြင်းအလျင်းမရှိခဲ့ပါချေ။ မိမိနှင့်ကွဲကွာသွားသော မိမိ၏သားသမီးများအပေါ် သူ့အနည်းငယ်မျှ မေတ္တာစိတ် လျော့မသွားခဲ့ပါချေ။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်စိတ်ပြောင်းလဲခြင်းရှိလာစေရန် ကျွန်ုပ်တို့ဘက်မှ အားထုတ်လုပ်ဆောင်ရသည့် ကယ်တင်ခြင်းစီမံကိန်းမျိုး တစ်ခုတစ်လေ

မျှမရှိပါချေ။ ကျွန်ုပ်တို့အပေါ် ဘုရားသခင် အကောင်းမြင်ပြီးသား ဖြစ်သည်။ သူစိတ်ပြောင်းလဲလာအောင် သူ့အား ဘာမျှဖြောင်းဖျပေးနေစရာမလိုပါချေ။ ကျွန်ုပ်တို့တစ်ဦးချင်းဆီတို့အား သူတန်ဖိုးထား ချစ်နှင့်နေပြီးသားဖြစ်နေပါသည်။

ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ နှုတ်ဆောင်လာခဲ့ရာတွင်၊ ရုပ်တုကိုးကွယ်ခြင်းအန္တရာယ်ကို သူတို့အား ဘုရားသခင် အသိပေးပြောပြထားပေးခဲ့သည်။ မှားယွင်းသော ထိုဘုရားများတို့သည် ကျမ်းစာခေတ်တွင် အလွန်ရေပန်းစားနေခဲ့ပြီး၊ ၎င်းတို့သည် ဖေါက်ပြန်သောစိတ်ကူးစိတ်သန်းများမှ ရရှိလာသည့် ထုတ်ကုန်တစ်ခုပင် ဖြစ်နေခဲ့ပါသည်။ မကြာခဏဆိုသလို ထိုဘုရားတို့ကို အမျက်ပြေအောင်လုပ်ဆောင်ပေးဖို့လိုသည့်ဘုရားများအဖြစ် သူတို့ရှုမြင်ခဲ့ကြသည်။ ထိုဘုရားတို့၏ အမျက်ဒေါသကို ပြေစေခြင်းငှါ လူ့ဖူဖွယ်ပစ္စည်းများနှင့် ပူဇော်သက္ကာများကို လူများဆက်ကပ်ပူဇော်ခဲ့ကြသည်။ မိမိတို့ကိုယ်ကို ကျွန်ုပ်တို့ ပြန်လည်မေးခွန်းထုတ်စရာအချက်တစ်ချက်မှာ၊ ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ပြုမူဆက်ဆံနေပုံများတို့သည် ရှေးရုပ်တုကိုးကွယ်မှုများမှ အတုခိုးထားသည့်ပုံစံများပါလော ဟူ၍ပင်ဖြစ်သည်။

> ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငင်း၊ သိကျွမ်းခြင်းတည်း။ အကျွန်ုပ်သည် မြေကြီးပေါ်မှာကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ် ဆောင်ရွက်၍ပြီးပါပြီ။ (ယောဟန် ၁၇း၃-၄)

ခမည်းတော်ထံဆုတောင်းခဲ့သည့် ယေရှု၏ဤဆုတောင်းချက်တွင် ထာဝရအသက်၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းစွာ ယေရှုဖေါ်ပြထားပါသည်။ ၎င်းမှာ ဘုရား သခင်အားသိကျွမ်းခြင်းပင်ဖြစ်ပေသည်။ ဘုရားသခင်အား ကိုယ်တိုင်သိကျွမ်းခြင်းသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အသက်ပေးပိုင်ရှင်နှင့် ရန်ငြိမ်းခြင်းဖြစ်စေပါသည်။ လောက၌ ယေရှုဆောင်ရွက်တော်မူခဲ့သည့် အမှုတော်လုပ်ငန်း၏ စစ်မှန်သော ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ စတင်တွေ့မြင်လာရပါသည်။ သူ၏ရည်ရွယ်ချက်မှာ ဘုရားသခင်အား အတ္တကင်းသော၊ ကြင်နာတတ်သော၊ သိမ်မွေ့သော၊ ဂရုဏာနှင့်ပြည့်ဝပြီး ခွင့်လွှတ်တော်မူတတ်သောသူအဖြစ် တိကျစွာ ဖေါ်ပြဖို့ဖြစ်

သည်။ ယေရှု၏ နှုတ်ထွက်စကားတော်ကို လူများ နားထောင်နေခဲ့ကြစဉ်၊ ဘုရားသခင်၏စကားတော်ကို ထိုသူတို့ကြားနာနေခဲ့ရပါသည်။ ယေရှုပြုတော်မူခဲ့သည့် နာသောသူအား ကျန်းမာစေခြင်း၊ ဆာလောင်သူအား ကျွေးမွေးခြင်း၊ အားပေးနှစ်သိမ့်ခြင်း၊ ကလေးသူငယ်များအား မိမိပေါင်ပေါ်တွင် ထိုင်စေခြင်းနှင့် မိမိအပေါ် လူများတို့၏အထင်လွဲမှုများကို အပြစ်မယူပဲ ထိုသူတို့နှင့် လက်ပွန်းတတီးသွားလာခြင်း၊ စသည့်အမှုများတို့ကို လူများတွေ့မြင်လိုက်ရကြသည့်အခါ၊ ဘုန်းတော်နှင့်တကွ ဘုရားသခင်ကို သူတို့တွေ့မြင်ခဲ့ရပါသည်။

ရုပ်ထွေးမှုများကို ရှောင်ရှားနိုင်ရန်၊ လူများလက်ခံထားကြသည့် ကယ်တင်ခြင်းနည်းလမ်း အများအပြားရှိနေသည်ကို ကျွန်ုပ်တို့ နားလည်ထားဖို့အရေးကြီးပါသည်။ သို့ရာတွင် ထိုနည်းလမ်းရှိသမျှတို့သည် ဘုရားသခင်၏ ဆန့်ကျင်ဘက်ရုပ်ပုံလွှာကို ဖေါ်ပြပေးနေပါသည်။ အနောက်တိုင်းယဉ်ကျေးမှုတွင် လူတိုင်းနီးပါးနှင့် အကျွမ်းတဝင်ဖြစ်နေသည့် ခေတ်စားသော ကယ်တင်ခြင်းတစ်မျိုးအကြောင်းကို ဤအခန်းတွင် ကျွန်ုပ်တို့လေ့လာသွားပါမည်။ ထိုကယ်တင်ခြင်းလမ်းစဉ်ကို ဖြူစင်သောသူအများအပြား ကျင့်စောင့်နေကြပါသည်။ ဤလမ်းစဉ်တွင် ကယ်တင်ခြင်း ကို ပညတ်တရား၌အခြေခံသော ကိစ္စရပ်တစ်ခုအဖြစ် လက်ခံယူဆထားကြသည်။ ဤအယူအဆ၏ ထူးခြားသောလက္ခဏာအချို့တို့ မှာ၊

- ဘုရားသခင်ပေးထားတော်မူသော လွတ်လပ်စွာရွေးချယ်ပိုင်သောအခွင့်ထက် ဘုရားသခင်၏အချုပ်အချာအာဏာတော်ကို ပိုမိုအလေးပေးအာရုံစိုက်ထားခြင်း။
- ကျွန်ုပ်တို့အား မိမိနှင့်ရန်ငြိမ်းခြင်းအကြောင်းကို ဖြစ်စေလိုသည့် ဘုရားသခင်၏ ဆန္ဒသဘောထက် ကယ်တင်နိုင်စွမ်းသော ထိုသခင်၏တန်ခိုးတော်ကို ပိုမိုအလေးပေးအာရုံစိုက်ထားခြင်း။
- ကျွန်ုပ်တို့ကို ဘုရားသခင်ချစ်တော်မူပြီး ကျွန်ုပ်တို့၏ ရှိရင်းစွဲအခြေအနေမှာပင် ကျွန်ုပ်တို့ထံ သူချည်းကပ်လိုတော်မူကြောင်းကို ယုံကြည်နေရမည့်အစား၊ ဘုရားသခင်သည် အလွန်စင်ကြည်သန့်ရှင်းပြီး ကျွန်ုပ်တို့ပြုမိသော ဒုစရိုက်အပြစ်များကြောင့် ဘုရားသခင် မကျေမချမ်းဖြစ်နေရသည်ဟု ယုံကြည်နေခြင်း။ အကယ်စင်စစ်၊ အပြစ်အတွက် ဘုရားသခင် ဝမ်းနည်းရခြင်း

အကြောင်းကား မိမိ ချစ်တော်မူသောသူများအပေါ်သို့ ထိုအပြစ်၏ဆိုးကြိုးများ သက်ရောက်နေသောကြောင့်ဖြစ်သည်။ ထိုအပြစ်များကြောင့် သူမကျေမချမ်းဖြစ်နေခြင်းမဟုတ်ပါချေ။

- ➢ မိမိအား အကြောင်းမဲ့ကြောက်လန့်နေကြသည့် လူသားများတို့၏ မှားယွင်းသောစိတ်သဘောကို ဘုရားသခင်ကုစားပေးလိုသည် ဆိုသည့်အမှန်တရားကို နားလည်သဘောပေါက်ရမည့်အစား၊ မိမိ၏အမျက်ပြေစေခြင်းငှါ အသွေးသွန်းခြင်းအမှုကို ဘုရားသခင် တောင်းဆိုပြဋ္ဌာန်းတော်မူသည်ဟု လက်ခံယုံကြည်နေခြင်း။
- ➢ လူအပေါင်းတို့အား ကယ်တင်အံ့သောငှါ ဘုရားသခင်အစွမ်းကုန် ကြိုးစားပေးတော်မူသည်အကြောင်းကို ဘုရားသခင်မှတ်သားထားသော အပြစ်စာစောင်စာရင်းများအားဖြင့် ကျွန်ုပ်တို့သိရသည်ဟု နားလည်ထားရမည့်အစား၊ ကျွန်ုပ်တို့အား ကြပ်တည်းစွာ အပြစ်စီရင်ဖို့ရန်အတွက် ထိုစာစောင်များကို ဘုရားသခင်မှတ်သားတော်မူသည်ဟု ယုံကြည်နေခြင်း။
- ➢ မေတ္တာ၌အရင်းခံထားသောပညတ်တော်နှင့် ဆန့်ကျင်နေသည့် ကျွန်ုပ်တို့၏အတ္တစိတ်ကသာ ကျွန်ုပ်တို့အား အပြစ်ဒဏ်ပေးနေကြောင်းကို နားလည်ထားရမည့်အစား၊ ဘုရားသခင်သည် ပညတ်တော်ချိုးဖေါက်သူတို့အဖို့ အပြစ်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းထားပေးနေသည်ဟု ရှုမြင်သုံးသပ်နေခြင်း။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို လွန်ကျူးချိုးဖေါက်မိလျှင် ပြစ်ဒဏ်မှ မလွတ်ကင်းနိုင်သလို မေတ္တာ၌အရင်းခံထားသည့် ဥပဒေပညတ်ကိုလွန်ကျူးမိပါလျှင် လွန်ကျူးခြင်းအတွက် ပြစ်ဒဏ်သင့်လိမ့်မည်ဖြစ်ပါသည်။
- ➢ စစ်မှန်သောဧဝံဂေလိတရားကို ဘုရားသခင်အကြောင်း ဖေါ်ပြပေးသည့် သတင်းကောင်းအဖြစ် နားလည်ထားရမည့်အစား၊ ပညတ်ချိုးဖေါက်သောသူတို့အဖို့ ဘုရားသခင်ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များမှ လွတ်မြောက်စေနိုင်သည့် သတင်းကောင်းတစ်ခုအဖြစ် အနက်ဖွင့်ဆိုကြခြင်း။ ဘုရားသခင်သည် မိမိပညတ်တော်ချိုးဖေါက်သောသူတို့အဖို့ သေဒဏ်ကို ပြဋ္ဌာန်းသတ်မှတ်ပေးသော ဘုရားတစ်ဆူဖြစ်နေခဲ့မည်ဆိုလျှင် ထိုသတင်းစကားသည် သတင်းဆိုးတစ်ရပ်ပင်ဖြစ်ပေလိမ့်မည်ဖြစ်သည်။

- ဘုရားသခင်အား လုံးလုံးမှီခိုအားထားရသောသူအဖြစ် ရှုမြင်ရမည့်အစား၊ မိမိကယ်တင်ခြင်းရရေးအတွက် တွေးတောပူပန်နေခြင်း။ အကယ်စင်စစ်၊ သိမ်မွေ့ရှင်ဘုရားသခင်အကြောင်းနှင့် ပတ်သက်သည့် အမှန်တရားကို ကျွန်ုပ်တို့ ပိုမိုအာရုံစိုက်လာလေလေ၊ မိမိကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့၌ စိုးရိမ်ပူပန်စရာများ ပိုမိုလျော့နည်းလာလေလေဖြစ်သည်။ တချိန်တည်းမှာပင် အခြားသူတို့ကိုလည်း ကျွန်ုပ်တို့ပိုမို ချစ်ခင်ပြီး၊ ပိုမိုတန်ဖိုးထားတတ်လာပါသည်။ "အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည်ငါ့ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်။" (မာကု ၈း၃၅)

ကျင့်စဉ်များ၌အခြေခံသော ဧဝံဂေလိ (Legal gospel) သည် ကယ်တင်ခြင်းစိတ်ချမှုရှိခြင်း၊ မရှိခြင်းအပေါ် အတိုင်းထက်အလွန် အာရုံစိုက်မိစေရန် အမြဲဖိအားပေးနေသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအပါအဝင်၊ တစ်စုံတစ်ယောက်သောသူ၏ ကယ်တင်ခြင်းကို သေချာအောင်လေ့လာစီစစ်ရမည်ဟူသော ဝန်ထုပ်မျိုးကို ကျွန်ုပ်တို့အပေါ် ဘုရားသခင် တင်ထားတော်မမူပါချေ။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအခြေအနေအပေါ် အာရုံစိုက်နေကြမည့်အစား၊ ကျွန်ုပ်တို့အား အရှိအတိုင်းမြင်တော်မူသည်သာမက၊ ကျွန်ုပ်တို့၏ ဖြစ်နိုင်ခြေရှိသော အခြေအနေကိုပါ အစဉ်တွေ့မြင်နိုင်သည့် ပုဂ္ဂိုလ်ကြီး၌သာ ကျွန်ုပ်တို့ အစဉ်အာရုံစိုက်ဖို့လိုသည်။ မိမိတို့ကိုယ်ကို ကျွန်ုပ်တို့ချစ်၍ တန်ဖိုးထားတတ်ကြသည်ထက်၊ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီတို့အား ပိုမိုချစ်ပြီး ပိုမိုတန်ဖိုးထားတော်မူပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီတို့အား မိမိနှင့်အတူ ထာဝရကာလတိုင်တိုင် အတူ ရှိစေလိုသည်။ မိမိသည် အကြွင်းမဲ့ ယုံကြည်ကိုးစားထိုက်သူဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ကြောက်စိတ်များကို အတိုင်းထက်အလွန် ကုစားဖယ်ရှားပေးနိုင်တော်မူသောသူ ဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ဘုရားသခင်သိရှိစေလိုသည်။ "ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ။..... စုံလင်သောမေတ္တာသည် သံဝေဂ (ကြောက်စိတ်) ကို ပယ်ရှားတတ်၏။ (၁ ယော ၄း၁၈)

အလွန်ကွဲပြားခြားနားသည့် ဧဝံဂေလိနှစ်မျိုးဖြစ်သည့် ကျင့်စဉ်များ၌အခြေခံသော ဧဝံဂေလိ (Legal Gospel) နှင့် ကုစားခြင်း၌အခြေခံသောဧဝံဂေလိ (Healing Gospel) အကြောင်းကို ကျွန်ုပ်တို့ အကျဉ်းချုပ်နှိုင်းယှဉ်လေ့လာခဲ့ကြပြီးဖြစ်ပါသည်။ ကုစားမှု၌အခြေခံသော ဧဝံဂေလိသည် ယေရှု၏သွန်သင်ချက်များနှင့် သူပြခဲ့သော ပုံသက်သေများတို့နှင့် အပြည့်အဝကိုက်ညီမှုရှိသည်။ ကျင့်စဉ်များ၌အခြေခံသော ဧဝံဂေလိမှာမူ (ကျွန်ုပ်တို့၏သိမ်မွေ့တော်မူသော သမားတော်) ယေရှုအား အပြစ်စီရင်ရာတွင် အသုံးပြုခဲ့ကြသည့် လူများဖန်တီးထားသော တရားစီရင်ရေးစနစ်နှင့် သဘောတူညီနေပါသည်။

> တဖန်မိန့်တော်မူသည်ကား၊ ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သောအကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သောအကြံတို့ကို ငါသိ၏။ (ယေရမိ ၂၉း၁၁)

ကျွန်ုပ်တို့အပေါ် ဘုရားသခင်စိတ်ကောင်းထားရှိဖို့ ထိုသခင်အား ကျွန်ုပ်တို့ ဖြားယောင်း ရမည်ဟူသောရည်ရွယ်ချက်ဖြင့်၊ ဘာသာရေးလုပ်ငန်းများ၌ ကျွန်ုပ်ရင်းနှီးမြှုပ်နှံခဲ့ကြသော အချိန်၊ အင်အားနှင့် ငွေကြေးအမြောက်အများတို့သည် အချည်းနှီးသက်သက်ပင်ဖြစ်ပေသည်။

> သင်တို့သည် ပြုသမျှသော လွန်ကျူးခြင်းအမှုတို့ကို စွန့်ပစ်၍ အသစ်သော နှလုံး၊ အသစ်သောစိတ်သဘောကို ပြင်ဆင်ကြလော့။ အိုဣသရေလ အမျိုး၊ သင်တို့သည် အဘယ်ကြောင့် အသေသတ်ခြင်းကို ခံလိုသနည်း။ အသေခံရသောသူ၏ အသေခံခြင်းအမှု၌ ငါသည်ပျော်မွေ့ခြင်းမရှိ။ ထိုကြောင့်၊ ပြောင်းလဲ၍ အသက်ရှင်ကြလော့ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ (ယေဇကျေလ ၁၈း၃၁-၃၂)

အတ္တစိတ်ကို စွန့်ပယ်လျက် အသက်လမ်းထဲ၌ လျှောက်လှမ်းအသက်ရှင်ကြဖို့ ကျွန်ုပ်တို့တစ်ဦးစီတို့ကို ဘုရားသခင်မေတ္တာရပ်ခံနေပါသည်။

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီး ခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရား သခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော် မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည် အကြောင်း စေလွှတ်တော်မူ၏။ (ယောဟန် ၃း၁၆-၁၇)

ယေရှုကို ယုံကြည်ခြင်းကား ယေရှုဖေါ်ပြတော်မူခဲ့သည့် မိမိကိုယ်တော် တိုင်(ဘုရားသားတော်)၏အကြောင်းနှင့် ခမည်းတော်ဘုရားသခင်၏ အကြောင်းကို ယုံကြည်ခြင်းပေတည်း။

ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ် တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌အပ်ပေးတော်မူ၏။ (၂ ကော ၅း၁၉)

ထာဝရသေခြင်းမှ ကျွန်ုပ်တို့အား ကယ်နှုတ်ပေးခြင်းအလို့ငှါ ကြိုးစားအား ထုတ်တော်မူခဲ့သည့် ဘုရားသခင်၏ ကြိုးပမ်းမှုတစ်ခုလုံးတို့ကို စကားလုံးတစ်လုံး တည်းဖြင့် အနှစ်ချုပ်ဖေါ်ပြရလျှင်၊ ရန်ငြိမ်းခြင်းတရား (မိတ်သဟာယတရား) ဆိုသည့်စကားလုံးထွက်ပေါ်လာပေလိမ့်မည်။

အထက်က ဘုရားသခင်နှင့်ကွာရှင်း၍၊ ဆိုးညစ်သောအကျင့်ကို ကျင့်သ ဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်သော သင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံ တော်မူသော အားဖြင့်၊ ယခုမိတ်သဟာယဖွဲ့စေတော်မူ၏။ (ကောလောသဲ ၁း၂၁)

အပြစ်ထဲသို့ လူသားများကျရှုံးခဲ့ကြသည့်အချိန်မှစ၍ ကွဲကွာလိုသည့် ပင်ကိုယ်စိတ်သဘောတစ်ခုသည် လူသားတို့၏စိတ်နှလုံးသားထဲတွင် စတင်အမြစ်စွဲ နေခဲ့ပါသည်။ ဘုရားသခင်၏စိတ်ထဲတွင်မူ ထိုစိတ်သဘောမျိုး အမြစ်စွဲမနေပါချေ။

> မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ထွန်းလင်းသော ဘုရားသခင် ၏ ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်ကိုပေးလိုသောငှါ၊ ငါတို့စိတ် နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။ (၂ ကော ၄း၆)

ကျမ်းပိုဒ်တွင် ဖေါ်ပြထားသည့် မှောင်မိုက်ဟူသောစကားလုံးသည် ဘုရား သခင်အပေါ် ကျွန်ုပ်တို့၏နားလည်မှုလွဲမှားနေခြင်းကို ရည်ညွှန်းပါသည်။ ဘုရား သခင်၏ ဘုန်းတော်သည်ကား သူ၏စာရိတ္တတော်ပင်ဖြစ်ပြီး၊ ထိုစာရိတ္တတော်ကို ယေရှု၏မျက်နှာတော်တွင် တွေ့ရှိရပါသည်။

> ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊ သခင် ဘုရား၏ ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင် သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် ဘုန်းအ သရေတိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ (၂ ကော ၃း၁၈)

ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ပြောင်းလဲကြဖို့ဖြစ်သည်။ ဤနည်းဥပဒေသသည် ပုံစံနှစ်မျိုးစလုံးနှင့် အလုပ်လုပ်နေပါသည်။ ကိုယ်ကျိုးအဖို့အလိုငှါ ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်နေကြလျှင်၊ ထိုယုံကြည်မှုက ကျွန်ုပ်တို့၏အတ္တစိတ်သဘောကို ပိုမိုအား ကောင်းလာစေလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်အား လုံးလုံးအတ္တကင်း စင်သူအဖြစ် ကျွန်ုပ်တို့ကြည့်မြင်ကြလျှင်၊ ထိုကြည့်ခြင်းက ကျွန်ုပ်တို့၏ပင်ကိုယ် အတ္တစိတ်ကို အမြစ်မှ နှုတ်ပစ်ဖယ်ရှားပေးလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ မေတ္တာတော်၊ ဂရုဏာတော်နှင့် ခွင့်လွှတ်ခြင်းအကြောင်းကို အာရုံပြုခြင်းသည် ကျွန်ုပ်တို့အထဲ၌ ထိုသို့သောသဘောမျိုးကို ပြန်လည်ရောင်ပြန်ဟစေပါသည်။

ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသောလူဆိုးတယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။ (လုကာ ၁၅း၇)

နောင်တရခြင်းဆိုသည်မှာ ဘုရားသခင်အား "ကျွန်တော်ဝမ်းနည်းပါတယ်။" ဟူ၍ ပြောဆိုနေခြင်းမျိုးမဟုတ်ပါချေ။ နောင်တရခြင်းကား ပြန်လှည့်ခြင်း (သို့) စိတ်နှလုံးပြောင်းလဲခြင်းဖြစ်သည်။ ယေရှုသွန်သင်ခဲ့သောအကြောင်းအရာထဲတွင်ပါရှိသည့် စစ်မှန်သောနောင်တရခြင်း၏အနက်ကား၊ ဘုရားသခင်အကြောင်းနှင့်ပတ်သက်ပြီး စိတ်နှလုံးပြောင်းလဲခြင်းပင်ဖြစ်ပေသည်။ ယေရှုရုပ်လုံးဖေါ်ပေးခဲ့သည့်ပုံစံ အတိအကျအတိုင်း ဘုရားသခင်ကို ကျွန်ုပ်တို့တွေ့မြင်လာရပါလိမ့်မည်။

ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကို တင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟု မိန့်တော်မူ၏။ (မသဲ ၁၁း ၂၈)

ဝိညာဉ်ရေး တိုးတက်ဖို့အတွက် အချည်းနှီးကြိုးပမ်းခြင်းဖြင့် မိမိကိုယ်ကို ကောင်းမြတ်အောင် ကျွန်ုပ်တို့လုပ်ဆောင်ဖို့မလိုအပ်ပါချေ။ ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုအပေါင်းတို့သည် မိမိကိုယ်ကိုအာရုံပြုခြင်းသို့ တွန်းပို့ပေးပြီး၊ မာနကြီးခြင်း (သို့) စိတ်ပျက်ခြင်း၌ လမ်းဆုံးသွားစေပါသည်။ ကျွန်ုပ်တို့၏ ဘေးကျပ်နံကျပ်အခြေအနေအတွက် ယေရှု၌ ဖြေရှင်းချက်ရှိနေပါသည်။ ရိုးရှင်းစွာဖြင့် ယေရှုပြောလေသည်မှာ၊ "ငါ့ထံ၌ နည်းခံကြလော့။"

ဇရပ်စောင့်သည် ပရောဖက်ဟေရှာယ၏ ကျမ်းစာကိုပေးသည်ဖြစ်၍၊ ကျမ်းစာကိုဖွင့်တော်မူလျှင် တွေ့သောအချက်စကားဟူမူကား၊ ထာဝရ

ဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူ ကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကိုကြားပြောစေခြင်းငှါ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်း ငှါ၎င်း၊ ဘမ်းသွားချုပ်ထားလျှက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်း နှင့် မျက်စိ ကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကို ပြစေ ခြင်းငှါ၎င်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား ၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူ ပြီဟု လာသတည်း။ (လုကာ ၄း၁၇-၁၈)

ယေရှုလာရောက်ပြီး ကျွန်ုပ်တို့အဖို့ ဆောင်ရွက်ပေးခဲ့သောအရာကိုသာ ကျွန်ုပ်တို့အားလုံး လိုအပ်နေကြပါသည်။ ဤနေရာတွင် မည်သည့် ချွင်းချက်မျှမရှိ ပါချေ။

# ၂၁။ တရားစီရင်တော်မူခြင်းကို ကျွန်ုပ်တို့ကြောက်ရွံ့နေသင့်ပါသလော။

တရားစီရင်ခြင်းအကြောင်းကို စဉ်းစားသော်၊ တရားစီရင် ခံရမည့်သူနှင့် တရားစီရင်မည့်သူသည် အဘယ်သူများဖြစ်ကြမည်ကို ကျွန်ုပ်တို့ ဦးစွာသိထားဖို့ ကောင်းသည်။ ဒေင်ဥယျာဉ်၌ ဧဝနှင့် မြွေတို့ ပြန်ပြန်လှန်လှန် စကားပြောဆိုခဲ့ကြသည်ကို ပြန်ကြည့်ပြီး၊ ဘုရားသခင်၏ တရားမျှတမှု၊ စိတ်ထားမွန်မြတ်မှုနှင့် ဖြူစင်ရိုးသားမှုအပေါ် သံသယဖြစ်စေခဲ့သည့် မေးခွန်းတစ်ခုကို ဧဝ၏စိတ်ထဲသို့ မြွေကြီး ထည့်သွင်းပေးခဲ့သည်အကြောင်းကို ပြန်လည်သတိရလိုက်ပါလေ။ အပွင့်လင်းဆုံးပြောရလျှင်၊ ဤနေရာ၌ အစီရင်ခံခဲ့ရသောသူမှာ လူသားမဟုတ်ပဲ ဘုရားသခင်ပင် ဖြစ်နေသည်ကို တွေ့ရှိရပါလိမ့်မည်။

ဘုရားသခင်သည် မိမိကိုယ်တော်တိုင် စီရင်ခြင်းခံတော်မူသည် ဟူသောအတွေးကို ကျွန်ုပ်တို့လက်ခံနိုင်ရန် ခက်ခဲကောင်းခက်ခဲနေပေလိမ့်မည်။ သို့ရာတွင်၊ တစ်ခုတည်းသော ဤအတွေးအမြင်ကသာ ကျမ်းစာအား အခြေခံကျကျလေ့လာမှုပြုစေနိုင်လိမ့်မည်ဖြစ်ပါသည်။ မာရ်နတ်နှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံစကားပြောခဲ့သည့်အချိန်မှစ၍ ကျွန်ုပ်တို့လူသားတို့သည် ဘုရားသခင်အား အထက်စီးသဘောဖြင့် စီရင်လာခဲ့ကြပါသည်။ သူ့အား မျှတစွာ ကျွန်ုပ်တို့စီရင်နေကြပြီးလော။

ကျွန်ုပ်တို့သည် ကိုယ်စိတ်သဘောဖြင့် မိမိကိုယ်ကို တရားစီရင်သူအရာတွင် မှားယွင်းစွာချီးမြှောက်နေကြစဉ်၊ တရားစီရင်ခံရမည့်အဖြစ်မှ ကျွန်ုပ်တို့ပြေးမလွတ်နိုင်ကြပါချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စီရင်ခြင်းပြုတော်မမူပါချေ။ မည်သို့ပင် ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုစီရင်ခြင်းအမှုတွင် အထူးသဖြင့် ကျွမ်းကျင်ကြသည်။ မိမိပြောသောစကားသည် အသက်ဖြစ်ကြောင်း ယေရှုမိန့်တော်မူခဲ့ပါသည်။ ထို၏စကားတော်ကို လက်ခံမည်၊ မခံမည်ကို ကျွန်ုပ်တို့ ရွေးချယ်မှုပြုရကြပါမည်။ သူ၏စကားတော်သည် အမှန်တကယ်ပင် အသက်နှင့်ပြည့်စုံပြီး၊ ထိုစကားတော်ကို ငြင်းပယ်နေကြခြင်းဖြင့် အပျက်သဘောဆောင်သည့် အကျိုးဆက်များတို့ဖြင့် မိမိတို့ကိုယ်ကို ကျွန်ုပ်တို့ပြန်လည်တရားစီရင်နေမိကြပါသည်။

တရားရုံးတွင် တရားစီရင်သည့်ပုံစံမျိုးဖြင့် ဘုရားသခင် တရားစီရင်တော်မမူပါချေ။ ကိုယ်ကိုတရားစီရင်ခြင်းနှင့် သေခြင်းသို့ သွားသောလမ်းမထက်ပေါ်တွင် ကျွန်ုပ်တို့ ဆက်လက်လျှောက်လှမ်းသွားကြမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်ကို ဝမ်းနည်းစွာ အတည်ပြုပေးခြင်းမှတပါး ကျွန်ုပ်တို့အဖို့ အဘယ်အရာကိုမျှ ဘုရားသခင်လုပ်ဆောင်ပေး နိုင်မည်မဟုတ်ပါချေ။

စဉ်းစားစရာ တရားစီရင်ခြင်းရှုထောင့် နောက်တစ်မျိုးရှိပါသေးသည်။ သူတပါးအား ကျွန်ုပ်တို့စီရင်ကြရာတွင်၊ ကျွန်ုပ်တို့အပေါ်သို့ အပျက်သဘောဖြင့် ထိုစီရင်ခြင်းပြန်လည်သက်ရောက်လာပါသည်။ သူတပါးအား စီရင်ခြင်းသည် မိမိကိုယ်ကို ပြန်လည်စီရင်နေခြင်းပင်ဖြစ်သည်။ တရားစီတော်မူခြင်းတွင် အမှန်တကယ်ကြောက်ရွံ့ရမည့်သူသည် အဘယ်သူဖြစ်သည်ကို တွေ့မြင်လိုလျှင်၊ မှန် ထဲတွင် ကျွန်ုပ်တို့ ပြန်ကြည့်ရှုနိုင်ပေသည်။

တရားစီရင်တော်မူခြင်းအမှုတွင် အဘယ်သို့ရှိသည်ကို၊ မှားယွင်းမှုပြုနေစဉ်လူများ ဖမ်းမိသွားခဲ့သည့် အမျိုးသမီး၏ အဖြစ်အပျက်မှတ်တမ်းတွင် ဥပမာပြထားပေးပါသည်။

> ယေရှုသည်လည်း သံလွင်တောင်သို့ ကြွတော်မူ၏။ နံနက်စောစောဗိမာန်တော်သို့ တဖန်ကြွတော်မူ၍ လူအပေါင်းတို့သည် အထံတော်သို့လာကြ၏။ ထိုအခါ ထိုင်တော်မူ၍ ဆုံးမဩဝါဒပေးစဉ်တွင်၊ မှားယွင်းခြင်းအမှုကိုပြုလျက်နေသောမိန်းမတယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့သည်ခေါ်ခဲ့၍ အလယ်၌ထားပြီးမှ၊ အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်း အမှုကိုပြုစဉ်တွင်ပင် တွေ့မိပါသည်။ ထိုသို့သောမိန်းမကို ကျောက်ခဲနှင့် ပစ်ရမည်ဟု မောရှေသည်အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။ ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှါ၊ စုံစမ်းနှောင့်ယှက်သောအားဖြင့် လျှောက်ကြ၏။ ယေရှုသည် အောက်သို့ငုံ့လျက် လက်ညှိုးတော်နှင့် မြေ၌ရေးသား၍နေတော်မူ၏။ ထိုသူတို့သည် အထပ်ထပ်မေးလျှောက်ကြသောအခါ ကိုယ်ကိုလှန်တော်မူ၍၊ သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာ ကျောက်

ခဲနှင့်ပစ်စေဟု မိန့်တော်မူပြီးမှ၊ တဖန်အောက်သို့ငုံ့၍ မြေ၌ ရေးသားတော်မူပြန်၏၊ ထိုသူတို့သည်ကြားရလျှင် မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကိုဖော်ပြသဖြင့်၊ အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တယောက်နောက်တယောက် ထွက်သွားကြ၏။ ယေရှုသည် တယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည်အလယ်၌ရပ်နေ၏။ ထိုအခါယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊ ထိုမိန်းမမှတပါး အဘယ်သူကိုမျှမမြင်လျှင်၊ အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သောသူတို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကိုအဘယ်သူမျှမစီရင်လောဟု မေးတော်မူ၏။ ထိုမိန်းမကလည်း၊ အဘယ်သူမျှ မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကို မစီရင်။ သွားလော့။ နောက်တဖန် ဒုစရိုက်ကိုမပြုနှင့်ဟုမိန့်တော်မူ၏။ (ယောဟန် ၈း၁-၁၁၊ အဓိကကိုးကားချက် )

ယေရှုရှေ့တော်သို့ ခေါ်သွင်းခြင်းခံခဲ့ရပြီး ပညတ်ချိုးဖေါက်သူတစ်ဦးအဖြစ် လက်ညှိုးထိုးခြင်းခံခဲ့ရသော အမျိုးသမီးသည်၊ ယေရှုအား မိမိတို့၏ဘာသာရေးကို ခြိမ်းခြောက်လာသူတစ်ဦးအဖြစ် စီရင်ခဲ့ကြသည့် အကြင်နာကင်းသော ဘာသာရေးခေါင်းဆောင်များတို့၏ သားကောင်အဖြစ် အသုံးချခြင်းကိုခံခဲ့ရပါသည်။ ယေရှုအားဖျက်စီးခြင်းငှါ ထိုအမျိုးသမီးကို သူတို့အသုံးချခဲ့ကြခြင်းဖြစ်သည်။ သူမအား စွပ်စွဲအပြစ် တင်လာသောသူတို့သည် မောရှေပညတ်ကို လက်ဆွဲအသုံးပြုခဲ့ကြသည်။ ဖာရိရှဲများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသည့် ကွာရှင်းပြတ်ဆဲခြင်းအကြောင်း အမေးအဖြေကိစ္စတစ်ခုတွင်၊ မောရှေပညတ်အကြောင်းနှင့် ပတ်သက်ပြီး ဖာရိရှဲတို့အား အောက်ပါအတိုင်း ယေရှုမိန့် တော်မူခဲ့လေသည်။ "သင်တို့စိတ်နှလုံး ခိုင်မာသောကြောင့် မောရှေသည် ထိုပညတ်ကို ရေးထားသတည်း။" (မာကု ၁၀း၅)

ယေရှုသည် တရားစီရင်ပိုင်သောအခွင့်အပါအဝင် ဘုရားနှင့်ဆိုင်သောအခွင့်အာဏာအပေါင်းတို့ကို ပိုင်ဆိုင်ထားသောဘုရားတစ်ဆူဖြစ်ကြောင်းကို ကျွန်ုပ်တို့နားလည် သဘောပေါက်လာကြသည့်အခါ၊ အဆိုပါတရားခွင်၌ ဖြစ်ပျက်သွားခဲ့သည့် အဖြစ်အပျက်၏ ကျယ်ပြန့်မှုအတိုင်းအတာကို ကျွန်ုပ်တို့ရှင်းလင်းစွာ တွေ့မြင်လာရပါလိမ့်မည်။ မိမိရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့သည့် အမှုအပေါ် ယေရှုချက်ချင်း တရားစီရင်မှုမပြုခဲ့ပါချေ။ တရားစီရင်မည့်အစား အောက်သို့ငုံ့၍

မြေပေါ်တွင် မိမိ၏လက်တော်ဖြင့် ယေရှုစာရေးချတော်မူခဲ့ပါသည်။ မိမိတို့၏မေး ခွန်းအတွက် အဖြေပေးရန် ယေရှုအား သူတို့ဖိအားပေးလာကြခဲ့စဉ် သူတို့အား "သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်စေဟု" ယေရှု ပြန်လည်မိန့်ကြားခဲ့လိုက်ပါသည်။ ထို့နောက်၊ မြေပေါ်တွင် ယေရှုဆက်ပြီး စာရေး နေခဲ့ပါသည်။

ယေရှု ပြုမူပြောဆိုလေသမျှတို့တွင် ရည်ရွယ်ချက်အမြဲတမ်းပါရှိနေပါ သည်။ ဘာသာရေးခေါင်းဆောင်များတို့၏ မေးခွန်းအား ရှောင်တိမ်းခြင်းငှါ မြေပေါ် ၌ ယေရှုစာရေးသားခဲ့ခြင်း မဟုတ်ပါချေ။ မိမိရှေ့မှောက်သို့ ထိုအမျိုးသမီး ရောက် ရှိလာခဲ့ရခြင်း၏ အခြေအနေအကြောင်းအရင်းများကို ယေရှုသိရှိတော်မူခဲ့ပါသည်။ သူမအား စွပ်စွဲနေသူတစ်ဦးချင်းစီတို့၏ နောက်ကြောင်းရာဇဝင်တစ်ခုစီတိုင်းကို လည်း သူသိရှိနေခဲ့ပြီး၊ ထိုသူတို့၏ အတွေးအခေါ်နှင့် ရည်ရွယ်ချက်များကို သူဖတ်ရှု နေခဲ့ပါသည်။ လျို့ဝှက်သော ထိုသူများတို့ကို မျက်မြင်သက်သေများရှေ့တွင် ယေရှု ပစ်ပစ်ခါခါဆုံးမလိုက ဆုံးမနိုင်ပေသည်။ သို့ရာတွင်၊ ထိုသို့ပြုတော်မူမည့်အစား မြေပေါ်တွင် စာရေးသားခဲ့ခြင်းဖြင့်သာ ထိုဘာသာရေးခေါင်းဆောင်များတို့အား ကိုယ်အပြစ် ကိုယ်ပြန်မြင်နိုင်အောင် ယေရှုပြုပေးတော်မူခဲ့ပါသည်။ ထိုသူတို့၏ အပြစ်ကို မမြဲသောမှတ်တမ်းအဖြစ် မြေပေါ်တွင် ယေရှုရေးသားတော်မူခဲ့လေသည်။

ဘုရားသခင်သည် မိမိထံရောက်ရှိလာသမျှသောသူတို့၏ အခြေအနေများ ကို ရှုမှတ်တော်မမူပဲ သူတို့အသီးသီးတို့အား လွန်စွာတန်ဖိုးထားချစ်ခင်တော်မူပါ သည်။ သူ၏အမှုတော်လုပ်ငန်းမှာ လောကကြီးအား ကယ်တင်ဖို့အတွက်ဖြစ်ပြီး၊ အမျိုးသမီးနှင့် သူမအပေါ်စွပ်စွဲလာသူတို့စပ်ကြား ရန်ငြိမ်းစေခြင်းငှါ သူပြုတော်မူခဲ့ လေသည်။

ဘာသာရေးခေါင်းဆောင်များအား "သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်စေဟု" ယေရှုမိန့်တော်မူခဲ့ပါသည်။ ဤတွင် တရားစီရင် ခြင်းတာဝန်ကို သူတို့၌ ယေရှုပြန်ပြီးလက်လွှဲတော်မူခဲ့ပါသည်။ အပြစ်စီရင်ခြင်းငှါ ဤလောကသို့ ယေရှုကြွလာတော်မူခဲ့ခြင်း မဟုတ်ပါချေ။ တရားသူကြီးတစ်ဦး၏ နေရာတွင်လည်း သူရပ်တည်မနေခဲ့ပါချေ။ ယေရှု၏စကားတော်ကို အမျိုးသမီးအား ကျောက်ခဲနှင့်ပစ်ရန် ဖိတ်ခေါ်နေသည့် ဖိတ်ကြားမှုတစ်ခုအဖြစ် ကျမ်းတတ်နှင့်

ဖာရိရှဲများမှတ်ယူခဲ့ကြပါသလား။ ထိုသို့ သူတို့မမှတ်ယူခဲ့ကြပါချေ။ ထိုတရားခွင်မှ "တစ်ယောက်နောက် တစ်ယောက်" သူတို့ပြန်ထွက်သွားခဲ့ကြပါသည်။

ဘုရားဖြစ်သော ယေရှုအနေဖြင့် ထိုအမျိုးသမီးအား အပြစ်စီရင်တော်မမူခဲ့ပါချေ။ သို့ရာတွင် "သွားလော့။ နောက်တဖန် ဒုစရိုက်ကိုမပြုနှင့်" ဟူသောစကားအားဖြင့် သူမအဖို့ အသက်လမ်းတံခါးကို ယေရှု ဖွင့်လှစ်ပေးတော်မူခဲ့ပါသည်။ သူမအား မိမိရှေ့မှောက်သို့ ပို့ဆောင်လာခဲ့သည့် အကျင့်ဆိုးများကို စွန့်ပယ်ဖို့ ယေရှုမိန့်တော်မူခဲ့သည်သာမက၊ သေစေနိုင်သည့်အပြစ်တည်းဟူသော ဘုရားသခင်အားမကိုးစားထိုက်သူအဖြစ် ယုံကြည်နေခြင်းမှ လွတ်မြောက်ရသောအခွင့်ကိုလည်း သူမအား ယေရှုပေးသနားတော်မူခဲ့ပါသည်။

ရေးလျှောက်ဘဝအသက်တာ၌ အပြစ်စီရင်ခံခြင်းမှ လွဲရှောင်နိုင်မည့်လမ်းကို ဤအမျိုးသမီးအား ယေရှုပေးသနားတော်မူခဲ့ပါသည်။ သူမအပေါ်ထားရှိသည့် ခမည်းတော်ဘုရားသခင်၏မေတ္တာတော်ကို သူမ၌ ယေရှုဖော်ပြပေးခဲ့ပါသည်။ အသက်ပေးပိုင်ရှင်၏ရှေ့တော်မှောက်သို့ သူမရောက်ရှိနေခဲ့ပြီး၊ ထိုအရှင်အား မိမိချစ်ခင်ကိုးစားနိုင်သည်အကြောင်းကို သူမသိရှိနေခဲ့ပါသည်။ ယေရှုနှင့် တွေ့ဆုံခဲ့ပြီးနောက်ပိုင်းတွင် ဘုရားသခင်အပေါ်ထားရှိသည့် သူမ၏အတွေးအမြင်နှင့် ထိုသခင်နှင့်သူမ၏ဆက်ဆံရေးအခြေအနေ အကြီးအကျယ်ပြောင်းလဲသွားခဲ့သည်။ ထိုတရားခွင်၌ ဖြစ်ပျက်သွားခဲ့သည့် တရားစီရင်မှုသည် သူမအဖို့ အသက်တာပြောင်းလဲမှုဖြစ်ပေါ်စေခဲ့သည့် အသက်ပေးစွမ်းသော စီရင်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။

အမျိုးသမီးအား အပြစ်စီရင်ခြင်း၌ အစဉ်သင့်ဖြစ်နေခဲ့ကြသည့် စိတ်နှလုံးမာကြောသော ကျမ်းတတ်နှင့် ဖါရိရှဲများတို့ကို ယေရှုအပြစ်စီရင်တော်မမူခဲ့ပါချေ။ ထိုအစား၊ မိမိတို့၏ မိုက်မှောင်ကျနေသော အမှုအကျင့်များတို့ကို ပြန်လည်တွေ့မြင်နိုင်မည့် ဝိညာဉ်ရေးမှန်တစ်ချပ်ကို သူတို့ရှေ့၌ ယေရှုထောင်ပြပေးတော်မူခဲ့ပါသည်။ ရလဒ်အနေဖြင့်၊ ထိုသူ"တို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊" အသက်ပေးပိုင်ရှင်၏ စင်ကြယ်၍ အတ္တကင်းစင်သောမေတ္တာတော်ရှေ့မှ ထွက်သွားကြဖို့ သူတို့လှုံ့ဆော်ခြင်းခံခဲ့ရပါသည်။ သူတစ်ပါးအား အပြစ်စီရင်ခြင်း၌ သူတို့ရောက်ရှိလာခဲ့ကြသည်။ သို့ရာတွင် မိမိတို့ကိုယ်ကို ပြန်လည်အပြစ်စီရင်ခဲ့ခြင်းဖြင့် သူတို့ အဆုံးသတ်သွားခဲ့ရကြသည်။

သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်သည်ကိုယ်အပြစ်ကို မဖုံး နိုင်ရာ။ အကြောင်းမူကား၊ သင်သည်စစ်ကြောစီရင်သောအမှုကိုပင် ကိုယ် တိုင်ပြုသည်ဖြစ်၍၊ သူတပါးကို စစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိ ကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏။ ဘုရားသခင်သည် ထိုသို့ပြုသော သူတို့ကို စီရင်တော်မူခြင်းအရာသည် သမ္မာတရားနှင့်ညီသည်ကို ငါတို့သိ ကြ၏။ ထိုသို့သောအမှုကိုကိုယ်တိုင်ပြုလျက်ပင်၊ သူတပါးပြုသည်ကို စစ်ကြောစီရင်သောသူ၊ သင်သည် ဘုရားသခင်စီရင်တော်မူခြင်းနှင့် လွတ် မည်ဟု ထင်မှတ်သလော။ (ရောမသြဝါဒစာ ၂း၁-၃)

ကျွန်ုပ်တို့ အသီးသီးတို့အား ပြိုင်ဘက်ကင်းသောလွတ်လပ်ခွင့်မျိုးကို ဘုရားသခင် ပေးထားတော်မူပါသည်။ ကိုယ်ကိုယ်ကို အပြစ်စီရင်ခြင်း၌ ရွေးချယ်မှု ပြုနေကြသည့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရွေးချယ်မှုများကို ဘုရားသခင်ဘေးချိတ် ထားတော်မူမည်မဟုတ်ပါချေ။ အပြန်အလှန် မေတ္တာတရားနှင့် အသက်ရှင်ခြင်းတ ရား၏စက်ဝိုင်းကြီးထဲမှ ထွက်ခွာသွားရန် ကျွန်ုပ်တို့ ရွေးချယ်မှုပြုကြသည့်အခါ ကျွန်ုပ်တို့၏ ကိုယ်ကိုယ်ကိုစီရင်ခြင်းအမှုကို ဝမ်းနည်းစွာဖြင့် ဘုရားသခင်အတည် ပြုပေးရလေတော့သည်။ ဤသည်မှာ ဘုရားသခင်၏ တရားစီရင်ခြင်းပင်ဖြစ်ပေ သည်။ ဤတရားစီရင်ခြင်းမှ လွတ်မြောက်နိုင်သည့်လမ်းဟူ၍ အလျင်းမရှိပါချေ။ အကြောင်းမှာ ကျွန်ုပ်တို့၏စိတ်ဆန္ဒကို ဆန့်ကျင်ဘက်ပြုလျက် အသက်ရှင်ခြင်းသို့ သွားသောလမ်းပေါ်၌ လျှောက်လှမ်းသွားစေခြင်း၌ ကျွန်ုပ်တို့အား ဘုရားသခင် အတင်းအဓမ္မ ဖိအားပေးခြင်းမပြုနိုင်သောကြောင့်ဖြစ်သည်။

ခမည်းတော်သည် အဘယ်သူကိုမျှ မတရားစီရင်တော်မမူ။ တရားစီရင် ခြင်း အခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ (ယောဟန် ၅း၂၂)

ကျွန်ုပ်တို့အား ခမည်းတော်ဘုရား တရားစီရင်တော်မမူပါချေ။

ယေရှုမိန့်တော်မူသော စကားတို့သည် အသက်ဖြစ်သည်။ ယေရှု၏နှုတ် ထွက်စကားတိုင်းတွင် ဘုရားသခင်၏ ရန်ငြိမ်းခြင်းမေတ္တာတော်အကြောင်းကို ဖော်ပြထားသည်။

ယေရှုကလည်း၊ ငါ့ကိုယုံကြည်သောသူသည် ငါ့ကိုသာယုံကြည်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသော သူကိုယုံကြည်၏။ ငါ့ကို ကြည့်မြင်သောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကို ကြည့်မြင်၏။ ငါ့ကိုယုံကြည်သမျှသောသူတို့သည် မှောင်မိုက်၌မနေစေခြင်းငှါ ငါသည် အလင်းဖြစ်လျက် ဤလောကသို့ ကြွလာပြီ။ ငါ့စကားကိုကြားသောသူသည် မယုံကြည်ဘဲနေလျှင် ထိုသူကို ငါသည်အပြစ်မစီရင်။ လောကီသားတို့ကို အပြစ်စီရင်အံ့သောငှါ ငါလာသည်မဟုတ်၊ လောကီသားတို့ကို ကယ်တင်အံ့သောငှါငါလာ၏။ ငါ့ကိုပယ်၍ငါ့စကားကို နာမခံသောသူအား အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်။ (ယောဟန် ၁၂း၄၄-၄၈၊ အဓိကကိုးကားချက်)

ကျွန်ုပ်တို့ကို ယေရှုတရားစီရင်တော်မမူပါချေ။ ကျွန်ုပ်တို့အား အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော်တရားကို ဘုရားသခင်ကမ်းလှမ်းထားပေးတော်မူသည်။ သို့ရာတွင် ထိုနှုတ်ပတ်တရားတော်ကို လက်ခံခြင်းငှါ ကျွန်ုပ်တို့အား ဘယ်အခါမျှ ဘုရားရှင်ဖိအားပေးမည်မဟုတ်ပါချေ။

သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတပါးကိုစီရင်ကြ၏ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့် သူတပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို မအောက်မေ့ဘဲ ညီအစ်ကိုမျက်စိ၌ ရှိသောငြောင့်ငယ်ကို အဘယ်ကြောင့်ကြည့်ရှုသနည်း။ ကိုယ်မျက်စိ၌ တံကျင်ရှိလျက်ပင် ညီအစ်ကိုအား သင်၏မျက်စိ၌ ရှိသောငြောင့်ငယ်ကို ထုတ်ပါရစေဟု အဘယ်သို့ဆိုသနည်း။ လျှို့ဝှက်သောသူ၊ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာထုတ်ပစ်လော့။

> နောက်မှညီအစ်ကို မျက်စိ၌ရှိသော ပြောင့်ငယ်ကို ထုတ်ပစ်ခြင်းငှါ ရှင်းလင်းစွာမြင်လိမ့်မည်။ (မသဲ ၇း၁-၅)

ကျွန်ုပ်တို့အား ခမည်းတော်ဘုရားသခင် တရားမစီရင်သကဲ့သို့ သားတော်ယေရှုလည်း တရားစီရင်တော်မမူလျှင်၊ (ကိုယ်မျက်စိ၌ တံကျင်) ရှိနေကြသော ကျွန်ုပ်တို့အနေဖြင့် အခြားသူများတို့အား တရားစီရင်ခွင့်ရှိသည်ဟူ၍ အဘယ့်ကြောင့် ထင်မှတ်နေကြသေးသနည်း။

> ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။ (ယောဟန် ၅း၂၄)

ဘုရားသခင်အကြောင်းကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ခြင်းအရာနှင့် သူ့အား ယုံကြည်ကိုးစားခြင်းအရာက ကျွန်ုပ်တို့ကို အသက်ရှင်ခြင်းလမ်းထဲသို့ ပို့ဆောင်ပေးတော်မူပါသည်။ ယေရှုမိန့်တော်မူသည်ကား၊ "သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင် ခြင်းကိ မခံရ။" (ယောဟန် ၃း၁၈)

> ထိုအခါ ပေါလုနှင့်ဗာနဗတို့က၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို သင်တို့အား ရှေ့ဦးစွာဟောပြောရ၏။ သို့သော်လည်း သင်တို့သည်ပယ်၍ ထာဝရအသက်ကို မိမိတို့ မခံထိုက်သည်ဟု မိမိတို့စီရင်ကြသောကြောင့်၊ ထာဝရဘုရားသည် မှာတော်မူသည်အတိုင်း ငါတို့သည်မျက်နှာကိုလွှဲ၍ တပါးအမျိုးသားတို့ဆီသို့ လှည့်ကြ၏။ (တမန်တော်ဝတ္တု ၁၃း၄၆)

ဤသည်ကား မိမိကိုယ်ကိုစီရင်မှုပြုခြင်း၏ ရှင်းလင်းသော ဥပမာတစ်ခုပေတည်း။

သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ မပြုလျှင် သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ သူတပါးကို အပြစ်မစီရင်ကြနှင့်။ မစီရင်လျှင်သင်တို့သည် အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ သူ့အပြစ်ကို လွတ်ကြလော့။ လွတ်လျှင် ကိုယ်အပြစ်လွတ်လိမ့်မည်။ (လုကာ ၆း၃၇)

ကျွန်ုပ်တို့ မတောင်းလျှောက်မှီက ကျွန်ုပ်တို့အား ဘုရားသခင်ခွင့်လွှတ်ပေးနှင့်ပြီးဖြစ်ကြောင်း ရှင်လုကာကျမ်း၌ ဖော်ပြထားသည့် မိုက်သောသားပုံပမာက ကျွန်ုပ်တို့ကို သွန်သင်ပြထားပေးသည်။ ကျွန်ုပ်တို့ အစစ်ကြောခံရလျှင်၊ အပြစ်စီရင်ခံရလျှင် (သို့) အပြစ်လွတ်ခြင်းမခံရလျှင်၊ မိမိကိုယ်ကိုသာ ကျွန်ုပ်တို့ပြန်ပြီး အပြစ်တင်ဖို့ဖြစ်သည်။ "လူသည်မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။"

ထိုအခါ ယေရှုကလည်း၊ မျက်စိမမြင်သောသူသည် မြင်စေခြင်းငှါလည်း၊ မြင်သောသူကို မျက်စိကန်းစေခြင်းငှါလည်း၊ ငါသည် တရားစီရင်၍ ဤလောကသို့ ရောက်လာပြီဟု မိန့်တော်မူ၏။ အထံတော်၌ရှိသော ဖာရိရှဲအချို့တို့သည် ထိုစကားကိုကြားလျှင်၊ ငါတို့သည် မျက်စိကန်းသလောဟု မေးကြ၏။ ယေရှုကလည်း၊ သင်တို့သည် မျက်စိကန်းသည်မှန်လျှင် အပြစ်မရှိ၊ ငါတို့မျက်စိမြင်သည်ဟု ယခုဆိုကြ၏။ ထိုကြောင့် သင်တို့၌ အပြစ်တည်သည်ဟု မိန့်တော်မူ၏။ (ယောဟန် ၉း၃၉-၄၁)

မည်သည့် "တရားစီရင်ခြင်း"အတွက် လောကထဲသို့ ယေရှု ကြွလာတော်မူခဲ့သနည်း။ လူသားများအပေါ်ထားရှိတော်မူသည့် ဘုရားသခင်၏မေတ္တာတော်နှင့် ကျွန်ုပ်တို့တစ်ဦးစီအပေါ် ထိုသခင်၏ အဆုံးမဲ့တန်ဖိုးထားမှုကို ဖော်ပြပေးရန် ဤလောကသို့ ယေရှု ကြွလာတော်မူခဲ့ခြင်းဖြစ်သည်။ မိမိမြင်သကဲ့သို့ လူအချင်းချင်းမြင်တတ်စေရန်နှင့် မိမိတန်ဖိုးထားသကဲ့သို့ လူအချင်းချင်း တန်ဖိုးထားတတ်စေရန် ဘုရားသခင်အလိုတော်ရှိသည်။ အခြားသောသူတို့၏အပြစ်ကို မကြည့်ရှုမိဖို့ရန်နှင့် ကျွန်ုပ်တို့အား အချင်းချင်းကွဲပြားစေသည့် ဂိုဏ်းဂဏစွဲများ၊ အမျိုးသားရေးဝါဒများ၊ လူမျိုးရေးဝါဒများ၊ တဖက်ပိတ်နိုင်ငံရေးအမြင်များနှင့် အချင်းချင်းစိတ်ဝမ်းကွဲမှုကို

အားပေးသည့် အခြားသောအရာများတို့ကို မစွဲကိုင်ထားကြဖို့ ကျွန်ုပ်တို့အား ယေရှု သွန်သင်ပေးနေပါသည်။

ယေရှုသွန်သင်ပေးခဲ့သော ဤသင်ခန်းစာကို ဖာရိရှဲများ နားမလည်ခဲ့ကြပါ ချေ။ သူတို့အထဲတွင် ဂိုဏ်းဂဏစွဲများ အလွန်အားကြီးနေခဲ့ပြီး၊ ဂျူးလူမျိုးမဟုတ်သည့် တပါးအမျိုးသားများတို့ကို ခွေးကဲ့သို့ သူတို့ရှုမြင်ကြသည်။ သူတပါးအား အပြစ်ရှာလျက် ထိုသူတို့ကို သူတို့အလွယ်တကူ အပြစ်စီရင်တတ်ကြသည်။

> ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော် မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည် အကြောင်း စေလွှတ်တော်မူ၏။ သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌ တပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့်**(အင်္ဂလိပ်ကျမ်းစာတွင်- တပါးတည်းသောသားတော်၏ နာမတော်ကို မယုံကြည်သောကြောင့်)** ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။ အပြစ်စီရင်ခြင်းကို ခံရခြင်းအကြောင်း ကား၊ အလင်းသည် ဤလောကသို့ဝင်၍၊ လူတို့သည် မကောင်းသောအ ကျင့်ကို ကျင့်သောကြောင့်၊ အလင်းထက်မှောင်မိုက် ကိုသာ၍နှစ်သက်ကြ ၏။ (ယောဟန် ၃း၁၆-၁၉၊ အဓိကကိုးကားချက်)

ဤကျမ်းပိုဒ်တွင် သုံးနှုန်းထားသည့် နာမတော်၏အနက်ကား စာရိတ္တတော် ပင်ဖြစ်ပေသည်။ ယေရှုထုတ်ဖော်ပြသပေးခဲ့သည့် ဘုရားသခင်၏ စာရိတ္တတော်ကို ငြင်းပယ်နေခြင်းကား ဘုရားသခင်အား ငြင်းပယ်နေခြင်းပေတည်း။ ယေရှုအားဖြင့်၊ ဘုရားသခင်မိန့်တော်မူသည်မှာ၊ - **ဤသည်ကား ငါအမှန်ပင်ဖြစ်သတည်း။** ဟူ၍ပင် ဖြစ်၏။

နံနက်အချိန်ရောက်လျှင်၊ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် အကြီး
အကဲဖြစ်သောသူအပေါင်း တို့သည် ယေရှုကို သတ်အံ့သောငှါ တိုင်ပင်၍၊
ကိုယ်တော်ကို ချည်နှောင်ပြီးလျှင် မြို့ဝန်မင်းပုန္တိပိလတ်ထံသို့ ဆောင်သွား
၍ အပ်လိုက်ကြ၏။ ထိုအခါ ကိုယ်တော်ကိုအပ်နှံသော ယုဒရှကာရုတ်
သည် ကိုယ်တော်၌ သေပြစ်ကို စီရင်ကြသည်ကိုသိမြင်လျှင်၊ နောင်တရ၍
ငွေသုံးဆယ်ကို ယဇ်ပုရောဟိတ်အကြီး၊ လူအကြီးအကဲတို့၌ ပြန်ပေး၍၊
(မသဲ ၂၇း၁-၂)

အလွန်ဆိုးရွားသော မြင်ကွင်းတစ်ခုပါတကား။ အပြစ်နှင့်ပြည့်ဝသော ဘာသာရေးသမားများက မိမိတို့၏ အသက်ပေးပိုင်ရှင်အား သတ်ဖို့ရန်ကြံစည်နေခဲ့ကြသည်။ သို့သော် ထိုအရှင်မူကား သူတို့အား ရန်တုံ့မမူခဲ့သည်သာမက တရားစီရင်ခြင်းလည်း ပြုတော်မမူခဲ့ပါချေ။ အသက်သေစေနိုင်သောသူ(အရာ)ကား အဘယ်သူ (သို့) အဘယ်အရာနည်း။ ဘုရားသခင် လော (သို့) အပြစ်တရားလော။

ယေရှုခံခဲ့ရသည့် စစ်ကြောစုံစမ်းခြင်းနှင့် ကားတိုင်ပေါ်အသေသတ်ခံခဲ့ရခြင်း၏နောက်ကွယ်တွင်ရှိသည့် ပိုမိုလေးနက်သည့်အဓိပ္ပါယ်တစ်ရပ်ကို သတိမပြုမိပဲ ယေရှု၏ နောက်ဆုံးနေ့ရက်နာရီများအကြောင်းကို ကျွန်ုပ်တို့ဖတ်ကြားလာခဲ့ကြပါသည်။ ယေရှုသည် ဘုရားစင်စစ်ဖြစ်သကဲ့သို့ လူသားစင်စစ်လည်းဖြစ်တော်မူသည်။ စစ်ကြောခြင်းခံဖို့ရန်အလို့ငှါ ပုန္တိပိလရှေ့သို့ ခေါ်သွင်းခြင်းခံခဲ့ရသော ယေရှုသည် ဘုရားစင်စစ်ဖြစ်တော်မူပေသည်။ ဘုရားစင်စစ်တော်မူစဉ် နှိပ်စက်ညှဉ်းပန်းခြင်းကို ကိုယ်တိုင်ခံယူခဲ့ရသည်။ အလှောင်ပြောင်ခံခဲ့ရသည်။ ကားတိုင်ပေါ်တွင် ရိုက်ထားခြင်းကိုခံခဲ့ရသည်။

မိမိနှင့် ရန်ငြိမ်းခြင်းအကြောင်းဖြစ်စေလိုသည့် မိမိအလွန်ချစ်တော်မူသော ထိုသူတို့အား မိမိအပေါ် စစ်ကြောစီရင်ရသောအခွင့်ကို ဘုရားသခင် ပေးထားတော်မူခဲ့လေသည်။ အဘယ့်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အပြစ်များအားဖြင့် သူ့အား ကျွန်ုပ်တို့ အဘယ်သို့ပြုနေကြသည်ကို ကျွန်ုပ်တို့မြင်နိုင်ဖို့အတွက်ဖြစ်သည်။

လောက၌ သက်ရှိထင်ရှားတော်မူခဲ့သည့် မိမိ၏နောက်ဆုံးနေ့ရက်နာရီများ၌ ဘုရားသားတော်ယေရှု ပြင်းပြန်းထန်ထန် နာကျင်ခံစားသွားခဲ့ရပါသည်။ ယေရှု

၏ ဒုက္ခဝေဒနာများတို့သည် ဂေသရေမန်ဥယျာဉ်တော်၌ အစပြုခဲ့ခြင်းမဟုတ် သလို၊ ကားတိုင်ပေါ်၌ သူနောက်ဆုံးပြောသွားခဲ့သည့် စကားများအားဖြင့်လည်း အဆုံးသတ်မသွားခဲ့ပါချေ။ လောကထဲသို့ အပြစ်စတင်ဝင်ရောက်လာခဲ့သည့်ချိန်မှစ၍ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ဒုက္ခဝေဒနာခံစားနေခဲ့ရပြီး၊ ဒုက္ခဝေဒနာ အပေါင်းနှင့် သေခြင်းတရားတို့ ထာဝရကွယ်ပျောက်သွားမည့် နေ့ရက်အထိတိုင် အောင်ပင် ကျွန်ုပ်တို့နှင့်အတူ ဆက်လက်ပြီး သူဝေဒနာခံစားသွားလေဦးမည်ဖြစ် သည်။

မိမိ၏ အဆုံးမဲ့မေတ္တာတော်အကြောင်းကို သက်သေခံဝေငှစေခြင်းငှါ မိမိဖန်ဆင်းထားတော်မူခဲ့သည့် လူသားများတို့၏လက်၌ ယေရှုတွေ့ကြုံခံစားသွားခဲ့ရသည့် စစ်ကြောမှုများနှင့် ဒုက္ခဝေဒနာများမှ၊ နှစ်ပေါင်းထောင်ချီသည်တိုင်အောင် ဘုရားသခင်အား ကျွန်ုပ်တို့ပေးလာခဲ့ကြသည့် ဝေဒနာအမျိုးမျိုးတို့၏ ပုံရိပ်တစ်ခုကို ကျွန်ုပ်တို့တွေ့မြင်သင့်ကြပါသည်။ ဖြစ်ပျက်နေသည့် အကြင်နာတရား ကင်းမဲ့နေမှုများ၊ မတရားမှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် ရန်ငြိုးထားဖျက်စီးနေမှုများတို့အ တွက် အဖြေပေးရှင်းလင်းရန် ဘုရားသခင်အား ကျွန်ုပ်တို့၏ လူသားတရားခွင် ရှေ့တွင် ကျွန်ုပ်တို့ခေါ်ဆောင်လာနေကြဆဲဖြစ်သည်။ မိမိနှင့်ကင်းကွာနေသော သားသမီးများတို့အား မိမိနှင့် ရန်ငြိမ်းခြင်းအကြောင်းဖြစ်စေခြင်းငှါ ဘုရားသခင် ဘာထပ်လုပ်ပေးနိုင်ပါအုံးမည်နည်း။ လက်ဝါးကပ်တိုင်တော်သည် ရန်ငြိမ်းခြင်းအ တွက် ဘုရားသခင်၏ အပြောင်မြောက်ဆုံးသောလက်ရာ တစ်ခုပင်ဖြစ်ပေသည်။ ဘုရားသခင်အား အတ္တဆန်သူ၊ အလေးမထားသူနှင့် မယုံကြည်ရသောသူတစ်ဦး အဖြစ် စွပ်စွဲထားခဲ့သည့် စာတန်၏ခွန်း ကြီးခွန်းငယ်ပြောဆိုမှုကို လက်ဝါးကပ်တိုင် တော်က ချေဖျက်ပစ်လိုက်ပါသည်။

ဘုရားသခင်၏ စာရိတ္တတော်ကို ကျွန်ုပ်တို့မိုက်မှောင်ဖုံးလွှမ်းထားခဲ့ ကြသည့်တိုင်၊ ကျွန်ုပ်တို့အဖို့ သတင်းကောင်းတစ်ခုရှိနေပါသည်။ မိမိအပေါ် ကျွန်ုပ်တို့လူသားများ အဘယ့်ကြောင့် နားလည်မှုလွဲမှားနေကြကို ဘုရားသခင်သိရှိ တော်မူပြီး၊ ထိုအမှုအရာအတွက် ကျွန်ုပ်တို့အား သူအပြစ်စီရင်တော်မမူပါချေ။ ကျွန်ုပ်တို့အပေါ်ထားရှိတော်မူသည့် ထိုသခင်၏ ကျေးဇူးတော်များအတွက် ကျွန်ုပ် တို့ဘက်မှ ကျေးဇူးမသိပဲနေကြသည့်တိုင်၊ ကျွန်ုပ်တို့ကို သူဆက်ချစ် နေလိမ့်ဦး မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အဖို့ နေ့ရက်စဉ် သူဆက်လက်ကျေးဇူးပြုနေဦးမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အရေးကြီးသောသူများဖြစ်ကြောင်းနှင့် ဖန်ဆင်းရှင်ကိုယ်တော်တိုင် ကျွန်ုပ်တို့၏အကြပ်အတည်းများတွင် ကျွန်ုပ်တို့နှင့်အတူ တရင်းတနှီးရှိပေးတော်မူသည်အကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်ထားကြလျှင် ဘုရားသခင် အဘယ်မျှဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါလိမ့်မည်နည်း။ သူ့အကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြည့်နိုင်ပါသလား။ သူ့အား - ခိုင်မြဲသောမေတ္တာရှင်၊ အတ္တကင်းသောမေတ္တာရှင်အဖြစ် - သူ၏အရှိအတိုင်း ရှုမြင်ကြလျက်၊ သူရထိုက်သောမေတ္တာမျိုးကို သူ့အားပြန်ပေးဖို့ ကျွန်ုပ်တို့ စိတ်ပြဋ္ဌာန်းနိုင်ကြပါမည်လား။ ထိုသို့စိတ်ပြဋ္ဌာန်းရန် ကျွန်ုပ်တို့ဒွိဟဖြစ်နေကြပါသလား။ “ဘုရားသခင်သည် ငါတို့ကိုရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏။” (၁ယော ၄း၁၉)

> အမှုရောက်လေရာရာ၌ သူတို့ကိုညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ စေလွှတ်သောကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်းရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။
>
> ___ ဟေရှာယ ၆၃း၉

# ၂၂။ ဘုရားသခင်၏ တရားစီရင်မှုကား အဘယ်သို့သနည်း။

ကောင်းသောအကျင့်ကို ကျင့်အံ့သောငှါ သင်ကြလော့။ တရားသဖြင့် ပြုခြင်းငှါ ကြံကြလော့။ မိဘမရှိသောသူတို့အဘို့ တရားသဖြင့် စီရင်ကြလော့။ မုဆိုးမတို့၏အမှုကို စောင့်ကြလော့။

___ ဟေရှာယအနာဂတ္တိကျမ်း ၁း၁၇

ဘုရားသခင်၏တရားစီရင်မှုတွင် ကျွန်ုပ်တို့အား အမိန့်ချစီရင်ခြင်းမျိုး အလျင်းမရှိပါချေ။ အဆိုပါစီရင်မှုမျိုးအား ဒုက္ခဝေဒနာကို ဖြေလျှော့ပေးသော၊ တရားမျှတမှုမရှိသည့် ဤလောကကမ္ဘာကြီးထဲတွင် တရားမျှတမှုကို ထောက်ခံအားပေးသော တရားစီရင်မှုအဖြစ် အနက်အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

ငါရွေးချယ်သော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးသောသူကိုကြည့်ရှုလော့။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ ငြင်းခုံခြင်း၊ ဟစ်ကြော်ခြင်းကိုမပြုမူ၍၊ လမ်းခရီး၌ သူ၏ အသံကို အဘယ်သူမျှမကြားစေရ။ နင်းနယ်လျက်ရှိသောကျူပင်ကို မချိုး၊ မီးခိုးများသော မီးစာကိုမသတ်။ တရားသည် အောင်မြင်ခြင်းသို့ ရောက်မည်အကြောင်း စီရင်လိမ့်မည်။ သူ၏နာမကိုလည်း လူအမျိုးမျိုးတို့သည် ကိုးစားကြလိမ့်မည်ဟု ဟောထားသတည်း။ (မဿဲ ၁၂း၁၈-၂၁)

ဘုရားသခင်၏ မျှတ၍ သိမ်မွေ့သောတရားစီရင်မှုသည် ယုံကြည်ကိုးစားမှုများကို ပေါက်ပွားလာစေပါသည်။

ကိုယ်မြေ၌ဖြစ်သော စပါးကိုရိတ်သောအခါ၊ လယ်ထောင့်တို့ကို အကုန်အစင် မရိတ်ရ။ သိမ်းရာတွင် ကျန်ကြွင်းသောအရာကို ပြန်၍ မကောက်မသိမ်းရ။ ကိုယ်စပျစ်သီးကိုလည်း အကုန်အစင် မသိမ်းရ။ ကျန်ကြွင်းသော

အသီးကို ပြန်၍မဆွတ်ရ။ ထိုအသီးကို ဆင်းရဲသောသူ ဧည့်သည် အာဂန္တု အဘို့ ချန်ခြွင်းရမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ (ဝတ်ပြု ရာကျမ်း ၁၉း၉-၁၀)

ရှေးလူ့ဘောင်အဖွဲ့အစည်းတွင်၊ ချို့တဲ့နေသူများတို့အဖို့ အထောက်အကူဖြစ်စေမည့် စည်းကမ်းချက်များကို ဘုရားသခင် ချမှတ်ပေးတော်မူခဲ့ပါသည်။

သင်၏ ပြည်၌ တည်းနေသောဧည့်သည်ကို မညှဉ်းဆဲရ။ သင်နှင့်အတူနေသောဧည့်သည်ကို ကိုယ်အမျိုးသားချင်းကဲ့သို့ မှတ်ရမည်။ ကိုယ်နှင့်အမျှချစ်ရမည်။ သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ။ ငါသည် သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။ တိုင်းထွာသောအမှု၊ ချိန်တွယ်သောအမှု၊ ခြင်တွက်သောအမှု၌ မတရားစွာမပြုရ။ မှန်သောချိန်ခွင်၊ မှန်သောအလေး၊ မှန်သောဖော၊ မှန်သောဟိန်တို့ကို သုံးရမည်။ ငါသည် သင်တို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။ (ဝတ်ပြုရာကျမ်း ၁၉း၃၃-၃၆)

ဝတ်မွတ်သောသူတို့ကို တရားရှုံးစေခြင်းငှါလည်းကောင်း၊ ငါ၏လူမျိုးတွင် ဆင်းရဲသားတို့၏အခွင့်အရာကို ရုပ်သိမ်းခြင်းငှါလည်းကောင်း၊ မုတ်ဆိုးမတို့ကိုညှဉ်းဆဲ၍၊ မိဘမရှိသောသူတို့၏ ဥစ္စာကိုလုယူခြင်းငှါလည်းကောင်း၊ မတရားသဖြင့်စီရင်သောသူ၊ ကျပ်တည်းစွာသောမှတ်ချက်ကို မှတ်သားသောစာရေးတို့သည် အမင်္ဂလာရှိကြ၏။ (ဟေရှာယအနာဂတ္တိကျမ်း ၁၀း၁-၂)

လူအပေါင်းတို့ကို ဘုရားသခင်လက်ခံတော်မူသည်။ သူ၌ အပြင်လူဟူ၍ မရှိပါချေ။ ဆင်းရဲသားတို့၏အကျိုးကိုဖျက်၍ ကြွယ်ဝသောသူတို့၏အကျိုး ကိုဖြစ်ထွန်းစေသော လူသားတို့၏ စည်းမျဉ်းဥပဒေများ၊ စီးပွားရေးလုပ်ငန်းစဉ်များနှင့် အသင်းအဖွဲ့များတို့ကို ဘုရားသခင်သိတော်မူလေသည်။ ထိုသို့သောအမှုကို လုယူခြင်းအမှုဟူ၍ သူခေါ်ဆိုထားတော်မူသည်။ မတရားသော စီးပွားရှိရှိသမျှတို့ကို ကျမ်းစာတွင် ခိုးမှုအဖြစ် အနက်ဖွင့်ဆိုထားသည်။

အကျွန်ုပ်တို့သည် အစာရှောင်ခြင်း အကျင့်ကိုကျင့်သောအခါ၊ ကိုယ်တော်သည် အဘယ်ကြောင့်မြင်တော်မမူသနည်း။ အကျွန်ုပ်တို့သည် ခြိုးခြံစွာကျင့်သောအခါ၊ ကိုယ်တော်သည် အဘယ်ကြောင့် သိမှတ်တော်မမူသနည်းဟုဆိုသော်၊ သင်တို့သည် အစာရှောင်သောနေ့၌ ကိုယ်တိုင်ပျော်မွေ့၍၊ ကျွန်တို့ကိုပင်ပန်းစွာ လုပ်စေကြ၏။ သင်တို့သည် ငြင်းခုံရန်တွေ့လျက်၊ အဓမ္မလက်ဆုပ်နှင့်ထိုးလျက် အစာရှောင်ကြ၏။ မြင့်သောအရပ်၌ မိမိတို့အသံကို ကြားစေခြင်းငှါ၊ ယခုကာလအခါ အစာရှောင်ကြသည်မဟုတ်။ ငါနှစ်သက် သောအစာရှောင်ခြင်းသည် ထိုသို့သောလက္ခဏာရှိသလော။ လူသည် တရက်တွင် ခြိုးခြံစွာကျင့်ခြင်း၊ ကိုင်းပင်ကဲ့သို့ ဦးချခြင်း၊ အိပ်ရာဘို့ လျှော်တေ နှင့်ပြာကို ခင်းခြင်း၊ လက္ခဏာရှိလျှင်၊ အစာရှောင်ခြင်းဟူ၍၎င်း၊ ထာဝရဘုရားနှစ်သက်တော်မူသော နေ့ရက်ဟူ၍၎င်း မှည့်အပ်သလော။ ငါနှစ်သက်သော အစာရှောင်ခြင်းဟူမူကား၊ မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသောသူတို့ကိုလွှတ်ခြင်း၊ ထမ်းဘိုးရှိသမျှကို ချိုးခြင်းမဟုတ်လော။ မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ်အိမ် သို့ ဆောင်ခြင်း၊ အဝတ်မရှိသော သူကိုမြင်လျှင်၊ အဝတ်ကိုပေးခြင်း၊ ကိုယ်အသားကို မရှောင်ဘဲနေခြင်း မဟုတ်လော။ (ဟေရှာယအနာဂတ္တိကျမ်း ၅၈း၃-၇)

လိုနေသူများအား ကူညီမစခြင်းငှါ ကျွန်ုပ်တို့လျစ်လျူရှုထားပြီး ဘာသာရေးတစ်မျိုးတည်းကိုသာ ကျွန်ုပ်တို့လုပ်ဆောင်နေကြမည်ဆိုလျှင် ထိုဘာသာရေးသည် အဓိပ္ပါယ်မဲ့ ဖြစ်သွားလိမ့်မည်ဖြစ်သည်။ ယေရှုမိန့်တော်မူသည်မှာ၊ “ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်းရွက်၊ လျူရွက်မျိုးမှစ၍ မြက်ပင်အမျိုးမျိုးကို ဆယ်ဘို့တဘို့ လှူကြသည်တွင်၊ တရားသဖြင့်စီရင်ခြင်း၊ ဘုရားသခင်ကိုချစ်ခြင်းအမှုကိုကား လုပ်၍ထားကြ၏။ အရင်ဆိုသောအရာတို့ကို မလုပ်မထား၊ နောက်ဆိုသောအရာတို့ကို ကျင့်ရမည်။” (ရှင်လုကာခရစ်ဝင် ၁၁း၄၂)

တရားအမှုကို တရားသဖြင့်စီရင်ကြလော့။ သနားခြင်းကရုဏာစိတ်နှင့် တယောက်ကိုတယောက် ကျေးဇူးပြုကြလော့။ မိဘမရှိသောသူ၊ မုတ်ဆိုးမ၊ တကျွန်းတနိုင်ငံသား၊ ဆင်းရဲသားကို မညှဉ်းဆဲကြနှင့်။ တယောက်ကိုတယောက် မကောင်းသောအကြံကို မကြံကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသော်လည်း၊(ဇာခရိအနာဂတ္တိကျမ်း ၇း၉-၁၀)

အမျိုးမျိုးသော ညှဉ်းဆဲခြင်းအမှုများကိုသော်၎င်း၊ အခြားသူများအပေါ် အမြတ်ထုတ်ကြံစည်နေမှုများကိုသော်၎င်း ဘုရားသခင် အားပေးထောက်ခံတော်မမူပါချေ။

ငါ့ညီအစ်ကိုတို့၊ ဘုန်းကြီးတော်မူသော ငါတို့ သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအမှုမှာ၊ လူမျက်နှာကို ထောက်ခြင်းမရှိကြနှင့်။ ရွှေလက်စွပ်နှင့်တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကိုဝတ်၍ ဆင်းရဲသောသူနှစ်ဦးသည် သင်တို့၏ တရားစရပ်ထဲသို့ ဝင်သောအခါ၊ တင့်တယ်သောအဝတ်ကို ဝတ်ဆင်သောသူကိုကြည့်၍၊ ကောင်းမွန်သော ဤအရပ်မှာထိုင်ပါဟူ၍၎င်း၊ ဆင်းရဲသောသူကို၊ ဟိုမှာနေလော့၊ သို့မဟုတ်ဤအရပ်မှာ ငါ့ခြေတင်ခုံအောက်၌ ထိုင်လော့ဟူ၍၎င်း၊ သင်တို့သည် ပြောဆိုလျှင်၊ တဘက်၌ငဲ့ကွက်သောစိတ်ရှိ၍ မကောင်းသောအကြံအစည်နှင့်စီရင်သောသူ ဖြစ်ကြသည်မဟုတ်လော။ ငါချစ်သောညီအစ်ကိုတို့၊ နားထောင်ကြလော့။ လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်းရတနာကို ရတတ်စေခြင်းငှါ၎င်း၊ ဘုရားသခင်ကို ချစ်သောသူတို့အားပေးမည်ဟုဝန်ခံတော်မူသော နိုင်ငံတော်၏ အမွေခံဖြစ်စေခြင်းငှါ၎င်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော။ သင်တို့သည် ဆင်းရဲသောသူကို မထီမဲ့မြင်ပြုကြသည်တကား။ ငွေရတတ်သောသူတို့သည် သင်တို့ကို ညှဉ်းဆဲနှိပ်စက်ကြသည် မဟုတ်လော။ တရားပလ္လင်ရှေ့သို့ ဆွဲငင်ကြသည်မဟုတ်လော။ သင်တို့ကို သမုတ်သောနာမတော်မြတ်ကို သူတို့သည် ကဲ့ရဲ့ကြသည်မဟုတ်လော။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်လော့ဟု ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို သင်တို့

သည် စောင့်ရှောက်လျှင်၊ ကောင်းသောအကျင့်ကို ကျင့်ရာသို့ရောက်ကြ၏။ (ရှင်ယာကုပ်သြဝါဒစာ ၂း၁-၈)

ဘုရားသခင်သည် မျက်နှာလိုက်တတ်သောဘုရားမဟုတ်ပါ။ သူ၏ရှေ့တွင် ကျွန်ုပ်တို့ အားလုံးတန်းတူပင်ဖြစ်သည်။ "အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။" (တမန်တော်ဝတ္တု ၁၀း၃၄)

ခမည်းတော်ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား၊ မိဘမရှိသောသူငယ်တို့နှင့် မုတ်ဆိုးမတို့သည် ဆင်းရဲခံရသောအခါ၊ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်းလောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း။ (ရှင်ယာကုပ်သြဝါဒစာ ၁း၂၇)

စစ်မှန်သောဘာသာတရားဟူသည် ဂိုဏ်းဂဏမဟုတ်။ အခမ်းအနားဝါဒ၊ တယူသန်ဝါဒနှင့် စိတ်ခံစားမှုသို့ဦးတည်သောဝါဒ (သို့) အသင်းတော်ထုံးထမ်းစဉ်လာတစ်ခုလည်း မဟုတ်ပါ။

ထိုအခါ လကျာ်တော်ဘက်၌ရှိသော သူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အတို့ ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။ အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့သည်ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဘို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို ပြုကြ၏။ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်ဖုံး လွှမ်းကြ၏။ ငါသည် အနာရောဂါစွဲသောအခါ သင်တို့သည်ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာ နေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ဟု မိန့်တော်မူလျှင်၊ ဖြောင့်မတ်သောသူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။ ရေငတ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်

တော်ကို သောက်ဘို့ပေးပါသနည်း။ ဧည့်သည်ဖြစ် တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော်အား ပြုပါသနည်း။ အဝတ်အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကိုငင်း၊ ထောင်ထဲမှာ နေတော်မူသည်ကိုငင်း၊ အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ အထံတော်သို့ ရောက်ပါသနည်းဟု ပြန်၍ လျှောက်ကြသော်၊ မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတံ့။ (မသဲ ၂၅း၃၄-၄၀)

ယေရှု၏ ညီအစ်ကိုမောင်နှမဖြစ်ရန် လိုအပ်သည့်အရည်အချင်းများကား အဘယ်နည်း။ တစ်ခုတည်းသာရှိပါသည်။ ထိုအရာကား လူသားတစ်ဦးဖြစ်ဖို့ရန်သာ ဖြစ်သည်။ ကျွန်ုပ်တို့ရှိသမျှတို့သည် ယေရှု၏မိသားစုဝင်များပင်ဖြစ်ကြပေသည်။

ငါဆိုပြန်သည်ကား၊ လူများတို့သည်၊ အရှေ့အရပ်၊ အနောက်အရပ်မှလာ၍၊ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်တကွ လျောင်းရကြလတံ့။

———— ရှင်မဿဲခရစ်ဝင် ၈း၁၁

# ၂၃။ ဘုရားသခင်သည် စိတ်နှိမ့်ချတော်မူသည်။

ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးတွင် တန်ခိုးအကြီးဆုံးသူ ဖြစ်နေစဉ်တစ်ချိန် တည်းမှာပင်၊ စိတ်နှလုံး အနှိမ့်ချဆုံးသောသူလည်း ဖြစ်တော်မူသည်။

> ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက် ဝမ်းသာစရာသိတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သော အရှင်သည် သင်တို့အဘို့အလို့ငှါ ဘွားမြင်ခြင်းကိုခံတော်မူပြီ။ သင်တို့သည် အဘယ်နိမိတ်ဖြင့် သိရမည်နည်းဟူမူကား၊ သူငယ်သည်အဝတ်နှင့်ပတ်ရစ်၍ နွားစာခွက်၌ သိပ်ထားလျက်ရှိသည်ကို တွေ့ကြလိမ့်မည်ဟု ဆိုပြီးလျှင်၊ (ရှင်လုကာခရစ်ဝင် ၂း၁၀-၁၂)

အနိမ့်ကျဆုံးသော အဝင်လမ်းဖြင့် ကျွန်ုပ်တို့ကမ္ဘာကြီးထဲသို့ ဘုရားသခင် ဝင်ရောက်လာခဲ့သည်။ နွားစာခွက်ထဲတွင် လဲလျောင်းနေသည့် အပူအပင်ကင်းသောကလေးငယ်တစ်ဦးအဖြစ် သူဆင်းသက်လာခဲ့လေသည်။

> ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟု မိန့်တော်မူ၏။ (မဿဲ ၁၁း၂၈-၃၀)

ဘုရားသားတော်ယေရှုအကြောင်းကို ပိုမိုရှင်းလင်းစွာ ကျွန်ုပ်တို့ အဘယ်သို့ သိနိုင်ပါမည်နည်း။ ယေရှုက “ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။” ဟု မိန့်တော်မူခဲ့လေသည်။

ယေရှုကလည်း မြေခွေးသည် မြေတွင်းရှိ၏။ မိုဃ်းကောင်းကင်၌ ကျင်လည် သောငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား၊ ခေါင်းချရာမျှ မရှိဟု မိန့်တော်မူ၏။ (မသဲ ၈း ၂၀)

ဤတွင်၊ လူ့အသိုင်းအဝိုင်းမှ အဆင်းရဲဆုံးသောသူများဖြစ်ကြသည့် အိမ်ခြေမဲ့သူများတို့နှင့် ယေရှုတစ်ထပ်တည်းကျခဲ့ပါသည်။

ဆူးပင်နှင့်ရက်သော ဦးရစ်ကိုတင်ပြီးလျှင်၊ ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟု ကောင်းကြီးစကားကိုပြောကြ၏။ ခေါင်းတော်ကို ကျူလုံးနှင့်ရိုက်ခြင်း၊ တံထွေးနှင့်ထွေးခြင်း၊ ရှေ့တော်မှာ ဒူးထောက်၍ ပြပ်ဝပ်ခြင်းကိုလည်းပြုကြ၏။ ထိုသို့ ကိုယ်တော်ကို ပြက်ယယ်ပြုသည်နောက်၊ နီမောင်းသောအဝတ်ကိုချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီးလျှင်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှါ ထုတ်သွားကြ၏။ လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီးလျှင်၊ အဝတ်တော်ကို စားရေးတံချ၍ အသီးအသီးတို့အား ဝေဖန်ကြ၏။ ကိုယ်တော်နှင့်တကွ ထားပြနှစ်ယောက်တို့ကို လကျာ်တော်ဘက်၌တယောက်၊ လက်ဝဲတော်ဘက်၌တယောက်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ ထိုသို့ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်း သို့ရောက်သည်ဟုဆိုသော ကျမ်းစာချက်သည် ပြည့်စုံခြင်းသို့ရောက်သတည်း။ (မာကု ၁၅း၁၇-၂၀၊ ၂၄၊ ၂၇- ၂၈)

နိမ့်ကျစွာ ဖွားမြင်တော်မူခဲ့သည့်အချိန်မှစ၍ သူခိုးနှစ်ဦး၏အလယ်၌ ကပ်တိုင်တင်သတ်ခံခဲ့ရသည့်အချိန်အထိ ဘဝတစ်လျှောက်လုံးတွင် ဘုရားသားတော်ယေရှုအနေဖြင့် နူးညံ့သိမ်မွေ့ခြင်းသဘောနှင့် နှိမ့်ချခြင်းစိတ်သဘောများကို သာ အဆက်မပြတ် ထင်ရှားစေတော်မူခဲ့လေသည်။

အချင်းလူ၊ ကောင်းသောလမ်းကိုပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့်

ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရားတောင်းတော် မူသနည်း။ (မိက္ခာအနာဂတ္တိကျမ်း ၆း၈)

လူနှစ်ဦးသည် သဘောမတူလျှင်၊ ပေါင်းဘော်၍ ခရီးသွားနိုင်သလော။ (အာမုတ်အနာဂတ္တိကျမ်း ၃း၃)

ဘုရားသခင်နည်းတူ ကျွန်ုပ်တို့စိတ်နှလုံးနှိမ့်ချသည့်အခါ ထိုသခင်နှင့် စိတ်နှလုံးတညီတညွတ်တည်းဖြင့် ကျွန်ုပ်တို သွားလာကြလိမ့်မည်။

သိမ်မွေ့ရှင်ဘုရားသခင် ပြသတော်မူခဲ့သည့် နှိမ့်ချမှုကို ကျွန်ုပ်တို့စဉ်းစားဆင်ခြင်ကြည့်ကြသောအခါ၊ သူ၏ဖြူစင်ရိုးသားမှုအပေါ် ကျွန်ုပ်တို့အဘယ်သို့ သံသယဖြစ်စရာအကြောင်းရှိနိုင်ပါအုံးမည်နည်း။

ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။ ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ မတရားစွာ စီရင်ခြင်းအားဖြင့် သူ့ကို ထုတ်သွားကြ၏။ အသက်ရှင်သော သူတို့၏ နေရာမှ သူ့ကို သုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊ သူ၏အမျိုးအနွယ်ကို အဘယ်သူ ပြညွှန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကို ခံလေ၏။ ပြစ်မှားခြင်းကိုမပြု။ သူ၏နှုတ်၌ မုသာမရှိသော် လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှါ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေး၌ရှိ၏။

____ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၆-၉

# ၂၄။ ဘုရားသခင်သည် အစေခံတစ်ဦးဖြစ်သည်၊ ကျွန်သခင်တစ်ဦးမဟုတ်ပါချေ။

ယခုမှစ၍ ငါသည်သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား၊ ကိုယ်သခင်ပြုသောအမှုကိုမသိ။ သင်တို့ကို အဆွေဟူ၍ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။

____ ယောဟန် ၁၅း၁၅

ကျွန်ုပ်တို့၏ မျက်ကန်းယုံကြည်ခြင်းမျိုးကို ဘုရားသခင်အလိုမရှိပါချေ။ ကျွန်ုပ်တို့၏ မိတ်ဖွဲ့မှုကို သူလိုလားတော်မူသည်။ မိတ်ဆွေများနှင့် ကျွန်ုပ်တို့စကားပြောကြရာတွင် ဟိတ်ဟန်ဖြင့် ကျွန်ုပ်တို့စကားပြောလေ့မရှိကြပါ။ မိတ်ဆွေအရင်းအချာတစ်ဦးကဲ့သို့ပင် မိမိအား ပွင့်လင်းရိုးသားစွာ စကားပြောရန် ကျွန်ုပ်တို့အား ဘုရားသခင်အလိုရှိသည်။ ဤသည်မှာ ဆုတောင်းခြင်း၏ စစ်မှန်သောအနက်အဓိပ္ပါယ်ပေတည်း။ စဉ်းစားဆုံးဖြတ်နိုင်းသည့် စွမ်းရည်နှင့်တကွ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားတော်မူပြီး၊ ထိုစွမ်းရည်ကို လက်တွေ့အသုံးချဖို့ ကျွန်ုပ်တို့အား သူခေါ်ဖိတ်နေပါသည်။ “ထာဝရဘုရားမိန့်တော်မူ သည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့(စဉ်းစားဆင်ခြင်ကြကုန်အံ့)။” (ဟေရှာယ ၁း၁၈)

ယေရှုသည် ထိုသူတို့ကိုခေါ်တော်မူ၍၊ သင်တို့ သိသည်အတိုင်း လောကီမင်းတို့သည်အစိုးတရ ပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနှင့်။ လူသားသည် သူတပါးကို စေစားခြင်းငှါ မလာ၊ သူတပါးအစေကို ခံခြင်းငှါငှင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါငှင်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏။ (မဿဲ ၂၀း၂၅-၂၈)

သူတပါး၏အစေကို ခံခြင်းငှါ မိမိကိုယ်ကို စွန့်တော်မူခဲ့ခြင်းဖြင့် အသက်တာ၏ စည်းမျဉ်းဥပဒေသကို ယေရှုပြသပေးတော်မူခဲ့ပါသည်။

> ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို ဟောလျက်၊ လူတို့တွင်အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ ဂါလိလဲပြည် တပြည်လုံးကို ဒေသစာရီလှည့်လည်တော်မူ၏။ သိတင်းတော်သည်လည်း ရှုရိပြည်၌ အနှံ့အပြားကျော်စောသည်ဖြစ်၍ နတ်ဝင်သောသူ ဝက်ရူးစွဲသောသူ၊ လက်ခြေသေသောသူမှစသော အထူးထူးအပြားပြားသော အနာရောဂါစွဲ၍ မကျန်းမမာသောသူရှိသမျှတို့ကို အထံတော်သို့ဆောင်ခဲ့ကြ၍၊ သူတို့၏အနာရောဂါကို ငြိမ်းစေတော်မူ၏။ ဂါလိလဲပြည်၊ ဒေကပေါလိပြည်၊ ယေရှုရှလင်မြို့မှစသော ယုဒပြည်၊  ယော်ဒန်မြစ်တ ဘက်မှလာသော လူများအပေါင်းတို့သည် နောက်တော်သို့လိုက်ကြ၏။ (မသဲ ၄း ၂၃-၂၅)

> နူနာစွဲသောသူတယောက်သည် အထံတော်သို့လာ၍ ဒူးထောက်လျက်၊ ကိုယ်တော်အလိုရှိလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်တော်မူသည်ဟု တောင်းပန်လေ၏။ ယေရှုသည် သနားသောစိတ်ရှိသဖြင့် လက်တော်ကို ဆန့်၍ ထိုသူကိုတို့လျက်၊ ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ ရောက်စေဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသည်ခဏခြင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်လေ၏။ (မာကု ၁း၄၀-၄၂)

အလုံးစုံသော ဒုက္ခဝေဒနာများတို့ကို သက်သာပျောက်ကင်းစေခြင်းငှါ၊ စေတနာမေတ္တာဖြင့် မမောတမ်းမပန်းတမ်း ယေရှုအလုပ်ကြိုးစားခဲ့လေသည်။ သူ၏အာရုံစိုက်မှုနှင့် သူ၏မေတ္တာဖြင့်စောင့်ရှောက်မှုကို လူအပေါင်းတွေ့ကြုံခံစားခဲ့ရကြသည်။ “သူ၏သက်သေခံချက်မှန်သည်ကို ငါတို့သိကြ၏။ ယေရှုပြုတော်မူသော အခြားအမှုအရာအများရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီး အခြားရေး

ထားလျှင်၊ မြေကြီးမဆုံနိုင်အောင် ကျမ်းစာများပြားလိမ့်မည်ဟု ထင်မှတ်ခြင်းရှိ ၏။" (ယောဟန် ၂၁း၂၅)

> ခမည်းတော်သည် အလုံးစုံတို့ကို သူ၏လက်သို့အပ်ပေးတော်မူသည်ကို၎င်း၊ သူသည်ဘုရားသခင့်ထံတော်မှ ထွက်လာသည်ကို၎င်း၊ ဘုရားသခင့်ထံတော်သို့ ကြွသွားမည်ကို၎င်း ယေရှုသည်သိတော်မူသည်နှင့်၊ စားပွဲမှထ၍ ဝတ်လုံတော်ကိုချွတ်ပြီးလျှင်၊ ပုဝါကိုယူ၍ ခါးကိုစည်းတော်မူ၏။ ထိုနောက်မှ ရေကို အင်တုံ၌လောင်း၍ တပည့်တော်တို့၏ခြေကို ဆေးပြီးမှခါး၌စည်းထားသောပုဝါနှင့် သုတ်တော်မူ၏။ (ယောဟန် ၁၃း၃-၅)

စီရင်ခြင်းနှင့် ကပ်တိုင်တင်ကွပ်မျက်ခြင်းမခံရမှီ နာရီပိုင်းအလိုတွင် စားပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့ကြသည်ဖြစ်ရာ၊ ထိုညစာစားပွဲတွင် "မျှော်လင့်မထားသည့်အဖြစ်အပျက်" တစ်ရပ် ဖြစ်ပျက်သွားခဲ့လေသည်။ ထိုသို့ ဖြစ်ပျက်နေစဉ် တပည့်တော်များတို့၏စိတ်ထဲတွင် အဘယ်အရာများဖြစ်ပျက်နေခဲ့သည်ကို လုကာကျမ်းတွင် အသေးစိတ်ဖေါ်ပြထားပေးပါသည်။ "ထိုမှတပါး တပည့်တော်တို့သည် မိမိတို့တွင် အဘယ်သူသည် သာ၍ ကြီးမြတ်သနည်းဟု အချင်းချင်းငြင်းခုံခြင်း ရှိသည်ဖြစ်၍၊" (လုကာ ၂၂း၂၄)

နောက်ခံအကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ မိမိကိုယ်ကို ဘုရားသခင်ထံမှ ကြွလာသောသူဖြစ်သည်ကို ယေရှုသိရှိနေခဲ့လေသည်။ ခပ်သိမ်းသောအရာတို့သည် သူ၏လက်ထဲတွင်ရှိနေခဲ့သည်။ တနည်းဆိုရသော်၊ မိမိကိုယ်ကို ဘုရားတန်ခိုးတော်အပေါင်းနှင့် ပြည့်ဝသော ဘုရားဖြစ်မှန်း ယေရှုသိရှိနေခဲ့ပါသည်။ မိမိတပည့်တော်များ၏စိတ်ထဲတွင်၊ အဘယ်သူသည် နိုင်ငံတော်၌ အကြီးဆုံးသောသူဖြစ်မည်နည်းဆိုသည့် အငြင်းပွားမှုကြီးတစ်ရပ် ဖြစ်ပေါ်နေသည်ကိုလည်း ယေရှုသိရှိနေခဲ့သည်။ ယေရှု အဘယ်သို့ပြုတော်မူခဲ့ပါသနည်း။ "ဝတ်လုံ တော်ကို ချွတ်ပြီးလျှင်၊ ပုဝါကိုယူ၍ ခါးကိုစည်းတော်မူ"လျှက်၊ မိမိတို့ကိုယ်ကို ရှေ့တန်းတင်ကြသည့် တပည့်တော်များတို့၏ခြေကို ဆေးပေးတော်မူခဲ့ပါသည်။ (သူတို့၏ယဉ်ကျေးမှုအရဆိုလျှင် ခြေဆေးသောအလုပ်သည် အိမ်ကျွန်တစ်ဦး၏အလုပ်ဖြစ်သည်။)

ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့ သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။

_____ ဖိလိပ္ပိသြဝါဒစာ ၂း၅-၇

# ၂၅။ သင့်အား ဘုရားသခင်အကြွင်းမဲ့ချစ်တော်မူသည်။

> မိန်းမသည် မိမိဘွားသောသားကို မသနားသည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း၊ သင့်ကို ငါမမေ့လျော့။ ငါသည် ကိုယ်လက်ဝါး၌ သင့်ကိုစာထိုးပြီ။ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။
>
> ____ ဟေရှာယအနာဂတ္တိကျမ်း ၄၉း၁၅-၁၆

ကျွန်ုပ်တို့အား ဘုရားသခင်စွန့်ပစ်ပြီဟူ၍ ကျွန်ုပ်တို့ခံစားမိသည့်အချိန်မျိုး ရှိဖူးပေလိမ့်မည်။ သို့ရာတွင် ခံစားမှုများသည် အမြဲတမ်း အမှန်မဖြစ်နိုင်ပါချေ။ ကျွန်ုပ်တို့အား မေ့လျော့ထားမည်မဟုတ်ကြောင်း ဘုရားသခင်မိန့်ထားခဲ့လေသည်။ “စာငှက်ငါးကောင်ကို အသပြာနှစ်ပြားအဘိုးနှင့် ဝယ်ရသည်မဟုတ်လော။ ထိုစာငှက်တကောင်ကိုမျှ ဘုရားသခင်မေ့လျော့တော်မမူ။ သင်တို့ ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။ ထိုကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက်သာ၍ မြတ်ကြ၏။” (လုကာ ၁၂း ၆-၇)

> အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင် ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသောဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။ (ရောမသြဝါဒစာ ၈း၃၈-၃၉)

ဘုရားသခင်၏မေတ္တာတော်ကို ပုံကြီးချဲ့ဖို့ ဖြစ်နိုင်မည်မဟုတ်ပါချေ။ သူ၏မေတ္တာတော်ကို ကျွန်ုပ်တို့ကြိုးစားဖေါ်ထုတ်၍ မကုန်နိုင်ပါချေ။

> ဘုရားသခင်၏ သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ (၁ ယော ၃း၁)

မိမိအား ကောင်းကင်ဘုံ၌ရှိသော အဘခမည်းတော်အဖြစ် အသိအမှတ်ပြု လက်ခံကြဖို့ ကျွန်ုပ်တို့အား ဘုရားသခင်မျှော်လင့်ထားသည်။ ထိုသို့အသိအမှတ်ပြု ကြလျှင်၊ ဘုရားသခင်၏သားသမီးများအဖြစ် ကျွန်ုပ်တို့ခံစားရမည့် အမွေအနှစ်ကို ကျွန်ုပ်တို့သိမြင်လာရပါလိမ့်မည်။

> သင်တို့သည် ဤသူငယ်တစုံတယောက်ကို မထီမဲ့မြင်မပြုမည်အကြောင်း သတိရှိကြလော့။ ငါဆိုသည်ကား၊ သူတို့၏ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏မျက်နှာတော်ကိုအစဉ်မပြတ် ဖူးမြင်ကြ၏။ ထိုမှတပါး လူသားသည်ပျောက်သောသူတို့ကို ကယ်တင်အံ့ သောငှါ ကြွလာသတည်း။ အဘယ်သို့ထင်ကြသနည်း။ သိုးတရာရှိသော သူ၌ သိုးတကောင်သည်လမ်းလွဲ၍ပျောက်လျှင်၊ ထိုသူသည် ကိုးဆယ်ကိုး ကောင်သောသိုးတို့ကို တောင်ပေါ်မှာထားခဲ့ပြီးမှ၊ လမ်းလွဲ၍ပျောက်သော သိုးတကောင်ကို သွား၍ရှာတတ်သည် မဟုတ်လော။ တွေ့ပြီးလျှင်၊ လမ်း မလွဲ၍မပျောက်သောသိုး ကိုးဆယ်ကိုးကောင်၌ ဝမ်းမြောက်ခြင်းရှိသည် ထက်၊ ထိုသိုး တကောင်၌ သာ၍ဝမ်းမြောက်ခြင်းရှိသည်ဟု ငါအမှန်ဆို၏။ ထို နည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ် တယောက်ကိုမျှ ပျက်စီးစေ ခြင်းငှာ အလိုတော်မရှိ။ (မဿဲ ၁၈း၁၀-၁၄)

ပလ္လင်ပေါ်၌ စံမြန်းသည့် မာနအကြီးဆုံးသော ကေရာဇ်မင်းမှစ၍ လမ်း ပေါ်တွင် တောင်းစားနေရသည့် အဆင်းရဲဆုံးသူဖုန်းစားအထိ၊ ခပ်သိမ်းသော လူသတ္တဝါအပေါင်းတို့သည် ဘုရားသခင်ရှေ့တွင် အဖိုးထိုက်တန်ကြသည်။ အဘယ် မျှ အဖိုးထိုက်တန်ပါသနည်း။ ကယ်တင်တော်မူသော ရန်ငြိမ်းခြင်းတရားကို လိုလားသည့် မြေကြီးသားတစ်ဦးတည်းရှိခဲ့လျှင်၊ ထိုတစ်ဦးတည်းသောသူအဖို့ ကောင်းကင်ကိုစွန့်ခွါ၍ ဘုရားသခင် လာရောက်အသေခံတော်မူမည်ဖြစ်ပါသည်။

> ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ် စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူး ကို သင်၌ကြာ မြင့်စွာပြု၏။ ____ ယေရမိအနာဂတ္တိကျမ်း ၃၁း ၃

# ၂၆။ ဘုရားသခင်၏နိုင်ငံတော်

ကောင်းကင်နိုင်ငံတော်သည် မျက်မြင်သောအရာ၌မတည်။ ဤအရပ်၌ ကြည့်ပါ။ ထိုအရပ်၌ ကြည့်ပါဟု ပြောစရာအခွင့်မရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့၏အထဲ၌ရှိသည်ဟု မိန့်တော်မူ၏။ _____ ယေရှု (လုကာ ၁၇း၂၀-၂၁)

ဤကမ္ဘာလောကရှိ တိုင်းနိုင်ငံများနှင့် အဖွဲ့အစည်းများတို့တွင် မျက်မြင်ရသောအုပ်ချုပ်မှုပလ္လင် (သို့) ဌါနချုပ်များ အသီးသီးတည်ရှိနေကြလေသည်။ ဘုရားသခင့်နိုင်ငံတော်ကိုမူ မျက်မြင်သောအရာများတွင် ကျွန်ုပ်တို့ ရှာတွေ့နိုင်ကြလိမ့်မည်မဟုတ်ပါချေ။ ကျွန်ုပ်တို့၏ အတွင်းစိတ်နေရာတွင် အစားထိုးဝင်ရောက်လာ သည့်၊ ဘုရားသခင်နှင့် လူသားများအဖို့ ကျွန်ုပ်တို့နှလုံးသားအတွင်း၌ တည်ရှိနေ သည့် မေတ္တာတရား၌သာ ထိုနိုင်ငံတော်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါမည်။

ထိုမှတပါး ဘုရားသခင်၏နိုင်ငံတော်ကို အဘယ်သို့ပုံပြရအံ့နည်း။ အဘယ်ဥပမာနှင့် ခိုင်းနှိုင်းရအံ့နည်း။ (မာကု ၄း၃၀)

လောကတိုင်းနိုင်ငံများနှင့်သာ အကျွမ်းတဝင်ရှိနေကြသော လူသားများတို့အား ဘုရားသခင့်နိုင်ငံတော်၏ တိကျသည့်ပုံသဏ္ဌာန်တော်ကို လူ့ဘာသာစကားဖြင့် ဖော်ပြပေးရန် အလွန်ပင်ခက်ခဲလှပါပေသည်တကား။

ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ (ယောဟန် ၃း၃)

ဝိညာဉ်နှင့်ဆိုင်သောအရာများကို လူများနားလည်အောင် ပြုလုပ်ပေးရသည့်အလုပ်ကား သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ပင်ဖြစ်ပေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ညင်သာသိမ်မွေ့သော ဩဇာလွှမ်းမိုးမှုကို ကျွန်ုပ်တို့ခေါင်းဖိတ်လက်ခံကြသည့်အခါ၊ ဝိညာဉ်ပကတိသဘောကို ကျွန်ုပ်တို့ ရရှိလာကြမည်ဖြစ်ပြီး ဘုရားသခင်၏နိုင်ငံတော်ကို ကျွန်ုပ်တို့တွေ့မြင် (သို့) နားလည်လာရလိမ့်ဖြစ်ပါ

သည်။ ထိုညာဉ်ပကတိအားဖြင့် အမြင်ပြောင်းလဲသွားခြင်းအရာသည် ရန်ငြိမ်းခြင်းအကြောင်းကိုဖြစ်စေလျက်၊ အသက်ကိုပေးစွမ်းစေကာ၊ ကျွန်ုပ်တို့အား "ဒုတိယမွေးခြင်း"ခံသောသူအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ထင်ထားသည်နည်းတူ သာသနာ့ဘောင်အတွင်းဘက်၌သာ အလုပ်လုပ်နေတော်မမူပါချေ။ လူသားတို့၏ နောက်ကြောင်းရာဇဝင်၊ နေထိုင်ရာနေရာ (သို့) ခံယူချက် စသည်တို့ကိုရှုမှတ်တော်မမူပဲ လူသားအပေါင်းတို့အား သူ စကားပြောတော်မူသည်။ ဘာသာမဲ့များပင်လျှင်၊ မိမိတို့နှလုံးသား၌ သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုကို ခံနိုင်ရည်စွမ်းမရှိကြပါချေ။ ကျွန်ုပ်တို့တွင်ရှိတတ်သည့် မျက်နှာလိုက်မှုမျိုး ဘုရားသခင်၌ မရှိပါချေ။ သူ၏တည်ရှိမှုကို မယုံကြည် လက်မခံသောသူအပေါ်၌လည်း စိတ်မကျေမနပ်ဖြစ်တော်မမူပါ။

သန့်ရှင်းသောဝိညာဉ်တော်က ပွင့်ပြနားလည်ခွင့်ပေးသည့် ဝိညာဉ်ရေးရာများတို့သည် အသိဉာဏ်ကို ပေးစွမ်းရုံမျှမက၊ စိတ်နှလုံးပြောင်းလဲခြင်းကိုလည်း ဖြစ်စေပါသည်။ ဥပမာ၊ ကြင်နာသနားတတ်ပြီး၊ ရက်ရောတတ်သော မယုံကြည်သူ (သို့) ဘုရားမဲ့တစ်ဦးသည် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်နေသည့် စိတ်နှလုံးခိုင်မာသော ဘာသာရေးသမားတစ်ဦးထက် သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုအပေါ် ပိုမိုစိတ်ပါဝင်စားမှုရှိပြီး၊ ဘုရားသခင်၏နိုင်ငံတော်နှင့် ပိုမိုနီးစပ်မှုရှိနေလေသည်။ မိမိ၏တည်ရှိမှုအပေါ် မယုံကြည်သောသူတစ်ဦးတစ်ယောက်အား စိတ်ပြောင်းလဲအောင်ပြုလုပ်ရသည့် အလုပ်နှင့်၊ စိတ်နှလုံးမာကြောသောသူအား စိတ်ပြောင်းလဲအောင်ပြုလုပ်ရသည့် အလုပ်၊ - ဤအလုပ်နှစ်ခုတွင် ဘုရားသခင်အဖို့ လုပ်ဆောင်ရန်ပိုမိုခက်ခဲမည့်တစ်ခုကား အဘယ်နည်း။

> ထိုအခါသူငယ်တို့ကို လက်တော်နှင့်တို့စေခြင်းငှါ အထံတော်သို့ ဆောင်ခဲ့သည်ဖြစ်၍၊ တပည့်တော်တို့သည် ဆောင်ခဲ့သောသူတို့ကို အပြစ်တင်ကြ၏။ ယေရှုသည်မြင်တော်မူလျှင် အမျက်တော်ထွက်၍၊ ထိုသူငယ်တို့ကို ငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်၏။ ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို သူငယ်ကဲ့သို့မခံယူ၊ ထိုသူသည် နိုင်ငံတော်သို့မဝင်ရဟု မိန့်တော်မူပြီးမှ၊ (ရှင်မာကုခရစ်ဝင် ၁၀း၁၃-၁၅)

ဘုရားသခင်နှင့် သူ၏နိုင်ငံတော်အကြောင်းကို သင်ယူမှုပြုရာတွင် အခက်ခဲဆုံးအပိုင်းကား သင်ယူခြင်းအပိုင်းမဟုတ်ပဲ၊ မှားယွင်းမှုအား စွန့်ပယ်ရသည့်အပိုင်းသာဖြစ်သည်။ အများသောသူတို့သည် ဘုရားသခင်၏ရုပ်ပုံလွှာ ဖေါ်ဆောင်ရေးကဏ္ဍများတွင် ကြီးကြီးမားမား ရင်းနှီးမြုပ်နှံမှုများပြုလုပ်နေကြသည်။ မိမိတို့ဖေါ်ဆောင်လိုက်သည့် ထိုရုပ်ပုံလွှာသည် မှားယွင်းသောရုပ်ပုံလွှာတစ်ခု ဖြစ်နေခဲ့လျှင်၊ ၎င်းအား စွန့်ပယ်ရန် သူတို့အဖို့ အထူးသဖြင့်ခက်ခဲသွားနိုင်သည်။ ဘုရားသခင်၏ မှားယွင်းသောရုပ်ပုံလွှာတစ်ခုသည် ရေပန်းစားနေသည့် ဘာသာရေးလောကထဲတွင် အချိန်ကြာမြင့်စွာ နစ်မြုပ်နေလျက်ရှိသည်ဖြစ်ရာ၊ ဘုရားသခင်နှင့် သူ၏နိုင်ငံတော်အကြောင်းကို သင်ယူမှုပြုရာတွင် ထိုမှားယွင်းမှုကြီးက အကြီးမားဆုံးသောအတားအဆီးတစ်ခုအဖြစ် ရပ်တည်နေလျက်ရှိပါသည်။ နှိုင်းယှဉ်ကြည့်လျှင်၊ ကလေးငယ်များတို့သည် ဘုရားသခင်၏ မှားယွင်းသောရုပ်ပုံလွှာနှင့် အထိအတွေ့ပိုနည်းပြီး၊ သိမ်မွေ့ရှင်ဘုရားသခင်အကြောင်းနှင့် ပတ်သက်သည့်အမှန်တရားကိုလက်ခံရန် သူတို့အဖို့ ပိုမိုလွယ်ကူနေပါသည်။

> ထိုအခါ တပည့်တော်တို့သည် ချဉ်းကပ်၍ ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည်သာ၍ကြီးမြတ် ပါအံ့နည်းဟု မေးလျှောက်ကြသော်၊ သူငယ်တယောက်ကိုခေါ်တော်မူ၍၊ တပည့်တော်တို့အလယ်၌ထားပြီးမှ၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ။ ထို့ကြောင့် အကြင်သူသည် ဤသူငယ်ကဲ့သို့ မိမိကိုမိမိနှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်။ (ရှင်မသဲခရစ်ဝင် ၁၈း၁-၄)

ကောင်းကင်နိုင်ငံတော်သည် လောကီနိုင်ငံများတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ထိုနိုင်ငံတော်တွင် မောက်မာခြင်း၊ ခြယ်လှယ်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ဂုဏ်ပြိုင်ဝါကြွားခြင်းများတို့အတွက် နေရာမရှိပါချေ။ ကျွန်ုပ်တို့တွင်၊ ကောင်းကင်အဖခမည်းတော်အပေါ် ကလေးကဲ့သို့သော ကိုးစားယုံကြည်မှုမျိုး ရှိဖို့လိုအပ်ပြီး၊ အသွန်သင်ခံလိုသောစိတ်မျိုး ရှိရပါမည်။

တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာကို တွေ့သောသူသည် တဖန်ဖုံးအုပ်၍၊ ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင်၊ ရတတ်သမျှကိုရောင်း၍ ထိုလယ်ကိုဝယ်တတ်၏။ တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် မြတ်သော ပုလဲတို့ကိုရှာသော ကုန်သည်နှင့်တူ၏။ ထိုကုန်သည်သည် အလွန်အဘိုးထိုက်သောပုလဲကိုတွေ့သောအခါ၊ သွား၍ မိမိ၌ ရတတ်သမျှကို ရောင်းပြီးလျှင် ထိုပုလဲကို ဝယ်လေ၏။ (ရှင်မဿဲခရစ်ဝင် ၁၃း၄၄-၄၆)

ဘုရားသခင်သည် အတ္တကင်းသော အဆုံးမဲ့မေတ္တာရှင်ဖြစ်ပြီး ဂရုဏာနှင့်ကြွယ်ဝတော်မူကာ ရက်ရောသောစိတ်ရှိသည့် ရာနှုန်းပြည့် ယုံကြည်စိတ်ချနိုင်သောဘုရားဖြစ်ကြောင်းကို ကျွန်ုပ်တို့နားလည်လာကြသည့်အခါ၊ သူ့နိုင်ငံတော်၏ ပုံသဏ္ဍာန်တော်ကို ကျွန်ုပ်တို့ ရှင်းလင်းစွာ သိမြင်နားလည်လာရကြလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့လက်ကိုင်ထားသည့် ဘုရားသခင်၏ မှားယွင်းသောရုပ်ပုံလွှာသည် အလျင်း အဓိပ္ပါယ်မရှိကြောင်း ကျွန်ုပ်တို့သိမြင်ကြလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်နှင့်သူ့နိုင်ငံတော်၏ ရုပ်ပုံလွှာအစစ်အမှန်ကို ဝယ်ယူနိုင်ရန် မှားယွင်းသောရုပ်ပုံလွှာကို ဝမ်းသာအားရစွာ ကျွန်ုပ်တို့ရောင်းထုတ်ပစ်ကြပါလိမ့်မည်။

ထိုသို့ ဆွေးနွေးငြင်းခုံကြသည်ကို ကျမ်းပြုဆရာတယောက်သည် ကြား၍၊ ကိုယ်တော်သည် လျောက်ပတ်စွာ ပြန်ပြောတော်မူသည်ကို သိမြင်လျှင် အထံတော်သို့ ချဉ်းကပ်၍၊ ပညတ်တကာတို့တွင် အဘယ်မည်သော ပညတ်သည် သာ၍မြတ်သနည်းဟု မေးလျှောက်သော်၊ ယေရှုက၊ ပညတ်တကာတို့တွင် အမြတ်ဆုံးသောပညတ်ဟူမူကား၊ အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ် နှင့်သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ်မရှိ ဟုပြန်၍မိန့်တော်မူ

၏။ ကျမ်းပြုဆရာကလည်း၊ အရှင်ဘုရား၊ အကယ်စင်စစ် ကိုယ်တော်သည် လျှောက်ပတ်စွာ မိန့်တော်မူပြီ။ ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်မှတပါး အခြားသောဘုရားသခင်မရှိ။ ထိုဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း၊ ကိုယ်နှင့်အမျှ ချစ်ခြင်းအကျင့်သည် မီးရှို့သောယဇ်ကောင်မှစ၍ ယဇ်အမျိုးမျိုးတို့ကို ပူဇော်ခြင်းအကျင့်ထက်သာ၍ မြတ်ပါသည်ဟု လျှောက်လေ၏။ ထိုသို့ ပညာသတိနှင့်ပြန်လျှောက်သည်ကို ယေရှုသည်သိမြင်လျှင်၊ သင်သည် ဘုရားသခင်၏နိုင်ငံတော်နှင့်မဝေးဟု မိန့်တော်မူ၏။ နောက်တဖန် အဘယ်သူမျှ မမေးမလျှောက်ဝံ့ကြ။ (ရှင်မာကုခရစ်ဝင် ၁၂း၂၈-၃၄)

ကျမ်းတတ်အား ယေရှုအားပေးတော်မူခဲ့လေသည်။ "သင်သည် ဘုရားသခင်၏နိုင်ငံတော်နှင့် မဝေး။" ထိုကျမ်းတတ်သည် ဝိညာဉ်ရေးရာ အမှန်တရားကို အများစုသောသူတို့ထက် ပိုမိုနားလည်နေခဲ့ပါသည်။ ကျမ်းစာကို လေးလေးနက်နက် သူဖတ်ရှုလေ့လာခဲ့ပြီး၊ ယေရှုပြတော်မူခဲ့သည့် မေတ္တာအခြေပြုပညတ်တော်မြင်ကွင်းတစ်ခုကို သူ အမိအရဆုပ်ကိုင်နိုင်ခဲ့ပါသည်။

မေတ္တာအခြေပြုပညတ်တော်တစ်မျိုးတည်းသာ တည်ရှိနေမည့် ကမ္ဘာသစ်တွင် အဘယ်သို့ဖြစ်မည်နည်း။ ဘုရားသခင်၏ အတ္တကင်းရှင်း သောမေတ္တာတော်သည် လူသားအပေါင်းတို့တွင် ရောင်ပြန်ဟတ်နေလိမ့်မည်ဖြစ်သည်။ လူအသီးသီးတို့သည် အချင်းချင်းတစ်ယောက်ကို တစ်ယောက် ချစ်ခင်တန်ဖိုးထားကြလိမ့်မည်ဖြစ်ပြီး၊ အချင်းချင်းတို့အား "ကိုယ်ထက်သာ၍ ကောင်းမြတ်သည်" ဟူ၍ သဘောထားတတ်လာကြလိမ့်မည်ဖြစ်သည်။ မှန်းဆမမှီနိုင်သော ပျော်ရွှင်မှုမျိုးနှင့် လုံခြုံမှုမျိုးသည် ထိုမြေပေါ်တွင် တည်ရှိနေလိမ့်မည်ဖြစ်ပါသည်။

ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကို ချစ်သော သူတို့အဘို့အလိုငှါ၊ ဘုရားသခင်ပြင်ဆင်တော် မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။

____ ၁ ကော ၂း၉

# ၂၇။ စစ်မှန်သောလွတ်လပ်မှုကို ကျွန်ုပ်တို့၌ ဘုရားသခင်ပေးအပ်ထားခြင်း

တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုငင်း၊ မိုဃ်းကောင်းကင်ငှက်တို့ ကိုငင်း၊ သားယဉ်တို့ကိုငင်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွား တတ်သောတိရိစ္ဆာန်အပေါင်းတို့ကိုငင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။

___ ကမ္ဘာဦးကျမ်း ၁း၂၆

ကမ္ဘာကြီးအား အုပ်စိုးရသောအခွင့်ကို လူသားများ၌ ပေးတော်မူခဲ့ရာတွင် ၎င်းအား အလွဲသုံးစားပြုဖို့ (သို့) အမြတ်ထုတ်ဖို့ ခွင့်ပြုမထားခဲ့ပါချေ။ အာဒံ၊ ဧဝနှင့် သူတို့၏ သားစဉ်မြေးဆက်များအနေဖြင့် ကမ္ဘာကြီးနှင့်တကွ ၎င်းတွင်နေထိုင်ကြ သောသတ္တဝါအပေါင်းတို့အား ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်ပေးဖို့ဖြစ်သည်။ "မြေကြီးကိုကား လူသားတို့ အားပေးတော်မူပြီး။"ဟု ကျမ်းစာတွင်ဖော်ပြထားသည်။ (ဆာလံ ၁၁၅း၁၆)။ ဘုရားသခင်သည် အတ္တဆန်ပြီး စည်းကမ်းတင်းကြပ်ပါသည်ဆို သည့်မုသားစကားကို ကျွန်ုပ်တို့၏မိဦးဖဦးတို့ ယုံစားခဲ့မိကြသည်ဖြစ်ရာ၊ သူတို့အား လိမ်လည်သူကြီး အနိုင်ရသွားခဲ့လေတော့သည်။ သူတို့၏စိတ်နှလုံးသည်လည်း ထိုသူ၏ လက်အောက်ခံဖြစ်သွားခဲ့ရသည်။ "အကြောင်းမူကား၊ လူကို နိုင်သောအ ရာသည် လူ၏သခင်ဖြစ်၏။" (၂ပေ ၂း၁၉)။ တစ်ချိန်က လွတ်ခြင်းအခွင့် ရရှိခဲ့ကြ သည့် အာဒံနှင့် ဧဝတို့အနေဖြင့် ယခုအချိန်တွင် မိမိသားသမီးများတို့နှင့်အတူ မကောင်းဆိုးဝါး၏ လက်အောက်ခံများ ဖြစ်လာခဲ့ကြလေတော့သည်။ အပြစ်၌ ကျရှုံးသည်နောက်၊ လူသားမျိုးနွယ်တစ်ရပ်လုံး မျှော်လင့်ချက်ကင်းမဲ့သွားခဲ့ရသည်။ စာတန်နှင့် ကျရှုံးသွားသောကောင်းကင်တမန်များနည်းတူ ရေပါပျက်စီးသွားရ တော့မည့် အခြေအနေတစ်ခုတွင်ရှိနေခဲ့သည်။

သို့ရာတွင်၊ သတင်းကောင်းတစ်ခုရှိနေခဲ့ပါသည်။ သူတို့နှင့် သူတို့၏သား စဉ်မြေးဆက်များအတွက် လွတ်မြောက်ရာလမ်းတစ်ခုကို ဘုရားသခင်ပြင်ဆင် တော်မူခဲ့ပါသည်။ ဤအရေးပေါ်အခြေအနေတွင် စာတန်အား အောက်ပါအတိုင်း ဘုရားသခင် မိန့်ကြားတော်မူခဲ့လေသည်။ "သင်နှင့်မိန်းမကိုငင်း၊ သင်၏အမျိုးအ

နွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငင်း ငါသည်ရန်ငြိုးဖွဲ့စေမည်။" (ကမ္ဘာဦးကျမ်း ၃း၁၅)။ ထိုရန်ငြိုးကား အဘယ်နည်း။

ကောင်းကင်တွင် စာတန်နှင့် သူ၏နောက်လိုက်များ ပုန်ကန်မှုပြုခဲ့ကြပြီး၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့နှင့် သူတို့လုံးဝအဆက်ပြတ်သွားခဲ့ရပါသည်။ ဘုရားသခင်၏မေတ္တာနှင့် ကောင်းမြတ်ခြင်းအား အတိုင်းအဆမရှိသူတို့တွေ့ကြုံခံစားခဲ့ရကြသည်။ သို့ရာတွင် မိမိတို့ကိုယ်ကို ဘုရားသခင်နှင့် သူတို့အဆက်ဖြတ်ပစ်လိုက်ကြသည့်အခါ သန့်ရှင်းသောဝိညာဉ်တော်အား သူတို့မကြားနိုင်ကြတော့ပါချေ။ မာနစိတ်တို့ဖြင့် မိမိတို့ကိုယ်ကို မိုက်မှောင်ဖုံးလွှမ်း သွားစေခဲ့ကြပြီး၊ ဖန်ဆင်းရှင်ထံ နောင်တစိတ်ဖြင့် သူတို့ပြန်လှည့်မလာနိုင်ကြတော့ပါချေ။

ဘုရားသခင်အား အတိုင်းအတာတစ်ခုအထိ ရင်းနှီးသိကျွမ်းထားပါလျက်နှင့် အာဒံနှင့် ဧဝတို့ အပြစ်လွန်ကျူးခဲ့မိကြသည်။ စာတန်၏လှည့်ဖျားခြင်းကိုခံခဲ့ရစဉ်၊ မိမိတို့၏ဖန်ဆင်းရှင်အား ငြင်းပယ်မည့်အမှုတွင် သူတို့ စဉ်းစဉ်းစားစားဆုံးဖြတ်ချက်မချခဲ့ကြပါချေ။ လူသားတို့၏ ဘုရားနှင့် ကွေကွင်းသွားခဲ့ရသည့် အခြေအနေတစ်ခုအတွက် ကုထုံးမရှိခဲ့ပါချေ။ ထိုစဉ်၊ စာတန်နှင့် မိန်းမ၏အမျိုးအနွယ်အား "ရန်ငြိုးဖွဲ့"စေမည်ဟူသော ဘုရားသခင်၏ကတိတော်တစ်ခုသည် ကမ္ဘာဘလောကကြီး တစ်ခုလုံးအဖို့ မူလဧဝံဂေလိသတင်းစကားတစ်ခု ဖြစ်လာခဲ့လေသည်။

သန့်ရှင်းသောဝိညာဉ်တော်အား မိမိတို့၏စိတ်နှလုံးဖြင့် ပြန်လည်တုံ့ပြန်မှုပေးနိုင်ရန်အလို့ငှါ အာဒံ၊ ဧဝနှင့် သူတို့၏သားစဉ်မြေးဆက်များတို့အား ဂရုဏာအပြည့်ဖြင့် ဘုရားသခင် မျှော်လင့်ချက်ပေးတော်မူခဲ့လေသည်။ လူသားတို့အားစာတန်လုံးလုံးလျားလျား ချုပ်နှောင်ထား၍ မရပါချေ။ ကျွန်ုပ်တို့အပေါ် စာတန်၏သြဇာလွှမ်းမိုးမှုအတိုင်းအတာကို ကန့်သတ်မှုပြုနိုင်ရန်နှင့်၊ ဖန်ဆင်းရှင်နှင့် ရန်ငြိမ်းခြင်းတရားကို ရရှိနိုင်ရန် ကျွန်ုပ်တို့အား လွတ်လပ်စွာရွေးချယ်ပိုင်သောအခွင့်ကို ဘုရားသခင် ဆက်လက်ပေးထားတော်မူခဲ့လေသည်။

> ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွတ်ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကိုပေး၍ အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသောသူ၏ အလိုတော်ကြောင့်သာ လိုက်ရ၏။ (ရောမသြဝါဒစာ ၈း၂၁)

> ထိုကြောင့် ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွှတ်ခြင်းအခွင့်၌တည်နေသဖြင့်၊ ကျွန်ခံရာထမ်းဘိုးကိုထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။ (ဂလာတိသြဝါဒစာ ၅း၁)

> ထိုကြောင့် သားသည် သင်တို့ကိုလွှတ်လျှင်၊ သင်တို့သည် ဧကန်အမှန်လွှတ်ကြလိမ့်မည်။ (ယောဟန် ၈း၃၆)

ထိုသို့မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်တည်းဟူ သော ခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်သည် အလင်းကိုမပေးစေခြင်းငှါ၊ ဤလောကကို အစိုးရသော ဘုရားသည်သူတို့၏ ဉာဏ်မျက်စိကိုကွယ်စေ၏။ မှောင်မိုက်ထဲက အလင်း ထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကိုသိသောဉာဏ်၏ အရောင်ကိုပေးလိုသောငှါ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော် မူ၏။ ( ၂ ကော ၄း၄၊ ၆)

ယေရှု၏ဧဝံဂေလိအား မိုက်မှောက်ဖုံးစေခဲ့ရာတွင် စာတန်အသုံးပြုခဲ့သည့် ကျင့်စဉ်ဝါဒ (Legalism) နှင့် ရှေ့နောက်မညီညွတ်မှု(inconsistency) အဖုံးအမည်းကြီးကို စွန့်ပယ်ဖို့နှင့်၊ သိမ်မွေ့ရှင်ဘုရားသခင်အပေါ် နားလည်မှုလွဲမှားသောသူ တစ်ဦးမဖြစ်ဖို့ ရွေးချယ်မှုပြုရမည့်အချိန်သည် ယခုပင် ရောက်ရှိနေလျက်ရှိပြီးဖြစ်သည်။

> ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်ဟု၊ ယုံကြည်သောယုဒလူတို့အား မိန့်တော်မူ၏။
> ____ ယေရှု (ယောဟန် ၈း၃၁-၃၂)

# အကျဉ်းချုပ်အညွှန်း

1. ကျမ်းစာ၏လက်တွေ့ကျမှုကို မှန်ကန်စွာ နားလည်သဘောပေါက်ခြင်း။ ကျမ်းစာ၏ ကိုယ်တိုင်အနက်ဖွင့်မှုနှင့် ကိုယ်တိုင်အနက်ပြန်ဆိုမှု။ (ဟေရှာယ ၁း၁၈၊ ၁ကော ၂း၁၃)
2. ကျွန်ုပ်တို့၏ အကျင့်အကြံများတွင် ဘုရားသခင်၏ အကျင့်အကြံများ ထင်ဟပ်မနေပါ။ (ဟေရှာယ ၅၅း၈-၉၊ ဆာလံ ၅၀း၂၁)
3. ဘုရားသခင်၏ဘုန်းတော်သည်ကား ထိုသခင်၏ စာရိတ္တတော်ပင်ဖြစ်သည်။ (ထွက် ၃၄း၆-၇၊ ၂ကော ၄း၄၊ ၆)
4. ဘုရားသခင်သည် ချစ်ချင်းမေတ္တာဖြစ်တော်မူ၏။ (၁ ယော ၄း၈၊ ၁၆)
5. ဘုရားသခင်၏ မေတ္တာသည် အတ္တသဘောကင်းစင်သည်။ (ယောဟန် ၃း၁၆-၁၇၊ ရောမ ၅း၈)
6. မေတ္တာတွင် လွတ်လပ်မှုရှိရန် လိုအပ်သည်။ (တရားဟော ၃၀း၁၉-၂၀၊ ယောဟန် ၈း၃၂၊ ၃၆)
7. ယေရှုသည် ဘုရားဖြစ်သည်။ (ယောဟန် ၁း၁-၃၊ ၁၄၊ ကောလောသဲ ၁း၁၃-၁၇)
8. ယေရှုသည် အရှင်းလင်းဆုံးသော ဘုရားသခင်၏ပုံတော်ဖြစ်သည်။ (ဟေဗြဲ ၁း၃)
9. ဘုရားသခင် ဘယ်အခါမျှပြောင်းလဲခြင်းမရှိပါ။ (မာလခိ ၃း၆၊ ဟေဗြဲ ၁၃း၈၊ ယာကုပ် ၁း၁၇)
10. ဘုရားသခင်သည် ဖန်ဆင်းရှင်၊ စောင့်ထိန်းရှင်ဖြစ်သည်။ ဖျက်စီးသူမဟုတ်။ (ကမ္ဘာ ၁း၁၊ ဆာလံ ၃၃း၆၊ ၉၊ ဟေဗြဲ ၁း၃၊ လုကာ ၉း၅၆၊ ယောဟန် ၁၀း၁၀)
11. ဘုရားသခင်၏ တန်ခိုးတော်အပေါ်မဟုတ်ပဲ၊ ထိုသခင်၏ အုပ်ချုပ်မှုစည်းမျဉ်းများအပေါ်၌သာ လူများသံသယဖြစ်နေကြပါသည်။ (ကမ္ဘာ ၃း၁-၅)
12. ဘုရားသခင်သည် မိမိနိုင်ငံတော်ကို မေတ္တာအခြေပြုဥပဒေပညတ်ဖြင့် အုပ်ချုပ်တော်မူသည်။ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်တော်မမူပါ။ (မသဲ ၂၂း၃၇-၄၀၊ ဂလာ ၅း၁၄၊ ၂၂-၂၃၊ ၁ ကော ၁၃)
13. ဘုရားသခင်သည် ဘယ်အခါမျှ ဖိအားပေးခြင်းမပြုပါ။ အကောင်းအားဖြင့် အဆိုးကို သူအနိုင်ယူသည်။ (မသဲ ၅း၄၃-၄၈၊ ရောမ ၁၂း၂၀-၂၁၊ လုကာ ၂၃း၃၄)

14. စာတန်သည် ဘုရားသခင်၏ရန်ဘက်ဖြစ်ပြီး၊ မုသာ၏အဘလည်းဖြစ်သည်။ (ယော ၈း ၄၄၊ ၂ကော ၁၁း၁၄၊ ဗျာဒိတ် ၁၂း၇-၉၊ ၁ပေ ၅း၈)
15. အပြစ်သည်ကား ဘုရားသခင်အား အတ္တဆန်သောဘုရား၊ ယုံကြည်၍မရသော သူအဖြစ် ရှုမြင်ခြင်းပင်ဖြစ်သည်။ ကမ္ဘာ ၃း၁-၅၊ ကောလောသဲ ၁း၂၁)
16. သေစေနိုင်သောအရာမှာ အပြစ်ပင်ဖြစ်သည်။ ဘုရားသခင်မဟုတ်ပါ။ (ရောမ ၆း၂၃၊ ယာကုပ် ၁း၁၃-၁၅)
17. ကျွန်ုပ်တို့ကိုစစ်ကြောစီရင်သောသူမှာ ဘုရားသခင်မဟုတ်ပဲ၊ ကျွန်ုပ်တို့ ကိုယ်တိုင်သာဖြစ်သည်။ (ယောဟန် ၃း၁၇-၂၁၊ ၅း၂၂၊ ၁၂း၄၄-၄၈၊ မသဲ ၇း၁-၅၊ လုကာ ၆း၃၇၊ ရောမ ၂း၁-၃)
18. ဧဝံဂေလိဟူသည် ဘုရားသခင်အကြောင်းသတင်းကောင်းပင်ဖြစ်သည်။ (၂ကော ၄း၃-၆၊ ဗျာဒိတ် ၁၄း၆-၇၊ လုကာ ၁၅း၁၁-၃၂၊ ယောဟန် ၃း၁၆-၁၇၊ ရောမ ၅း၈)
19. ကယ်တင်ခြင်းဟူသည် ကုသပျောက်ကင်းစေသော ရန်ငြိမ်းခြင်းတရားဖြစ်သည်။ ပညတ်ရေးရာ အမှုကိစ္စတစ်ခုမဟုတ်ပါချေ။ (မာကု ၂း၁၆-၁၇၊ လု ၄း၁၈-၁၉၊ တမန် ၂၈း၂၇၊ ၂ကော ၅း၁၈)
20. ဘုရားသခင်ကို သိကျွမ်းခြင်းသည် ထာဝရအသက်ဖြစ်သည်။ (ယော ၁၇း၃)



“အကျွန်ုပ်တို့ သိမ်မွေ့သိမ်မွေ့ရှင် ဘုရားသခင်၏ဆောင်ရွက်ချက်များ” စာအုပ်သည် သမ္မာကျမ်းစာမှ သိသာထင်ရှားသော သက်သေများကိုယူကာ ဘုရားသခင်အား မကြင်နာတတ်သော၊ ဝေဖန်တတ်သော၊ ထိန်းချုပ်တတ်သော၊ မတရားသော၊ စိတ်ဆတ်သော၊ ပြင်းထန်သောသူအဖြစ် မှားယွင်းစွာ စွတ်ဆွဲထားခြင်းမှ လွတ်မြောက်စေပါသည်။ သမ္မာကျမ်းစာတအုပ်လုံးကို မှန်ကန်စွာ နားလည်လျှင် ဘုရားသခင်သည် ၁ယော ၄း၈ တွင် ဖော် ပြထားသည့် “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏” ဟူသည့် အဆိုပြုချက်နှင့် ညီ ညွတ်မှုရှိသည်ကို သင်တွေ့ရှိရပေလိမ့်မည်။



စာရေးဆရာကိုယ်တိုင် သိမ်မွေ့သောဘုရားရှင်၏ ရုပ်ပုံလွှာကို သိမြင်နိုင်ဖို့ နှစ်ပေါင်း ၅၀ ကြာ လေ့လာမှုပြုလာခဲ့သည်။ ဇနီးဖြစ်သူ ဂျူလီနှင့်အတူ မီနယ်ဆိုးတာနယ်ရှိ မိမိတို့၏ “Walden-Inspired Cabin” (ခေါ်) သစ်သားအိမ်ငယ်လေးတွင် သူနေထိုင်သည်။ အမွေး အတောင်ရှိသော သတ္တဝါလေးများ၊ ခြေလေးချောင်းသတ္တဝါများတို့နှင့် အဖော်ပြုလျက် မီနယ်ဆိုးတာနယ်ရှိ မိမိတို့၏ကိုယ်ပိုင်အိမ်ကလေးတွင် စာရေးဆရာနှင့် ဇနီးဖြစ်သူတို့ ပျော်ရွှင်စွာနေထိုင်နေကြပါသည်။